# အင်တာနက်နှင့် အီးမေးလ်
## လွယ်ကူစွာအသုံးပြုခြင်း
# Using internet &E-mail UPDATE



သူရအောင်(B.C.Sc)

# အင်တာနက်နှင့် အီးမေးလ်

## လွယ်ကူစွာအသုံးပြုခြင်း

# Using internet & E-mail UPDATE



**သူရအောင် (B.C.Sc)**

# မာတိကာ


1. Internet သမိုင်းကြောင်း။

2. Web Browser များအကြောင်း ..........................................1
   website များကြည့်ရှုခြင်း။
   အသုံးကျသော website များ။
   website address များတည်ဆောက်ထားပုံ။

3. Search Engine များအကြောင်း။ ..........................................9
   website များ၊ ပုံများရှာဖွေကူးယူခြင်း။
   Google ၏အသုံးဝင်သော Service များ။

4. Google Earth ကိုလေ့လာခြင်း။ ..........................................20

5. E-mail လက်တွေ့အသုံးပြုခြင်း။ ..........................................21

6. Website များမှ ဖေဒင်လေ့လာခြင်း။ ..........................................31

7. Forum များကိုလေ့လာခြင်း။ ..........................................32

8. Web Chatting များကိုလေ့လာခြင်း။ ..........................................34

9. G-mail Account ပြုလုပ်၊အသုံးပြုခြင်း။ ..........................................36
   G-talk ကိုအသုံးပြု၍ စကားပြောခြင်း။

10.သီချင်းများကိုရှာဖွေနားထောင်ခြင်း။ ..........................................44

11.Download ပြုလုပ်ခြင်းများ။ ..........................................45
   သီချင်းများကို Download ကူးယူခြင်း။
   Virus Software များကို Download ပြုလုပ်ခြင်း။

12.Website Free Upload လုပ်ခြင်း။ ..........................................49

13.Blog ရေးသားခြင်း။ ..........................................53

14.Myanmar elibrary ..........................................57

15.QQ Chat အသုံးပြု၍စကားပြောခြင်း။ ..........................................58

16.International Chatting ပြောခြင်း။ ..........................................68

17.ooVoo Chat Download ပြုလုပ်အသုံးပြုခြင်း။ ..........................................72

18.VZO Chat Account ပြုလုပ်အသုံးပြုခြင်း။ ..........................................76

19.mIRC Chatting အသုံးပြုခြင်း။ ..........................................82

21.စွယ်စုံကျမ်းများကိုလေ့လာခြင်း။ ..........................................85

22.Emotional Sign များ။ ..........................................86


* * * * * * * *

## အင်တာနက်သမိုင်းကြောင်း

၁၉၅၅–ခုနှစ်လောက်မှာ အင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အမေရိကန်နှင့် ဆိုဗီယက်ယူနီယမ် စတဲ့နိုင်ငံတွေဟာ အာကာသကို စိုးမိုးရန်အတွက် အထူးကြိုးစားလာခဲ့ကြပါတယ်။ ၁၉၅၇–ခုနှစ်အရောက်မှာတော့ ဆိုဗီယက်ယူနီယမ်က ကမ္ဘာ့ဂြိုလ်ပတ်လမ်းမှာ "စပွန်းနစ်" ဆိုတဲ့ ဂြိုလ်တုကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပါတယ်။ အဲဒီအဖြစ်အပျက်တွေကို စိုးရိမ်မှုနှင့် အမေရိကန်ကလည်း ARPANet (Advanced Research Projects Agency) အဖွဲ့ကို ဖွဲ့စည်းပြီး နည်းပညာသစ်များရှာဖွေရေး၊ အာကာသဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးနှင့် စစ်ရေးအစီအမံများကို ကြိုးစားအကောင်ထည်ဖော်ရေး စတဲ့ဆုံးဖြတ်ချက်တွေကို ချမှတ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက တစ်ဦးချင်းအသုံးပြုနိုင်တဲ့ "ကွန်ပျူတာ" ဆိုတာ နောင်အနာဂတ်မှာ ဖြစ်လာနိုင်မယ်လို့ထင်ရတဲ့ အိပ်မက်မျှသာ ရှိပါသေးတယ်။

ကွန်ပျူတာချိတ်ဆက်မှု နည်းပညာရပ်များကို အမျိုးမျိုးလေ့လာစမ်းသပ်ရင်း ၁၉၆၉–ခုနှစ်မှာတော့ တက္ကသိုလ်ကြီးလေးခုမှ ကွန်ပျူတာစက်လေးလုံးကို ချိတ်ဆက်ခြင်းဖြင့် ARPANet ကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကွန်ပျူတာတွေအချင်းချင်း သတင်းအချက်အလက်တွေကို ပေးပို့နိုင်ဖို့အတွက် မက်ဆာချူးဆက်ပြည်နယ် ကင်းဘရစ်တက္ကသိုလ်မှ ကွန်ပျူတာသိပ္ပံပညာရှင် Ray Tomlinson က အီလက်ထရွန်းနစ်မေးလ်စနစ်ကို ချိတ်ဆက်ပြသခဲ့ပါတယ်။ သူဟာ e-mail အသုံးပြုတဲ့အခါမှာတော့ e-mail သင်္ကေတလေးကို @ (at) လို့ သတ်မှတ်ခဲ့ပါတယ်။

ပထမဆုံးသတ်မှတ်ချက် အခန်းတစ်ခုတည်းမှာ ချိတ်ဆက်ထားခြင်း LAN (Local Area Network) ဖြင့်စတင်ခဲ့ပြီး တစ်ခန်းနှင့်တစ်ခန်း၊ တစ်မြို့နှင့်တစ်မြို့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံစတဲ့ ချိတ်ဆက်မှုတွေကို စမ်းသပ်အောင်မြင်ခဲ့ကြပါတယ်။ Local အဆင့်မှ Global အဆင့်ထိအောင် (International Network) ချိတ်ဆက်ရင်း အင်တာနက်ဟာ ကျယ်ပြန့်လာခဲ့ကြပါတယ်။ ပထမဆုံး စီးပွားရေးလုပ်ငန်းရှင်များ ချိတ်ဆက်အသုံးပြုမှုနယ်ပယ်ဖြစ်တဲ့ (.com) ဆိုတဲ့နယ်ပယ် (domain) ကိုစတင်ပြီး မှတ်ပုံတင်ခဲ့ပါတယ်။

၁၉၈၁–ခုနှစ်မှာတော့ IBM ကုမ္ပဏီက ပထမဆုံးသော လူတစ်ဦးချင်းသုံးကွန်ပျူတာကို ထုတ်လုပ်ခဲ့ပါတယ်။ ၁၉၈၆–ခုနှစ်မှာ တပ်ဆင်ချိတ်ဆက်သူ ၅,၀၀၀၊ ၁၉၈၇–ခုနှစ်မှာ ချိတ်ဆက်သူ ၁၀,၀၀၀ ရှိလာခဲ့ပါတယ်။ ၁၉၈၉–ခုနှစ်မှာတော့ အင်တာနက်ချိတ်ဆက်သူ တစ်သိန်းဖြစ်လာခဲ့ပါတယ်။ အင်တာနက်ပေါ်မှာ မိမိလုပ်ငန်းနှင့်ပတ်သက်မှု (website) တွေကိုသွားရောက်ယူဆောင်ပေးတဲ့ Browser တွေပေါ်ပေါက်လာပါတယ်။ ပထမဆုံး Browser ကတော့ Netscape ဖြစ်ပြီး ၎င်းကို Jim Clark နှင့် Marc Andreesen တို့ကပြုလုပ်ခဲ့ပါတယ်။ website တွေမရေတွက်နိုင်အောင် များပြားလာတဲ့အတွက်လည်း Search Engine တွေထပ်ပြီး ပေါ်ပေါက်လာကြပါတယ်။ "Yahoo" Search Engine ကို စတင်းဖို့ဒ် တက္ကသိုလ်ကျောင်းသား David Filo နှင့် Jerry Yan တို့ကတီထွင်ခဲ့ပါတယ်။ ၁၉၉၁–ခုနှစ်မှာတော့ စာသားတစ်နေရာကို နှိပ်လိုက်တာနဲ့ နောက်ထပ် စာကိုပြောင်းလဲဖော်ပြပေးတဲ့ Gopherp စနစ် ပေါ်ပေါက်လာပါတယ်။

၁၉၉၆–ခုနှစ်မှာတော့ ၄၅ သန်းမျှသော ကမ္ဘာသူကမ္ဘာသားတွေဟာ အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြပါပြီ။ အင်တာနက်ချိတ်ဆက်အသုံးပြုသူ များလာတဲ့အလျောက် Google ,MSN,Altavista စတဲ့ Search Engine တွေလည်း ပေါ်ပေါက်လာပါတယ်။ ၂၀၀၀–ခုနှစ်နောက်ပိုင်းမှာတော့ အင်တာနက်ကို တစ်ကမ္ဘာလုံး ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာခဲ့ကြပါတယ်။ မိမိသိလိုတဲ့အကြောင်းအရာ ဘာကိုမဆို ကွန်ပျူတာရှေ့မှာတင် တစ်ထိုင်တည်းသိရှိနိုင်ပါပြီ။ ကမ္ဘာကြီးရဲ့ ဘယ်နားမှာဘဲရောက်နေရောက်နေ ဘယ်သူတွေနဲ့ ဘယ်လောက်ပဲဝေးနေဝေးနေ အခုကျွန်တော်တို့အတွက်တော့ နီးနီးလေးပါပဲ။ ကမ္ဘာကြီးဟာ ဘယ်အခြေအနေရောက်နေတယ်ဆိုတာ အင်တာနက်အသုံးပြုသူတွေကတော့ သိနေကြပါတယ်။

* * * * * * * *

## Web Browser များအကြောင်း။

Internet ပေါ်မှာရှိတဲ့ website တွေသွားရောက်ယူဆောင်ပေးတဲ့အလုပ်ကို လုပ်ဆောင်ပေးတာကတော့ Web Browser (Software)တွေပဲဖြစ်ပါတယ်။ Browser(Software) တွေအမျိုးမျိုးရှိပါတယ်။ ဥပမာ– Internet Explorer,Mozilla Firefox ,Opera

Internet အသုံးပြုမယ့်ကွန်ပျူတာမှာ Internet အသုံးပြုဖို့အတွက် Browser (Software) တစ်မျိုးရှိလျှင်အဆင်ပြေပါတယ်။ Internet Explorer ဆိုတဲ့ Browser (software) လေးကတော့ ကွန်ပျူတာတိုင်းမှာ ရှိတာမို့ လူတိုင်းအသုံးပြုနိုင်အောင် အဲဒီ Browser လေးနဲ့ပဲအသုံးပြုနည်းကို ပြောပြသွားပါမယ်။ ကျန်တာတွေနဲ့အသုံးပြုမယ်ဆိုရင်လည်းအတူတူပါပဲ။

ကဲ... Internet Explorer (software browser) ကိုအသုံးပြုပြီး website တွေကိုသွားယူပြီး ကြည့်ရအောင် website တွေကိုသွားမကြည့်ခင်မှာ website ရဲ့အကြောင်းကို အနည်းငယ်ရှင်းပြပါအုံးမယ်။

Website ဆိုတာ ပုံ၊ စာ၊ အသံ၊ လှုပ်ရှားမှုတွေပါတဲ့ စာမျက်နှာလေးတစ်ခုပါပဲ။ စာမျက်နှာလေးတစ်ခု ဆိုပေမယ့် တော်တော်လေး ရှုပ်ထွေးပါတယ်။ သူ့နောက်မှာ မမြင်ရသေးတဲ့စာမျက်နှာပေါင်း မြောက်များစွာရှိနေတတ်သေးလို့ပါပဲ။ Home Page လို့ခေါ်တဲ့ ပထမဆုံးစာမျက်နှာလေးမှာ အားလုံးကို တစ်ပြိုင်နက်တည်းဖော်ပြရန် မလောက်တဲ့အတွက် သူတို့နဲ့ပတ်သက်တဲ့ ခေါင်းစဉ်လေးတွေ၊ သရုပ်ပြပုံလေးတွေ အဖြစ်သာဖော်ပြထားပြီး (mouse) ဖြင့်နှိပ်လိုက်မှသာ ပတ်သက်ရာစာမျက်နှာသို့ ကူးပြောင်းပြီး အပြည့်အစုံကိုဖော်ပြပေးသည်။ ဒုတိယစာမျက်နှာကို ရောက်သွားပြန်တော့လည်း သူ့နောက်မှာ အကြောင်းအရာတွေ ထပ်ရှိနေတတ်ပါသေးသည်။ အဲလိုပဲ တစ်ဆင့်ပြီးတစ်ဆင့် ထပ်နှိပ်ပြီး ရှာဖွေကြည့်ရှုရမှာဖြစ်ပါတယ်။ ဝက်ပါကဲ့သို့ ရှုပ်ထွေးနေသောကြောင့်လည်း website ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ website တစ်ခုစီမှာ သူနဲ့သက်ဆိုင်တဲ့ address တွေရှိကြပါတယ်။ အဲဒါမှလည်း Internet မှ ခေါ်ကြည့်ရာမှာ အဆင်ပြေမှာဖြစ်ပါတယ်။

ကွန်ပျူတာမြင်ကွင်းပေါ်မှာရှိတဲ့ ပုံကို mouse ဖြင့် 2–ချက်နှိပ်ပြီးဖွင့်လိုက်ပါ။ ပုံ–1ကိုမြင်ရပါမယ်။




ပုံ–1

ပုံ–1 မှာဖော်ပြထားတဲ့ အတိုင်း Address Bar မှာ website လိပ်စာတစ်ခု ရိုက်ထည့်လိုက်ပါ။ ရိုက်ထည့်ရမည့်လိပ်စာတွေကိုလည်း နောက်မှာ ဖော်ပြပေးထားပါတယ်။ ယခုရိုက်ထည့်ထားတာကတော့ TOYOTA ကားကုမ္ပဏီရဲ့ website ပဲဖြစ်ပါတယ်။ ရိုက်ထည့်ပြီးပြီဆိုရင်တော့ "Go" ကို နှိပ်ပါ(သို့)keyboard မှ "Enter" ကို တစ်ချက်သာနှိပ်ပါ။ ကိုယ်တကယ်နှိပ်မိ၊ မနှိပ်မိ သိချင်ရင်တော့ အပေါ်ဆုံးညာဘက်ထောင့်က အလံလေးကိုကြည့်လိုက်ပါ။ အလံလေး လွင့်နေရင် သေချာပေါက်နှိပ်မိပါတယ်။ website ကိုသွားယူနေစဉ် ခဏစောင့်နေရမည်။

Loading လုပ်နေတဲ့ အရစ်လေးများ ပြည့်သွားပြီဆိုရင် website သွားယူတဲ့အလုပ် ပြီးဆုံးသွားပါပြီ။ ကိုယ်သွားယူတဲ့ website ဟာ အင်တာနက်ပေါ်မှာ အမှန်တကယ်ရှိတယ်ဆိုရင် လာရောက်ပြသပေးသည်။ တစ်ခါတစ်လေ website ကကြီးတဲ့ အခါမျိုးမှာ website ကျမလာဘဲ ပေါက်ကရစာကြောင်းတွေ ကျလာတတ်ပါတယ်။ သဘောကတော့ အင်တာနက်ကိုသွားတဲ့လမ်းကြောင်း ကြပ်နေလို့ပါ။ အဲလိုအခြေခံနေမျိုးကြုံနေရင်တော့ အိမ်ပုံလေးဘေးက (refrash) ကို နှိပ်ပြီးခဏပြန်စောင့်ပါ။

Website တွေကို address bar မှာရိုက်ပြီး အင်တာနက်မှာ သွားယူတာကို Browsing လုပ်တယ်လို့ခေါ်ပါတယ်။ ပုံ-2 ကတော့ Toyota ရဲ့ website လေးပါ။ တကယ်လို့မြင်ကွင်းကို ချဲ့ကြည့်ချင်တယ်ဆိုရင်တော့ window ရဲ့ညာဖက်အပေါ်ထောင့်နားက (Maximize) နေရာလေးကိုနှိပ်လိုက်ပါ။

Internet Explorer တွင်ပါဝင်သောအသုံးဝင်တဲ့ Menu လေးများအသုံးပြုပုံကို အောက်တွင် ရှင်းလင်းပြသထားသည်။




Website Page ပေါ်မှာရှိတဲ့ စာတွေ၊ ပုံတွေကို "mouse" နဲ့ ထောက်ကြည့်လိုက်လို့ လက်ပုံလေး ပေါ်လာတယ်ဆိုရင် သူ့နောက်မှာ အကြောင်းအရာတွေ ရှိသေးတယ်ဆိုတဲ့သဘောကိုပြတာပါ။ အဲဒီလိုနေရာကိုနှိပ်ပြီး သူနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို သွားရောက်ကြည့်ရှုနိုင်ပါတယ်။ အဲဒီလိုကြည့်ရှုတဲ့အခါမှာတော့ ပထမစာမျက်နှာ ပျောက်သွားပြီး ကိုယ်နှိပ်လိုက်တဲ့ အကြောင်းအရာနဲ့ပတ်သက်တဲ့ စာမျက်နှာအဖြစ် ပြောင်းလဲပေးမည်။

နောက်ထပ်ဆက်နှိပ်လည်း တစ်ဆင့်တစ်ဆင့်ပြောင်းလဲပေးသွားမည်။ တစ်ကယ်လို့ အရင်ကလုပ်ခဲ့သမျှ စာမျက်နှာတွေကို ပြန်သွားချင်တယ်ဆိုရင်တော့ Back ကို နှိပ်ရမည်။



- မြင်ကွင်း၌ရှိနေသော window ကိုပိတ်ရန်။ (Close)
- window ချုံ့ / ချဲ့ ပြုလုပ်ခြင်း။ (Restore/Maximize)
- window ကို Botton Bar တွင် ယာယီသိမ်းထားခြင်း။ (Minimize)
- ရောက်ရာနေရာမှ ပထမဆုံးမြင်တွေ့ခဲ့ရသည့် စာမျက်သို့ပြန်သွားရန်။ (Home)
- ရောက်နေသောနေရာမှနောက်သို့ တစ်ဆင့်ပြန်ဆုတ်ရန်။ (Back)
- ရောက်နေသောနေရာမှ နောက်ဆုတ်မိလျှင် ရှေ့သို့တစ်ဆင့် ပြန်သွားရန်။ (Forward)
- Website ကိုသွားယူနေစဉ်/ စာမျက်နှာတစ်ခုသို့ကူးပြောင်းနေစဉ် မလိုအပ်တော့၍ရပ်ခိုင်း။ (Stop)
- Website သွားယူစဉ် လမ်းမှာ အကြောင်းတစ်စုံတစ်ရာကြောင့် Website မရခဲ့ဘဲပြန်လာရင်ထပ် နှိပ်ပြီးယူခိုင်းရန် Refresh လို့ခေါ်ပါတယ်။ ကိုယ်လုပ်ပြီးသားလုပ်ငန်းတစ်ခုကို အားလုံးပြန်လုပ်စရာမလိုဘဲ သူ့ကိုတစ်ချက်နှိပ်လိုက်ရုံနဲ့ပဲ ပထမလုပ်ခဲ့တဲ့အလုပ်ကို ကီသွင်းပြီး အတတ်နိုင်ဆုံးဖြစ်အောင် ပြန်လည်လုပ်ဆောင်ပေးပါတယ်။

## မြန်မာ website များ(ကဏ္ဍစုံ)

www.people.com.mm
www.popularmyanmar.com
www.yangon.com.mm
www.planet.com.mm
www.bagan.net.mm
www.innwa.com
www.myanmar.com
www.modins.net
www.ainmat.com
www.yamc.info
www.myanmarfootball.org

## အနုပညာရှင်များ၏ website များ

www.alexlazyclub.com
www.luminn.com
www.lwinmoe.com
www.nawaratt.com
www.nayhtetlin.com
www.naytoe.com
www.actornienie.com
www.sharnyo.com
www.shinphone.com
www.soesandartun.com
www.saisaionline.com
www.yadanarpon.com
www.yarzarnaywin.com
www.zinzinzawmyint.com
www.nansuyatisoe.com
www.htunaeindrabo.com
www.supanhtwar.com
www.wynesukhinethein.com

## Beauty နှင့်ပတ်သက်သော website များ

www.kanebo.com
www.revlon.com
www.beautylink.com
www.earthsbeauty.com
www.stanleybeautycare.com
www.spabeautyschool.com

## Antivirus

www.grisoft.com(AVG)
www.symantec.com(NORTON)

## ဝတ္ထုမြေဂ္ဂဇင်း၊ဂျာနယ်အစုံအလင်

www.trustjournal.com
www.cherrythitsar.org
www.weeklyeleven.com
www.journalopportunity.com
www.mmtimes.com
www.myanmarpyithar.com
www.myanmarjournal.com
www.todaygroup.com.mm
www.mwaf.org.mm
www.todaygroup.com.mm

## မြန်မာဖျော်ဖြေရေးအစီအစဉ်များ/ သီချင်းများ

www.myanmar-music.com
www.mrtv3.net.mm
www.myawaddy.tv
www.luckyseven.com
www.yangoncity.com.mm
www.myanmarmp3.net
www.flashband.net
www.shwesagar.com
www.innwa.com

## အလုပ်နှင့်ပတ်သက်သော website များ

www.jobstreet.com
www.jobsdb.com
www.asianjobbus.com
www.myanmartraining.com
www.myanmarjobs.com
www.usajob.gov
www.jobbankusa.com
www.4icj.com
www.rileyguide.com
www.internationaljobsearch.net
www.internationaljobs.org

## E-Learning Centre များ

www.englishclub.com
www.flamingoenglish.com
www.webenglishteacher.com
www.english-lc.com

## Upload လုပ်ရန်

www.uploading.com
www.megauplod.com
www.enips.com
www.dropload.com
www.yousendit.com
www.filefactory.com
www.massupload.com
www.uploadengine.com
www.bebo.com
www.streamload.com

## Toys and Animations

www.woodentoys.com
www.finewoodentoys.com
www.nbwoodentoys.com
www.papertoys.com
www.thetoymaker.com
www.custompapertoys.com
www.timemachinetoys.com
www.animationfactory.com
www.gifanimations.com
www.yaoti.com
www.gif24.com
www.animationlibrary.com

## Funnyjunk

www.funnypeople.be
www.funnyjunk.com
www.coolfunnyjokes.com
www.fun-brain.com
www.funschool.com
www.cartonnetwork.com
www.jokesgallery.com
www.funnypostcard.com
www.cartoons.com
www.unclefred.com
www.comedycentral.com
www.glasbergen.com
www.telegraph.co.uk
www.funnystory.info
www.freewebs.com

## Hobby

www.spy.com
www.knitting.about.com
www.knitting-universe.com
www.all.babykids.com
www.aristofashion.com
www.costume.co.jp
www.yagi.co.jp
www.americanrhetoric.com
www.spacesounds.com
www.whalesounds.com
www.stormsounds.com
www.onlineconversion.com
www.smart-resource.com
www.singingfish.com
www.freecycle.com
www.ofoto.com

## Painting

www.painting.about.org
www.simplypainting.com
www.newmuseum.org
www.cmics.com
www.the-gallery-of-china.com
www.lovre.fr
www.moma.org
www.thavidu.com
www.insight-gallery.com
www.acdmedia.com
www.culture.gr
www.artseoul.net
www.kodakgallery.com

## For Kids

www.dolesaday.com
www.panda.org
www.yahooligans.com
www.babloo.com
www.ajkids.com
www.funschools.com
www.owlkids.com
www.gigglepoctory.com
www.kids.org
www.orangekids.com

### Geology နှင့်ပတ်သက်သော website များ

www.geology.com
www.usgs.com

### Physics နှင့်ပတ်သက်သော website များ

www.physics.com
www.aip.com
www.physicscentral.com

### Chemistry နှင့်ပတ်သက်သော website များ

www.chem4kids.com
www.webelements
www.rsc.org

### Biochemistry နှင့်ပတ်သက်သော website များ

www.biochemisco.org
www.bio.com.uk
www.babonline.org

### Zoology နှင့်ပတ်သက်သော website များ

www.zoology.com
www.igougo.com

### History နှင့်ပတ်သက်သော website များ

www.history.com
www.historynet.com
www.historyplace.com

### Geography နှင့်ပတ်သက်သော website များ

www.geographynetwork.com
www.gis.com

### Engineering website များ

www.engineering.com
www.discoverengineering.org
www.engineering.co.uk

### Book နှင့်ပတ်သက်သော website များ

www.nybooks.com
www.amazon.com
www.sfsite.com
www.literature.com

### Online Newspaper များ

www.workingthing.com
www.enterpreneur.com
www.retuer.com
www.allthetest.com

### Searching Friends website ပုံများ

www.friendciciles.com
www.friendster.com
www.zopria.com
www.facebox.com

### Chinese သီချင်းများ

www.mtv52.com
www.cn1980.com
www.stsky.com
www.heiyou.com

### စီးပွားရေး website များ

www.business.com
www.worldbank.com
www.business-seek.com
www.economy.com
www.toursm-asian.net
www.etrademyanmar.com.mm

### ကျန်းမာရေးဆိုင်ရာ website များ

www.mentalhelp.net
www.healthy.net
www.tripprep.com

### အစားအသောက်နှင့်ဖွယ်ဖွယ်ရာရာများ

www.foodtv.com
www.foodsubs.com
www.foodors.com
www.myintmyintkhin.com

### Game website များ

www.miniclip.com
www.neopets.net
www.gametheory.net
www.surfnetkids.net
www.download-free-games.com
www.kidsgame.org
www.papertoy.com
www.freearcade.com
www.games2download.com
www.gametop.com

### ဗုဒ္ဓဘာသာဆိုင်ရာ website များ

www.mahamunipagoda.org.mm
www.dhammadownload.com
www.mahasi.org
www.dharmanet.org
www.edhamma.com
www.buddhanet.net
www.buddhistinformation.com
www.mora.gov.mm
www.dhammasearch.net

### လက်ဆောင်ပေးပို့ရန် Card များ

www.heartnsoul.com
wwp.valentines-card.com
www.mariafilosa.com
www.greeting-cards.org

### Computer Software/Driver များ

www.myzips.com
www.windriver.com
www.goloads.com
www.hotcomputersoftware.com
www.revlon.com
www.microsoft.com
www.helpdriver.com
www.nodevice.com
www.driverfiles.net

### Nature of Myanmar/Travel Guide

www.traveltomyanmar.com
www.ngapali.org
www.rubyland.net
myanmartravelinformation.com
www.travelmyanmar.com
www.myanmartravel.net

### Hotel များ

www.amataresort.com
www.linnthar.com
www.bagan.net
www.hotelmyanmar.com
www.governorsresidence.com
www.hoteltravel.com

### Wallpaper ပုံများ

www.wallpaps.com
www.creativemix.com
www.flowershots.com
www.freenaturepictures.com
www.yourwallpaper.com

### Satellite Site များ

www.thaicom.net
www.boeing.com
www.lyngset.com
www.spacemart.com

### ပညာရေးနှင့်ပတ်သက်သော website များ

www.myanmartraining.com
www.awu.edu
www.hreib.com
www.studying-singapore.com
www.ed.gov
www.worlduniversity.org
www.iss.nus.edu.sg
www.braintrack.com
www.rwuniversity.com
www.singaporeedu.gov.sg
www.nus.edu.sg

### Fashion Style များ

www.allwalk.com
www.yanifashion.com
www.debutfashions.com
www.magicpoint.co.uk
www.allwalk.com
fashion.3yen.com
www.flick-hair.com

### Ebooks Download လုပ်ရန်

www.shareup.com
www.diesel-ebooks.com
www.free-ebooks.net

### အားကစားနှင့်ပတ်သက်သော website များ

www.myanmargoal.com
www.fifa.com
www.dvbsports.com
www.11mediagroup.com
www.thesportjournal.org
www.judophotos.com
www.livescore.com
www.asianbookie.com
www.uefa.com

### Computer Exam များလေ့လာရန်

**(Hardware/ $NE^+$/Software)**

www.trainsignaltraining.com
www.linkdirectory.com
www.mcsel.net
www.academyflorida.com
www.hiredgunconsulting.com
www.ce.yildiz.edu.tr

### Hair Style များ

http://bestairwing.com
http://sephora.com
www.surfnetkids.net
www.papertoy.com

အထက်မှာဖော်ပြထားတဲ့ website တွေကို ကြည့်ချင်တယ်ဆိုရင် ရှေ့ကပြောခဲ့တဲ့အတိုင်း ကို 2-ချက်နှိပ်ဖွင့်ပြီး ပေါ်လာတဲ့ window ရဲ့အပေါ်မှာရှိတဲ့ Address Bar ထဲကို website လိပ်စာကို အတိအကျရိုက်ထည့်ပြီး keyboard မှ Enter ကိုနှိပ်ပါ။

**website** တွေခေါ်ကြည့်တဲ့နေရာမှာ ဖြစ်တတ်တဲ့ပြဿနာတွေကတော့ ....

1. Internet Explore နှစ်ချက်ဆက်တိုက်နှိပ်ရာမှာ စောင့်မနေဘဲ ခဏခဏဆက်နှိပ်လျှင် Computer က ဖွင့်ပေးရမည့် window များ များနေသဖြင့် အလုပ်လုပ်၍မရတော့ခြင်း။
2. အင်တာနက်ကို အသုံးပြုသူများနေလို့ တစ်ခါတစ်လေ website ကျမလာပဲ ပေါက်ကရစာတွေ ကျလာရင် Refrash ကိုနှိပ်ပါ။ (သို့မဟုတ်) မိမိရိုက်ထည့်ထားသော website လိပ်စာကိုပြန်စစ်ပါ။
3. Website ခေါ်ကြည့်ရာမှာ အနီရောင်ခေါင်းစီးနှင့်အတူ **Access has been Denied** ဆိုတဲ့စာတန်းပေါ်လာလျှင် သင်ရိုက်ထည့်မိသော website သည် မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်နေသောကြောင့် ကြည့်လို့မရပါ။
4. တစ်ခါတစ်လေ ကိုယ်မခေါ်ဘဲကြော်ငြာ website များဝင်ရောက်လာတတ်ခြင်း။ (ပိတ်ပစ်လိုက်ပါ)

ဒါဆိုရင် Website တွေကို ကြည့်ရှုဖို့အတွက် လွယ်ကူသွားပါပြီ။

* * * * * * * * *

## *Website Address* များတည်ဆောက်ထားပုံ

ဥပမာ - www.people.com.mm

www - World Wide Web

people - Company Name

.com - Commercial (စီးပွားရေးနှင့်ပတ်သက်သောအဖွဲ့စည်း/နယ်ပယ်)
.gov - Government
.edu - Education
.mil - Military
.net - Networking
.org - Non-Commercial Organization
(Domain များ)

.mm - Myanmar
.sg - Singapore
.jp - Japan
.th - Thai
.my - Malaysia
.uk - United Kingdom
etc,......
(Top Level Domain များ)

အင်တာနက်ချိတ်ဆက်ရန် ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများ ...

1. MPT (မြန်မာ့ဆက်သွယ်ရေး)
2. Myanmar Teleport

လျှောက်ထားနိုင်သော Service များ။

1. Dial Up Account
2. ADSL (Asymmetric Digital Subscriber Line)
3. SWL (Broadband Wireless Local)
4. IP Ster (Internet & VIOP Phone)

PAC (Public Access Centre) ဖွင့်လိုသူများ လျှောက်ထားနိုင်ပါသည်။

* * * * * * * *

# Search Engine

အရင်ကတော့ Internet ပေါ်မှာရှိတဲ့ Website တွေကိုလေ့လာမယ်ဆိုရင် Website Address တွေကို အလွတ်ကျက်ခဲ့ရပါတယ်။ Web Browser (software)တွေရဲ့အကူအညီနဲ့ Website လိပ်စာတွေကို တိတိကျကျရိုက်ထည့်ပြီး ခေါ်ယူကြည့်ရှုရင်း တစ်ဖြည်းတစ်ဖြည်း Internet ပေါ်မှာ website ပေါင်း မရေတွက်နိုင်လောက်အောင် များပြားလာခဲ့ပါတယ်။ Internet အသုံးပြု သူတွေကလည်း website လိပ်စာအားလုံးကို မသိနိုင်ကြတော့ပါဘူး။ အဲလိုအခက်ခဲတွေကို ဖြေရှင်းပေးဖို့အတွက် ကြိုးစားရင်းနဲ့ပဲ Search Engine တွေပေါ် ပေါက်လာခဲ့ကြပါတယ်။

Search Engine တွေက ဘာတွေလုပ်ဆောင်ပေးလဲဆိုရင် အင်တာနက် အသုံးပြုချင်တဲ့သူတွေကို အင်တာနက်ပေါ်သာတတ်ခဲ့ပြီး သူတို့ကိုခေါ်လိုက်ပါ။ သင်သိချင်တဲ့ အကြောင်းအရာရဲ့ သဲလွန်စလေးကိုသာ သူတို့ကိုပြောပါ အကြောင်းအရာအားလုံးကို အလွတ်ကျက်ထားတာဖြစ်လို့ အလွယ်တကူပဲ ရှာပေးနိုင်ပါတယ်။ ရှာဖွေတဲ့နေရာမှာလည်း လည်လည်ပတ်ပတ် မြန်မြန်သွက်သွက် ရှာဖွေပေးနိုင်လို့ Search Engine ဆိုတဲ့ရာထူးကို ခံယူထားခြင်းဖြစ်ပါတယ်။

အဲဒါကြောင့် အင်တာနက်အသုံးပြုသူတွေဟာ Internet Explorer ကိုဖွင့်ဖွင့်ချင်း ပထမဆုံးစာမျက်နှာ (Home Page) ကို Search Engine တွေကိုထားလေ့ရှိပါတယ်။ အဲဒါမှ အတိအကျသိတဲ့ website တွေကိုလည်း ကြည့်လို့ရသလို ရှာချင်တဲ့ အကြောင်းအရာကိုလည်း ရှာဖွေလို့ရပါတယ်။

အင်တာနက်ပေါ်မှာ Search Engine တွေအများကြီးရှိပါတယ်။




Popular အဖြစ်ဆုံး Search Engine တွေကတော့ Google နဲ့ Yahoo ပဲဖြစ်ပါတယ်။

Search Engine တစ်မျိုးကို အသုံးပြုတတ်ရင်ရပါပြီ။ အားလုံး အသုံးပြုပုံ အတူတူပါပဲ။

Google Search Engine နဲ့ ပဲအသုံးပြုပုံကို ဖော်ပြသွားပါမယ်။

ကွန်ပျူတာမြင်ကွင်း(screen)ပေါ်မှာရှိတဲ့ Internet explorer ကို 2- ချက်ဆက်တိုက်နှိပ်၍ ဖွင့်လိုက်ပါ။ စဖွင့်ဖွင့်ချင်း Google မပေါ်ဘူးဆိုရင် Address Bar ထဲမှာ www.google.com လိပ်စာကိုရိုက်ထည့်ပါ။ ပြီးရင် keyboard မှ Enter ကိုနှိပ်ပါ။

Google ပေါ်လာပြီဆိုရင် Google ရဲ့အောက်က Search Box လေးတစ်ခုပါလာပါတယ်။ ပုံ-1 ကိုကြည့်ပါ။ အဲဒီ Search Box ထဲကို ကိုယ်သိချင်တဲ့ အကြောင်းအရာကို အတိုချုပ်ရိုက်ထည့်ပါ။ ကျွန်တော်ကတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ ကားနဲ့ပတ်သက်တဲ့ ကုမ္ပဏီတွေကိုသိချင်လို့ car ဆိုတဲ့စာလုံးလေးကို ရိုက်ထည့်လိုက်ပါတယ်။ ပြီးရင် Keyboard မှ enter (သို့) Google Search ကိုနှိပ်ပါ။




ပုံ-1

**car** ဆိုတဲ့ keyword ကို ရိုက်ထည့်ပြီး ရှာဖွေလိုက်တဲ့အခါမှာ အင်တာနက်ပေါ်မှာ ရှိရှိသမျှ ကားနဲ့ပတ်သက်တဲ့ website တွေကို လာပြပေးပါတယ်။ ပုံ-2 ကိုကြည့်ပါ။




ပုံ-2

## ပုံတွင်ဖော်ပြထားသော နံပါတ်များ၏အညွှန်းဖြေရှင်းချက်

(1) Google က ရှာဖွေပေးတဲ့ website အရေအတွက်ပေါင်း 610,000,000 ရှိတဲ့အနက် website နံပါတ် 1 မှ 10 အထိ ပထမစာမျက်နှာ မှာပြသထားပါတယ်။ အဲဒီလောက်များတဲ့ website တွေကို Google က 0.11 စက္ကန့်အတွင်း ရအောင်ရှာပေးပါတယ်။

(2) website တွေကို website ကြီးတစ်ခုလုံးကို ဖော်ပြမပေးဘဲ သက်ဆိုင်ရာခေါင်းစဉ်နဲ့ အကျဉ်းချုပ်ကိုသာ ဖော်ပြပေးထားပါတယ်။ website တစ်ခုကို ဥပမာကြည့်ပါ။




တကယ်လို့ website တစ်ခုလုံးဆီကို သွားလေ့လာချင်တယ်ဆိုရင် ခေါင်းစဉ်နေရာကို mouse နဲ့ တစ်ချက်နှိပ်ပြီးသွားလေ့လာနိုင်ပါတယ်။ website လိပ်စာကိုမှတ်ထားပြီး Internet Explorer Bar မှာရိုက်ထည့်ပြီးတော့ သွားလည်းရပါတယ်။

(3) မြင်ကွင်းမှာပြထားတဲ့ website တွေအပြင် တစ်ခြားကျန်ရှိနေသေးတဲ့ website တွေကို ကြည့်ချင်သေးတယ်ဆိုရင် နံပါတ်စဉ်အလိုက်နှိပ်ပြီး သွားရောက်ကြည့်ရှုနိုင်ပါတယ်။

(4) website တွေကိုရှာဖွေမယ်ဆိုရင် Google အောက်က web ဆိုတဲ့စာလုံးလေး (Bold) မဲနေမှ Google ကရှာဖွေပေးမှာဖြစ်ပါတယ်။ website တွေကိုရှာခိုင်းတဲ့အခါ Google ကရှာဖွေရသမျှ အကြောင်းအရာတွေကို စာဖြင့်သာဖော်ပြမှာဖြစ်ပါတယ်။ စာတွေကိုမလိုချင်ဘူး ပုံတွေပဲသီးသန့်လိုချင်တာဆိုရင်တော့ ပုံကိုသီးသန့်ရှာလို့ရပါတယ်။

**အင်တာနက်မှာ ကိုယ်စိတ်ဝင်စားတဲ့ ပုံတွေကိုရှာဖွေကြည့်ရအောင်......**

ပုံတွေကိုရှာမယ်ဆိုရင်တော့ Google စာလုံးကြီးအောက်က Image နေရာကို mouse နဲ့ တစ်ချက်နှိပ်ပြီး ရွေးလိုက်ပါ။ ခဏစောင့်ပြီးအကြာမှာ Image ဆိုတဲ့ စာလုံးလေး မဲလာပြီဆိုရင် ပုံတွေကိုရှာလို့ရပါပြီ။ Google အောက်က Search Box ထဲမှာ ကိုယ်ရှာချင်တဲ့ အကြောင်းရာကိုရိုက်ထည့်ပါ။ ဥပမာ-flower ဆိုတဲ့စာလုံးလေး ရိုက်ထည့်ကြည့်မယ်။ ပြီးရင် Keyboard မှ Enter (သို့) Search Image နေရာလေးကိုနှိပ်ပါ။ ခဏစောင့်ပြီးအကြာမှာ ပုံတွေကို Google က ရှာဖွေပြသပေးပါလိမ့်မယ်။






ပုံ -4

ရှာဖွေရရှိတဲ့ပုံတွေကို ကွန်ပျူတာမြင်ကွင်းမှာ အနည်းငယ်ချုံ့ / ချဲ့ ပြုလုပ်လိုပါက All image sizes ရဲ့ဘေးမှာရှိနေတဲ့မျှားကို တစ်ချက်နှိပ်ပြီး ပေါ်လာတဲ့စာတွေထဲက သင့်တော်တဲ့စာကြောင်းကိုရွေး၍ Keyboard မှ Enter ကိုနှိပ်ပါ။ လက်ရှိကွန်ပျူတာမြင်ကွင်းမှ ပုံများအပြင် တစ်ခြားကျန်ရှိနေသေးတဲ့ပုံတွေကို ကြည့်ချင်ရင် ပုံတွေရဲ့အောက်ဆုံးမှာရှိတဲ့ Google စာလုံးရဲ့အောက်က ဂဏန်းလေးတွေကိုနှိပ်ပြီး သွားကြည့်နိုင်ပါတယ်။

ပုံတစ်ပုံရဲ့သူနဲ့ပတ်သက်တဲ့ အချက်အလက်တွေကတော့...




ကိုယ်ကြိုက်နှစ်သက်တဲ့ ပုံကို ကိုယ့်ကွန်ပျူတာထဲမှာ ကူးယူသိမ်းဆည်းထားလို့ရပါတယ်။ ပုံတည့်တည့်ကို တစ်ချက်နှိပ်လိုက်ပါ။ ခဏစောင့်ပြီးပေါ်လာတဲ့အနေအထားမှ ပုံဘေးက See full-size image ကိုနှိပ်ပါ။ ပုံကြီးပေါ်လာရင် ပုံတည့်တည့်မှာ mouse မှ ညာဘက်ခလုပ် (Right click) နှိပ်ပါ။ ပေါ်လာတဲ့စာကြောင်းတွေထဲက Save Picture As .... ကိုရွေးပါ။




Save Picture As ကိုနှိပ်လိုက်ရင် ကိုယ့် Computer ရဲ့ ဘယ်အပိုင်းမှာသိမ်းမှာလဲလို့မေးတဲ့ Box တစ်ခု ပေါ်လာပါမယ်။ ယူလောလောဆယ်တော့ ကျွန်တော်တို့ကွန်ပျူကို စဖွင့်ဖွင့်ချင်း မြင်တွေ့ရတဲ့ ကွန်ပျူတာမြင်ကွင်း (Screen) ပေါ်မှာသိမ်းထားမှာဖြစ်ပါတယ်။ သိမ်းထားတဲ့ပုံစံကလည်း ပန်းပွင့်ပုံကြီးလိုက် ကွန်ပျူတာမြင်ကွင်းပေါ်မှာ တင်တာမဟုတ်ပါဘူး။ စာရွက်ဖိုင်လေးတစ်ခုအနေနဲ့သာတွေ့ရပါမယ်။ အဲဒီဖိုင်လေးကိုထပ်ပြီးနှိပ်ဖွင့်မှ ပန်းပွင့်ပုံကြီးကိုတွေ့ရမှာပါ။ သိမ်းရန်အတွက် ပေါ်လာတဲ့ Box ကိုပုံ-6 မှာကြည့်ပါ။ သိမ်းယူပုံအဆင့်ဆင့်ကိုဖော်ပြထားပါတယ်။




ပုံ-6

တကယ်လို့များ ကိုယ်က ကွန်ပျူတာရဲ့ မြင်ကွင်းပေါ်မှာ မသိမ်းချင်ဘဲ တစ်ခြားနေရာမှာ သိမ်းထားချင်တယ် ဆိုရင်လည်း ရပါတယ်။ နံပါတ်-1 ပြထားတဲ့ နေရာကိုမနှိပ်ဘဲ My Computer, My Document တွေကိုရွေးပြီး တော့လည်းသိမ်းထားနိုင်ပါတယ်။

အဲလို သိမ်းပြီးပြီဆိုရင် Computer က တကယ်သိမ်းတာ ဟုတ်မဟုတ် ကိုယ်သိမ်းထားတဲ့ နေရာကိုသွားပြီး ကြည့်ရှုနိုင်ပါတယ်။

ယခုကွန်ပျူတာမြင်ကွင်းပေါ်မှာသိမ်းထားတဲ့အတွက် ရှာရတာ လွယ်ကူပါတယ်။

ကွန်ပျူတာမြင်ကွင်းပေါ်ကို သွားကြည့်ဖို့အတွက် ဖွင့်ထားတဲ့ window တွေကို အပေါ်ဘက်ထောင့်က Minimize ⊟ ကိုနှိပ်ထားပြီး ယာယီဖယ်ရှင်းထားလိုက်ရင် ကွန်ပျူတာမြင်ကွင်းပေါ်လာပါမယ်။ ကွန်ပျူတာမြင်ကွင်းပေါ်မှာ ကိုယ်ပေးခဲ့တဲ့နာမည်နဲ့ ဖိုင်လေး တစ်ခုကို ရှာကြည့်ပါ။

ဒီလိုပုံစံဖိုင်လေးကို တွေ့ပြီဆိုရင် mouse နဲ့ 2-ချက်ဆက်တိုက်နှိပ်လိုက်ပါ။ ကိုယ်သိမ်းခဲ့တဲ့ပုံစံအတိုင်း မြင်တွေ့ရပါမယ်။ မြင်တွေ့ရတဲ့ပုံလေးကို ပုံအဖြစ်နဲ့ ကွန်ပျူတာမြင်ကွင်းပေါ်မှာ တင်ချင်တယ်ဆိုရင် ပုံတည့်တည့်ကို (Right click) နှိပ်ပါ။ ပေါ်လာတဲ့ စာကြောင်းတွေထဲက **Set as Desktop Background** ကိုရွေးနှိပ်ပါ။ ပြီးရင်ဖွင့်ထားတဲ့ပုံကိုပိတ်ပြီး ကွန်ပျူတာမြင်ကွင်းကိုကြည့်လိုက်တာနဲ့ ပုံရောက်မရောက်ကို သိနိုင်ပါတယ်။

Image တွေကိုရှာဖွေတဲ့နေရာမှာ ဘယ်လိုပုံတွေဆိုရင် ဘယ်လိုရှာရမယ်ဆိုတာ ရှာရင်းရှာရင်းနဲ့နားလည် ကျွမ်းကျင်သွားမှာပါ။ ယခုလောလောဆယ်တော့ ကိုယ့်စိတ်ထဲမှာ ရှိသမျှကိုရိုက်ပြီးရှာကြည့်ပါ။ ဥပမာ- Korea actor,actress,kagaya,pooh,satellite.....

## Video

အင်တာနက်ပေါ်မှာ မှက်တမ်းတင်ဗီဒီယိုဖိုင်တွေကိုလည်း ရှာဖွေလို့ရပါတယ်။ ရှာဖွေမယ်ဆိုရင် Google အောက်က Video ကို တစ်ချက်နှိပ်ပြီး စောင့်နေပါ။ ဗီဒီယိုဖိုင်တွေဟာ Web တွေ Image တွေလိုမဟုတ်ပါဘူး။ Google အောက်က Video ဆိုတဲ့စာလုံးကို နှိပ်လိုက်ကတည်းက အင်တာနက်ပေါ်မှာရှိတဲ့ Video ဖိုင်အသစ်တွေကို လာပြီးပြသပေးပါတယ်။ သူပြပေးတဲ့ Video တွေကို ကိုယ်က ကြိုက်တယ်ဆိုရင် ကိုယ်ကြိုက်တဲ့ပုံပေါ်ကို တစ်ချက်နှိပ်ပြီး ကြည့်ရှုနိုင်ပါတယ်။ ရှာချင်တယ်ဆိုရင်လည်း ကိုယ်ရှာချင်တဲ့အကြောင်းအရာကို Search Box မှာရိုက်ထည့်ခြင်းဖြင့် ရှာဖွေနိုင်ပါတယ်။

## News

အင်တာနက်ပေါ်မှာရှိရှိသမျှ သတင်းဌာနများမှ Update ဖြစ်သောသတင်းများ၊ ထူးဆန်းထွေလာသတင်းများ၊ လူကြည့်အများဆုံး သတင်းများကို ဖော်ပြပေးထားပါတယ်။ Google အောက်က News ကိုနှိပ်လိုက်တာနဲ့ သူဖော်ပြပေးထားတဲ့ သတင်းများကိုလေ့လာနိုင်ပါတယ်။ တကယ်လို့ ကိုယ်သိချင်တဲ့သတင်းရှိရင်လည်း Google အောက်က Search Box ထဲမှာရိုက်ပြီးရှာနိုင်ပါတယ်။

## Maps

နိုင်ငံအလိုက်၊ မြို့အလိုက် မြေပုံများကို ရှာဖွေနိုင်ပြီး မည်သို့သွားလာရမည်ကိုလည်း လမ်းညွှန်ထားပါတယ်။

Google ကလုပ်ဆောင်ပေးတဲ့ Function အားလုံးကို သိချင်ရင်တော့ Internet Browser ရဲ့ Address Bar မှာ www. google.com.sg ကိုရိုက်ထည့်ပြီး more သို့မဟုတ် even more ကိုနှိပ်ပါ။




အောက်မှာဖော်ပြထားတဲ့ Function တွေအားလုံးကို Google က လုပ်ဆောင်ပေးပါတယ်။

**Search**

Alerts
Get email updates on the topics of your choice

Blog Search
Find blogs on your favorite topics

Book Search
Search the full text of books

Catalogs
Search and browse mail-order catalogs

Checkout
Complete online purchases more quickly and securel

Desktop
Search and personalize your computer

Directory
Browse the web by topic

Earth
Explore the world from your PC

Finance
Business info, news, and interactive charts

**Explore and innovate**

Code
Download APIs and open source code

Co-op - now with Custom Search Engine New!
Contribute your expertise and customize the web search expe

Labs
Explore Google's technology playground

**Communicate, show & share**

Blogger
Share your life online with a blog – it's fast, easy, and free

Calendar
Organize your schedule and share events with friends

Docs & Spreadsheets
Create and share your projects online and access them from anywhere

Gmail
Fast, searchable email with less spam

Groups
Create mailing lists and discussion groups

**Froogle**
Shop for items to buy online and at local stores

**Images**
Search for images on the web

**Local**
Find local businesses and get directions

**Maps**
View maps and get directions

**News** - now with **archive search** New!
Search thousands of news stories

**Notebook** New!
Clip and collect information as you surf the web

**Patent Search** New!
Search the full text of US Patents

**Scholar**
Search scholarly papers

**Specialized Searches**
Search within specific topics

**Toolbar**
Add a search box to your browser

**Video**
Search for videos on Google Video and YouTube

**Web Search**
Search over billions of web pages

**Web Search Features**
Find movies, music, stocks, books, and more

**Picasa**
Find, edit and share your photos

**SketchUp**
Create 3D models for Google Earth

**Talk**
IM and call your friends through your computer

**Translate**
View web pages in other languages

**YouTube** New!
Watch, upload and share videos

**Go mobile**

**Maps for mobile**
View maps and get directions on your phone

**Mobile**
Use Google on your mobile phone

**SMS**
Use text messaging for quick info

**Make your computer work better**

**Pack**
A free collection of essential software

**Web Accelerator**
Speed up the web

## Alert

မိမိစိတ်ဝင်စားတဲ့ သတင်းတွေ၊ Blog တွေ၊ အကြိုက်ဆုံး website သွားကြည့်ပြီး အမြဲတမ်းသိချင်နေတဲ့ အကြောင်းအရာကို Alert ပေးခဲ့မယ်ဆိုရင် ၄င်းအကြောင်းအရာနဲ့ ပက်သက်ပြီးအသစ်ထွက်တိုင်း ကိုယ့် e-mail ထဲကိုပို့ပေးပါတယ်။

New မှတိုက်ရိုက် Alert ပေးခြင်း

ကိုယ်ကြိုက်တဲ့သတင်းတွေကို New မှာရှာလိုက်ပါ။ ပြီးရင် သတင်းထဲမှာ Alert ဆိုတဲ့စာလုံးလေးကိုရှာနှိပ်ပါ။

News Alerts

RSS | Atom
About Feeds

**World's most popular sport just doesn't click with the Chinese**
Denver Post, CO - Mar 24, 2007
Beijing - Ratomir Dujkovic has shaped up soccer teams from **Myanmar** to Rwanda Venezuela to Ghana. Now he's moved to China's Olympic team, where the former .

နှိပ်ပါ မိမိ ရဲ့ e-mail ကိုတောင်းတဲ့ Box လေးတစ်ခုပေါ်လာပါမယ်။




မိမိရဲ့ e-mail ကိုဖွင့်ကြည့်လိုက်ပါ။ Google အဖွဲ့အစည်းက Alert လုပ်တဲ့အတွက်ပို့ပေးတဲ့ စာတစ်စောင်ရောက်လာပါလိမ့်မယ်။ စာထဲမှာပါဝင် တဲ့အကြောင်းရာတွေကတော့.....

(1) Verify this Google Alert request:
http://www.google.com/alerts/verify?s=EAAAAG20Pcq1m0qs-X4vfAqJ5Ew

(2) Cancel this Google Alert request:
http://www.google.com/alerts/remove?s=EAAAAG20Pcq1m0qs-X4vfAqJ5Ew

ကိုယ်လုပ်ခဲ့တဲ့ Alert ကိုအတည်ပြုပေးမှကိုယ့်ဆီကိုရောက်အောင်ပို့ပေးမှာ ဖြစ်တဲ့အတွက်နံပါတ် (1) စာကြောင်းကိုတစ်ချက်နှိပ်လိုက်ပါ။ ခဏစောင့်နေပြီး ကိုယ်ဖွင့်တာပွင့်သွားပြီဆိုရင် Alert လုပ်လို့ပြီးဆုံးသွားပါပြီ။

တကယ်လို့ ကိုယ်လုပ်ထားတဲ့ Alert ကိုပြန်ဖျက်ချင်တယ်ဆိုရင်တော့ နံပါတ် (2) ကိုနှိပ်ပြီးပြန်ဖျက်နိုင်ပါတယ်။

## Froogle (or) Product

Google အဖွဲ့အစည်းက Online ပေါ်မှာ ဈေးဝယ်ချင်တယ်ဆိုရင်လည်း ဝယ်လို့ရတဲ့ Froogle Function ထည့်ပေးထားပါတယ်။ Froogle ရွေးထားပြီး ကိုယ်ဝယ်ချင်တဲ့ ပစ္စည်းအမျိုးအစားကို Google Search Box ထဲကိုသာ ရိုက်ထည့်လိုက်ပါ။ ဘယ်ဆိုင်တွေမှာ ဘယ်အမျိုးအစားက ဘယ်လောက်ဈေးပေါက်တယ်ဆိုတာကို တန်းစီပြီးလာပြပေးထားပါတယ်။

ကုန်ပစ္စည်းကောင်းမကောင်းနဲ့ စိတ်ချရမှု ရှိမရှိ သိချင်ရင်လည်း ဝယ်ဖူးသူများရဲ့ ဆိုင်အလိုက် အမှတ်ပေးထားသောကြယ် (Star) လေးများကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ ငွေပေးချေရာမှာတော့ Bank Account (or) Online payment တစ်ခုခု ရှိရပါမယ်။ ဈေးနှုန်းအပြောင်းအလဲတွေကို လေ့လာနိုင်သလို ကိုယ့်ဆီမှာတင်ထားတဲ့ ပစ္စည်းဘယ်ဈေးပေါက်တယ်ဆိုတာကိုလည်း ဆင်ခြင်လို့ရပါတယ်။

အင်တာနက်ပေါ်မှာ ဈေးရောင်းချင်တယ်ဆိုရင်လည်း ရပါတယ်။ ကိုယ်ရောင်းချင်တဲ့ပစ္စည်းကို ပုံနှင့်တစ်ကွတင်ထားလို့ရပါတယ်။ ဝင်ကြည့်ပြီး စိတ်ဝင်စားသူက ဝယ်သွားမှာပါ။ တစ်ကယ်လို့ ပစ္စည်းတစ်ခုကို လေလံတင်ရောင်းချမယ်ဆိုရင်လည်း ရောင်းချနိုင်ပါတယ်။ ကိုယ်ရောင်းပေးမည့်ရက်ကိုသာ သက်မှတ်ပေးထားလိုက်ပါ။ အဲဒီရက်ကိုမရောက်မချင်း ကိုယ့်ပစ္စည်းကို အရမ်းကြိုက်နှစ်သက်သူတွေက ဈေးနှုန်းတစ်ဆင့်ထက်တစ်ဆင့် သူ့ထက်ငါသာအောင် ပေးသွားမှာပါ။

www.shopzilla.com , www.ebay.com ဒီ web site တွေမှာလည်း Online Shopping ကို လေ့လာနိုင်ပါတယ်။ မြန်မာ Online Shopping ကတော့....

www.city.com.mm ပဲဖြစ်ပါတယ်။




## Blog Search

လူအများရေးသားထားသော Blog များကိုရှာဖွေရန် အသုံးပြုသည်။ Blog တွင် ရေးသားသူတို့၏ အထုပ္ပတ္တိ၊ မှတ်တမ်းတင်ဓာတ်ပုံများ၊ တွေ့ကြုံဖူးသော အထူးအဆန်းဖြစ်ရပ်လေးများ၊ ကဗျာများနှင့် ကြိုက်နှစ်သက်ရာ ကောင်းနိုးရာရာလေးများကို စုစည်းတင်ပြထားပါတယ်။ အရမ်းစိတ်ဝင်စားဖို့ကောင်းပါတယ်။ ရှာဖွေဖတ်ရှုကြည့်ပါ။ ရှာဖွေပုံကတော့ Google Service မှ Blog Search ကိုရွေးထားပြီး Search Box ထဲကို ပထမဦးဆုံး "A to Z" နဲ့စတဲ့နာမည်တွေ ရိုက်ရှာကြည့်ပါ(သို့)မိမိသိချင်သည့်အကြောင်းအရာ စကားစုကို ရိုက်ထည့်ရှာဖွေနိုင်ပါတယ်။

ဥပမာ – Aung, Aye,....သူတို့ရေးထားတဲ့ Blog ဖွင့်ဖတ်ကြည့်ပါ။

### Book Search

မိမိလေ့လာလိုသည့်စာအုပ်များကို သီးသန့်ရှာဖွေနိုင်သည်။ စာအုပ်တစ်အုပ်လုံးကို လေ့လာမှာမဟုတ်ဘဲ မိမိသိလိုသည့် အကြောင်းအရာနှင့် ပတ်သက်သမျှကိုသာ စာမျက်နှာအလိုက် လေ့လာလျှင်လည်း ဖေါ်ပြပေးသည်။ စာအုပ်များကိုအခမဲ့လေ့လာနိုင်သလို သက်မှက်ထားသောအဖိုးအခပေး၍လည်း ဝယ်ယူဖတ်ရှုနိုင်သည်။

### Catalogs

မိမိကြည့်ရှုလိုသည့် ကုန်ပစ္စည်းများ၏ ကြော်ငြာအသေးစိတ်ကို ပုံနှင့်တစ်ကွဖော်ပြထားသော Catalogs များကိုရှာဖွေကြည့်ရှုနိုင်ပါသည်။

### Directory

website များကို Category အလိုက်ရှာဖွေနိုင်သည်။

### Earth

ကမ္ဘာ့နေရာအနှံ့အပြား ဘယ်ကိုပဲသွားချင်သွားချင် နေရာအတိအကျ ပို့ဆောင်ပေးနိုင်ပါတယ်။ Google Earth soft-ware ကိုအင်တာနက်မှ Download လုပ်ပြီး မိမိကွန်ပျူတာမှာ Install လုပ်ထားဖို့တော့လိုအပ်ပါတယ်။ Google က 2006 ခုနှစ်ရဲ့ ကမ္ဘာမြေပုံကို Satellite ကရိုက်ကူးထားပြီး (3D)View နဲ့အတိအကျကြည့်လို့ရပါတယ်။ မိမိရှာချင်တဲ့ နိုင်ငံ၊ မြို့စသဖြင့် တစ်ဆင့်တစ်ဆင့်ရှာဖွေရင်း ကိုယ်ဟာ ကမ္ဘာကြီးရဲ့ ဘယ်နေရာကိုရောက်နေတယ်ဆိုတာ သိနိုင်ပါတယ်။ လူအများ စိတ်ဝင်စားကြတဲ့ ကဏ္ဍလေးတစ်ခုဖြစ်ပါတယ်။

အသုံးပြုချင်တယ်ဆိုရင် ကွန်ပျူတာမြင်ကွင်းပေါ်မှာရှိတဲ့ Lunch Google Earth ကို၂-ချက်နှိပ်ပြီး ခဏစောင့်နေပါ၊ ပေါ်လာတဲ့ပုံရဲ့ ညာဖက်ထောင့်မှာရှိတဲ့ Search Box မှာ ကိုယ်သွားချင်တဲ့နေရာကို ရိုက်ထည့်ပြီး Enter ခေါက်ပါ။ mouse ကိုအသုံးပြုပြီးလည်း လိုရာကို ရွှေ့လို့ရပါတယ်။ အသုံးပြုပုံကို နောက်စာမျက်နှာမှာ ဖော်ပြပေးထားပါတယ်။

### Images

မိမိနှစ်သက်သောပုံ များကိုရှာဖွေရာတွင် အသုံးပြုခဲ့ပြီးဖြစ်သည်။

### Local

မိမိနေထိုင်ရာ Local အတွင်း၌သာရှာဖွေရန်။ တစ်ချို့နိုင်ငံကြီးများတွင် အသုံးပြုသည်။

### Scholar

ပညာရေးနှင့်ပတ်သက်သော အကြောင်းအရာများ၊ ဆောင်းပါးများကို ရှာဖွေလေ့လာနိုင်သည်။ လိုအပ်ပါက member ဝင်ထားရမည်။

### Specialized Searches

website များရှာဖွေရာတွင် University Site,Government Site စသည်ဖြင့် သူ့နယ်ပယ်နှင့်သူ ရှာဖွေနိုင်ပါသည်။

### Toolbar

Google Toolbar ကို Download လုပ်၍ Internet Explorer Address Bar ၏အောက်တွင်ထားနိုင်ပြီး လိုအပ်သမျှကို ရှာဖွေရန် အဆင်သင့်ထားရှိနိုင်သည်။

**Web Search**

မိမိကြိုက်နှစ်သက်သော website များကိုရှာဖွေ အသုံးပြုခဲ့ပြီးဖြစ်သည်။

**Code**

Google service အသစ်အဆန်းများ ဖန်တီးရန်အတွက် စိတ်ဝင်စားသော Programmer များစုဝေးရာ နေရာဖြစ်သည်။

**Labs**

Google မှ အသစ်ထွက်သော service များကို ဝင်ရောက်လေ့လာနိုင်သည်။ အကြံပေးခြင်းများကိုလည်း ပြုလုပ်နိုင်သည်။

**Picasa**

ဓာတ်ပုံများကို ပြင်ဆင်တည်းဖြတ်ရင်း မိမိနှစ်သက်ရာ အခြားကွန်ပျူတာဆီကိုလည်း ရွှေ့ပြောင်းပေးပို့နိုင်ပါတယ်။

**Groups**

အင်တာနက်အသုံးပြုသူများ ကိုယ့်အဖွဲ့အစည်းနှင့်ကိုယ် ပြောဆိုဆွေးနွေးရန် Group များ ဖွဲ့ထားနိုင်သည်။ အဖွဲ့ဝင်တစ်ယောက်က ဝင်ရောက်ရေးသားထားသော အကြောင်းအရာများကို ကျန်အဖွဲ့ဝင်များအားလုံးက သိရှိနိုင်သလို၊ ရေးထားသမျှ အကြောင်းအရာသစ်တွေကိုလည်း မိမိတို့ e-mail သို့အဆက်မပြတ် ရောက်ရှိနေစေဖို့ ဖန်တီးထားလို့ရပါတယ်။

**Pack**

အင်တာနက်အသုံးပြုရာတွင် လိုအပ်သော Software များကို အလိုအလျောက် version မြှင့်တင်ပေးရန် Google Pack မှ ဆောင်ရွက်ပေးသည်။ http://pack.google.com မှာလေ့လာပါ။

**Translate**

အင်တာနက်အသုံးပြုတဲ့အခါ မြင်တွေ့နေရတဲ့ language ကိုတစ်ခြား language တစ်ခုသို့ ပြောင်းလဲအသုံးပြုနိုင်သည်။ ပြောင်းလဲအသုံးပြုနိုင်သော language များမှာ ...English/Spainish/French/German/Japan/Chinese/Korea/Italian /...

**G-mail**

Google ကပေးသော e-mail (Electronic mail) ဖြစ်သည်။ အချက်အလက်ပေါင်း 3G နီးပါးသိမ်းနိုင်သည်။ အသုံးပြုလိုပါက G-mail Account ပြုလုပ်အသုံးပြုနိုင်ပါသည်။ အသုံးပြုနည်းကို နောက်တွင်ဖော်ပြထားသည်။

**Talk**

အင်တာနက် ဝင်ရောက်အသုံးပြုရင်း၊ e-mail ဝင်ရောက်ကြည့်ရှုရင်း သူငယ်ချင်းတွေနဲ့ စကားပြောလို့ရတဲ့ Service လေးဖြစ်ပါတယ်။ စာရိုက်ပြီးပြောဦးမလား၊ Head Phone တပ်ဆင်ပြီး အသံနဲ့ပြောဦးမလား အားလုံးအဆင်ပြေပါတယ်။ G-talk အသုံးပြုမယ်ဆိုရင် G-mail Account ရှိထားဖို့တော့လိုအပ်ပါတယ်။ G-mail ရဲ့ Username & Password ကို G-talk မှာအသုံးပြုနိုင်ပါတယ်။ အသုံးပြုပုံကို နောက်မှာဖော်ပြထားပါတယ်။



**Google Earth** ကိုလေ့လာခြင်း။

Google earth ကိုအသုံးပြုပြီး တစ်ကမ္ဘာလုံးမှာရှိတဲ့ မိမိသွားလိုတဲ့နေရာကို သွားရောက်ပြီးလေ့လာနိုင်ပါတယ်။ အဆောက်အဦးများ၊ ရေမြေတောတောင်များကို နိုင်ငံအလိုက်၊ မြို့အလိုက်၊ ရှာဖွေကြည့်ရှုနိုင်ပါတယ်။

မိမိကွန်ပျူတာမြင်ကွင်းပေါ်မှာ Google Earth ဆိုတဲ့ Software မရှိသေးဘူးဆိုရင် http://earth.google.com/download-earth.html ကို Address Bar မှာရိုက်ထည့်ပြီး Download လုပ်နိုင်ပါတယ်။

Google Earth ကိုလေ့လာမယ်ဆိုရင် ကွန်ပျူတာမြင်ကွင်းပေါ်မှာရှိတဲ့  ကို၂-ချက်ဆက်တိုက်နှိပ်ပါ၊ ခဏစောင့်နေပြီးအကြာမှာတော့ စကြဝဠာအတွင်းမှာ လည်နေတဲ့ကမ္ဘာကြီးကို မြင်တွေ့ရမှာဖြစ်ပါတယ်။




**ပုံတွင်ဖော်ပြထားသော အညွှန်းနံပါတ်များ၏ ဖြေရှင်းချက်**

❶ Search Box ဖြစ်သည်။ မိမိကြည့်လိုသော နိုင်ငံ(သို့)မြို့အမည်ကိုရိုက်ထည့်ပြီး Enter ခေါက်ပါ။ (ခဏစောင့်ပါ)

❷ ဖော်ပြပါပုံကို ရေပြင်ညီပုံစံမျိုး(သို့) မိမိနှစ်သက်ရာပုံစံမျိုး ပြောင်းလဲကြည့်ရှုနိုင်သည်။

❸ ဘယ်၊ ညာ၊ အပေါ်၊ အောက် ရွှေ့နိုင်သည်။

❹ mouse တွင်ပါရှိသော Scroll ဘီးလုံးလေးကို အသုံးပြုပြီးအနီး၊ အဝေး ဆွဲယူကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

**E-mail လက်တွေ့အသုံးပြုခြင်း။**

E-mail (Electronic mail ) ဆိုတာကတော့ ကွန်ပျူတာတွေချိတ်ဆက်ပြီး စက္ကန့်ပိုင်းအတွင်း ရောက်အောင် စာပို့တဲ့စနစ်တစ်ခုဖြစ်ပါတယ်။ e-mail အသုံးပြုရန်အတွက် မိမိမှာ e-mail Account တစ်ခုရှိဖို့တော့ လိုအပ်ပါတယ်။ အဲဒါမှလည်း စာပို့ခြင်းများ၊ စာလက်ခံခြင်းများ၊ e-mail လိပ်စာများကို မှတ်သားထားခြင်းများ စသဖြင့် လုပ်ဆောင်ချက်များကို သူ့နေရာနှင့်သူ စနစ်တစ်ကျ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

e-mail account တစ်ခုကို ရယူရန်အတွက် e-mail အသုံးပြုလို့ရအောင် ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းတစ်ခုမှသက်မှတ်ထားသော အခကြေးငွေနှုန်းထား ပေး၍ ရယူနိုင်သလို အင်တာနက်ပေါ်မှတစ်ဆင့် ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းများမှလည်း အခမဲ့ ရယူနိုင်ပါတယ်။

ယေဘုယျအားဖြင့် e-mail ကို webmail နှင့် Software mail ဟူ၍နှစ်မျိုး သက်မှတ်ထားပါတယ်။ Software mail ဆိုတာကတော့ e-mail အသုံးပြုလို့ရအောင် ကိုယ့်ကွန်ပျူတာမှာ e-mail software တစ်ခုထည့်သွင်းအသုံးပြုခြင်းပဲဖြစ်ပါတယ်။ ဥပမာ- Netscape, Outlook mail, Outlook Express, Eudora, Incredimail ,... စသည်တို့သည် Software mail အသုံးပြုရန် e-mail Program များဖြစ်ပါတယ်။ Software mail အသုံးပြုသူအလွန်နည်းပါးပါတယ်။ တကယ်လို့တစ်ခြား ကွန်ပျူတာနဲ့ e-mail အသုံးပြုမယ်ဆိုရင် တစ်ခြားကွန်ပျူတာထဲမှာ မိမိအသုံးပြုနေတဲ့ e-mail Program ထည့်မထားဘူးဆိုရင် အခက်တွေ့နိုင်ပါ တယ်။

Web mail ဆိုတာ မိမိအသုံးပြုလိုသည့် e-mail account ကို သက်ဆိုင်ရာ Website သို့ဝင်ရောက်၍ ရယူပြီးအသုံးပြုနိုင်ပါတယ်။ ကိုယ်ဘယ်နေရာကိုပဲ ရောက်နေနေ လွယ်တကူ ခေါ်ယူအသုံးပြုနိုင်တာမို့ Web mail အမျိုးအစားကို အသုံးပြုသူများပါတယ်။ Web mail အမျိုးအစားမှာ အခမဲ့အသုံးပြုနိုင်တဲ့ e-mail ပေါင်း မရေတွက်နိုင်လောက်အောင်ရှိပါတယ်။ တစ်ကယ်လို့ e-mail ရဲ့နာမည်တွေကို အကုန်သိချင်တယ်ဆိုရင်တော့ Google Search Box ထဲကို free email ဆိုတဲ့စာလုံးကို ရိုက်ထည့်ပြီး ရှာကြည့်ပါ။

အဓိကသိထားရမှာကတော့ ဘယ်လောက်ပဲ e-mail အမျိုးအစားတွေ ကွဲလွဲပါစေ မည်သည့် e-mail မှမဆို တစ်ခြားအမျိုးမတူတဲ့ e-mail သို့ပို့လို့ရတယ်ဆိုတာပါပဲ။ ယခု sammail လို့ခေါ်တဲ့ e-mail လေးတစ်ခုကို Account ယူပုံ၊ အသုံးပြုပုံကို ပြောပြပေးပါမယ်။ e-mail တစ်ခုနှင့်တစ်ခု အသုံးပြုပုံ သိပ်ကွာခြားမှုမရှိလှသဖြင့် ဒီ e-mail တစ်ခုအသုံးပြုတတ်ပြီဆိုရင် နောက် ကိုယ်လိုချင်တဲ့ e-mail အသစ်တွေကိုလည်း ကိုယ်တိုင်ကြိုးစားပြီး အသုံးပြုတတ်ရမည်ဖြစ်သည်။

**E-mail Account ရယူခြင်း။**

sammail (e-mail) account ကို ရယူမှာဖြစ်တဲ့အတွက် Internet Explorer ကို 2- ချက်နှိပ်ဖွင့်ပြီး Address Bar ထဲမှာ www.sammail.com ဆိုတာကိုရိုက်ထည့်ပြီး Enter ခေါက်ပါ။ ပုံ-1 ပေါ်လာပါမယ်။




ပုံ-1

UserName & Password - e-mail Account ရှိပြီးသူများ အဆင်သင့် အသုံးပြုရန်

SingUp - e-mail Account မရှိသေးသူများ Account လျှောက်ရန်

**1.** SignUp ကိုနှိပ်ပါ။ ပုံ-2 ကိုတွေ့ရမည်။




ပုံ-2

**2.** ပုံ-2 မှာဖေါ်ပြထားတာကတော့ sam mail ကိုအသုံးပြုမယ်ဆိုရင် ဖော်ပြပါစည်းကမ်းချက်များကို လိုက်နာနိုင်လား၊ မလိုက်နာနိုင်ဘူးလားဆိုတာကို မေးထားခြင်းဖြစ်ပါတယ်။

စည်းကမ်းချက်တွေရဲ့ အဆုံးကိုသွားကြည့်လိုက်ပါ။ I Accept နှင့် I dont' Accept ကိုတွေ့မြင်ရပါလိမ့်မယ်။

လိုက်နာမယ်ဆိုမှသာ e-mail account ရယူလို့ရမှာဖြစ်တဲ့အတွက် I Accept ကိုနှိပ်ပြီးလက်ခံလိုက်ပါ။

ပုံ-3 ကိုဆက်လက်မြင်တွေ့ရပါမယ်။




ပုံ-3

**3.** ပုံ-3 မှာဖော်ပြထားတဲ့ Choose a Login name Box ထဲကို နာမည်ရိုက်ထည့်ပါ။ ယခုရိုက်ထည့်လိုက်သော နာမည်သည် e-mail အသုံးပြုရန် ဝင်ရောက်ရမည့် နာမည်ဖြစ်သောကြောင့် သေသေချာချာမှတ်သားထားရမည်။ နာမည်ရိုက်ထည့်ရာမှာ အက္ခရာစာလုံးအကြီးမသုံးရ၊ စာလုံးခွဲ၍မရေးရ၊ မိမိနာမည်အရင်းကို ရေးမယ်ဆိုရင်လည်း စာလုံးအသေးဖြင့်သာ တစ်ဆက်တည်း ရိုက်ထည့်ရမည်။ စာလုံးအရေအတွက်ကို 3 လုံးနှင့် 15 လုံးအကြား ရိုက်ထည့်နိုင်သလို၊ ဂဏန်းများနှင့်တွဲ၍လည်း ရိုက်ထည့်နိုင်သည်။ ဥပမာ- thura07, 125489thu, ...

မိမိကြိုက်နှစ်သက်ရာနာမည်ကို ရွေးချယ်ရိုက်ထည့်ပြီးပြီဆိုပါက Enter ကိုနှိပ်ပါ။ ကျွန်တော်ကတော့ ဥပမာအနေနဲ့ thura07 လို့ရိုက်ထည့်လိုက်ပါတယ်။ ပုံ-4 မှာတော့ လိုအပ်တာတွေ ဆက်လက်ပြီးဖြည့်ပေးရမယ့် Form တစ်စောင်ကို မြင်တွေ့ရပါမယ်။ တကယ်လို့ Form ပုံစံကျမလာဘူးဆိုရင် မိမိရိုက်ထည့်တဲ့နာမည်ဟာ သူများအသုံးပြုပြီးသားဖြစ်နေလို့ နာမည်ပြန်ပြောင်းပြီး ရိုက်ထည့်ပေးပါ။

**4.** ပုံ-4 ကိုကြည့်ပါ။

Password နေရာမှာ အက္ခရာ၊ ဂဏန်း၊ သင်္ကေတ သီးသန့်သော်လည်းကောင်း ရော၍သော်လည်းကောင်း အနည်းဆုံး 6-လုံး အများဆုံး 15-လုံး အတွင်းရိုက်ထည့်နိုင်ပါတယ်။ ရိုက်ထည့်ပြီး သေသေချာချာမှတ်ထားရပါမယ်။ ယခုရိုက်ထည့်လိုက်တဲ့ Password နှင့် အပေါ်က Login name အဲဒီနှစ်ခုပဲ မှတ်ထားရမှာဖြစ်ပါတယ်။ ကျန်တာတွေကတော့ မှတ်စရာမလိုပါဘူး။ Password နံပါတ်ဟာ လျှို့ဝှက်ဖြစ်တဲ့အတွက် ရိုက်ထည့်လိုက်ရင် ကိုယ်ရိုက်ထည့်တဲ့စာလုံးပုံစံအတိုင်း ဖေါ်ပြမှာမဟုတ်ဘဲ Star သင်္ကေတလေးများဖြင့်သာ ဖေါ်ပြမှာဖြစ်ပါတယ်။



ပုံ-4

5. Confirm Password ဆိုတာကတော့ ကိုပေးထားပြီးသား Password ကိုပဲနောက်တစ်ကြိမ်ပြန်ပြီး မှန်အောင်ရိုက်ခိုင်းတာပါ။ တကယ်လို့များမှန်အောင် မရိုက်နိုင်ခဲ့ဘူးဆိုရင်တော့ သင်နဲ့ကွန်ပျူတာအကြားမှာ Password နားလည်မှုလွဲသွားနိုင်လို့ ကွန်ပျူတာကလက်ခံမှာမဟုတ်ပါဘူး။

6. First Name နေရာမှာကိုယ့်နာမည် ပထမစာလုံးကိုရိုက်ထည့်ပါ။

7. last name နေရာမှာတော့ ကိုယ့်နာမည် အလယ်စာလုံး (သို့)နောက်ဆုံးစာလုံးကို ရိုက်ထည့်ပါ။ မိမိ ရိုက်ထည့် ထားတဲ့ First name & Last name ကိုကွန်ပျူတာက အလိုအလျောက် တွဲပေးထားမှာဖြစ်ပါတယ်။ ကိုယ့်သူငယ်ချင်းဆီကို e-mail ပို့တဲ့အခါ First name & Last name ကပို့သူရဲ့နာမည်ကို အပို့ခံရသူဆီကို သွားရောက်ဖေါ်ပြပေးမှာဖြစ်တဲ့အတွက် ဒီနေရာမှာ ကိုယ့်နာမည်ကိုပဲ ရိုက်ထည့်တာ အကောင်းဆုံးပါပဲ။ ရိုက်ထည့်တဲ့အခါမှာလည်း စာလုံးအကြီး၊ အသေး သက်မှတ်ချက်မရှိပါဘူး၊ ပုံမှန်အတိုင်းနာမည်ကို ရိုက်ထည့်နိုင်ပါတယ်။

8. Date of Birth နေရာမှာ မိမိရဲ့ မွေးသက္ကရာဇ်ကို ရိုက်ထည့်စရာမလိုဘဲ ရွေးပေးရမှာဖြစ်ပါတယ်။ 1 ရဲ့ဘေးမှာရှိနေတဲ့ မြှားလေးကို နှိပ်ကြည့်လိုက်ပါ။ ရက်ပေါင်း 31ရက်ကျလာမှာဖြစ်ပြီး ကိုယ်ကြိုက်ရာရက်ကိုရွေးလိုက်ပါ။ အဲလိုပဲ လနဲ့နှစ်တွေကိုလည်း ရွေးလိုက်ပါ။

9. Gender ဘေးက Please Select One ကိုနှိပ်ပြီး Male (ကျား)/ Female (မ)ကိုရွေးလိုက်ပါ။

10. Country /Region ကိုနှိပ်ပြီး Myanmar ကိုရွေးပါ။

11. Please Select One နေရာကိုနှိပ်၍ မိမိရဲ့ဝင်ငွေကိုရွေးပါ။ ကြိုက်ရာရွေးနိုင်ပါတယ်။ အရေးမကြီးပါ။ Please Select One နေရာတွေကို ကြိုက်ရာတစ်ခုဆီရွေးပေးလိုက်ပါ။

12. Alternative address နေရာမှာ e-mail လိပ်စာအတု ဖြည့်ပေးလိုက်ပါ။ ဥပမာ- ........@gmail.com, ........@walla.com @ ရဲ့ရှေ့မှာ ကြိုက်ရာစာလုံးအစားသွင်းပါ။ thura@sammail.com , mgba@gmail.com စသဖြင့်ပေါ့။

13. 

အတွင်းထဲမှစာလုံးကို သေချာကြည့်၍ သူ့အပေါ်မှာရှိနေတဲ့ Box အတွင်းသို့မှန်အောင်ရိုက်ထည့်ပါ။ e-mail ဖောက်ထွင်းသူများရန်မှ ကာကွယ်ထားခြင်းဖြစ်သည်။

14. Hint Question နေရာမှာ မေးခွန်းလေးတစ်ခု ရေးပြီးသက်သေပြုပါ။ Hint Answer နေရာမှာလည်း ကိုယ်မေးတာလေးကို ပြန်ဖြေပေးပါ။ အမိပ္ပါယ်ကတော့ ကိုယ်အသုံးပြုနေတဲ့ Username & Password မေ့ပျောက်ခဲ့လျှင် အမေးအဖြေကို သက်သေပြပြီး ပြန်လည်တောင်းယူနိုင်ပါတယ်။

အားလုံးဖြည့်ပြီးပြီဆိုရင် ကိုယ်ဖြည့်ထားတာလေးတွေ မှန်လားဆိုတာကို ပြန်စစ်ကြည့်ပါ။ ဥပမာအနေနဲ့ Form လေးတစ်စောင်ကို ကျွန်တော်ဖြည့်ပြထားပါတယ်။ ပုံ-5 ကိုကြည့်ပါ။




အားလုံးစစ်ပြီးလို့မှန်တယ်ဆိုရင်တော့ Form ရဲ့ အောက်ဆုံးမှာရှိတဲ့ Sign Me Up ကိုနှိပ်ပါ။

e-mail account ရဖို့အတွက် Register လုပ်တာ မအောင်မြင်သေးဘူးဆိုရင် မူရင်း Form ပုံစံပြန်ပေါ်လာမှာ ဖြစ်ပါတယ်။ အဲလိုပြန်ပေါ်လာရင် ပြန်ဖြည့်ပြီး Sign Me Up ကိုပြန်နှိပ်ပါ။

Form ပုံစံပျောက်သွားပြီး ပုံ-6 မှာပြထားတဲ့အတိုင်း ပေါ်ပြီဆိုရင် Register လုပ်လို့အောင်မြင်သွားပါပြီ။

အဲဒါဆိုရင် ကျွန်တော်တို့ မှတ်ထားခဲ့တဲ့ User Name (သို့) Login name & Password ဟာ အသုံးပြုလို့ရသွားပါပြီ။




e-mail account ရယူတဲ့နေရာမှာ e-mail တစ်ခု နှင့်တစ်ခု ကွာခြားမှုအနည်းငယ်ပဲရှိပါတယ်။ တစ်ချို့ e-mail တွေက UserName ကို Login name, Account Name, Nick Name စသဖြင့် အသုံးနှုန်းလေးပြောင်းသုံးကြတယ်။ တစ်ချို့ကျပြန်တော့လည်း e-mail account ရယူဖို့ Register လုပ်တဲ့အခါ Sing Up ဆိုတဲ့ စာလုံးကို မသုံးနှုန်းဘဲ Click here and Register Now, Not a member? Click here to sign up, .... စသည်ဖြင့် အသုံးအနှုန်းလေးတွေ ကွဲပြားတတ်ပါတယ်။ အဲဒါလေးတွေကို သဘောပေါက်တယ်ဆိုရင် ဘယ် e-mail ကိုမဆို Register ဝင်လုပ်ပြီး Account ယူလို့ရပါပြီ။ ယခု sammail ကိုအသုံးပြုမှာဖြစ်လို့သာ Internet Explorer ရဲ့ Address Bar မှာ www.sammail.com ဆိုပြီး ရိုက်ထည့်တာဖြစ်ပါတယ်။ တကယ်လို့တစ်ခြား mail ဆိုရင်တော့ သူနဲ့သက်ဆိုင်တဲ့ address ကိုရိုက်ထည့်ရမှာဖြစ်ပါတယ်။ ဥပမာ - Singapore mail ဆိုရင် www.singapore.net, cooltoad mail ဆိုရင် www.cooltoad.com, ...wwl mail ဆိုရင် www.wwlmail.com စသဖြင့် ရိုက်ထည့်ရမှာဖြစ်ပါတယ်။ ဝင်ပြီးအသုံးပြုမယ်ဆိုရင်လည်း အတူတူပါပဲ။

ယခု ကျွန်တော်က Username (သို့) Login name ကို thura07 လို့ sammail မှာပေးခဲ့တဲ့အတွက် ကျွန်တော်ရရှိတဲ့ e-mail လိပ်စာလေးကတော့ thura07@sammail.com ဆိုတဲ့ e-mail လိပ်စာလေးကိုရရှိမှာဖြစ်ပါတယ်။ တစ်ခြားနာမည်နဲ့ပေးမယ်ဆိုရင်တော့ "**တစ်ခြားနာမည်** **@sammail.com** "ကိုရရှိမှာဖြစ်ပါတယ်။ ဒီ @ သင်္ကေတလေးကို at ဆိုပြီးအသံထွက်ဖတ်ပါတယ်။

at (@) ရဲ့ရှေ့မှာ Username (or) Login name အစားသွင်းခြင်း၊ at (@)ရဲ့နောက်မှာ သက်ဆိုင်ရာ domain name ထည့်လိုက်ခြင်းဖြင့် မှန်ကန်တဲ့ e-mail လိပ်စာတစ်ခုကို ရရှိပါတယ်။ e-mail လိပ်စာတစ်ခုကို မြင်လိုက်တာနှင့်လည်း ဘယ်ဟာ UserName ဆိုတာသိရမှာဖြစ်ပါတယ်။ at (@)ဆိုတာကတော့ email သင်္ကေတလေးပဲဖြစ်ပါတယ်။

**thura07@sammail.com**

UserName
(or)Login name
(or)Account name

at

သက်ဆိုင်ရာ
Domain Name

ဒီလောက်ဆိုရင် e-mail နဲ့ပတ်သက်လို့ အနည်းငယ် သိသွားပါပြီ။ ယခု e-mail (sammail) ထဲကိုဝင်ပြီးလေ့လာ ကြည့် ရအောင်.... Internet Explorer ကိုဖွင့်ပြီး Address Bar မှာ www.sammail.com ဆိုတဲ့ address ကိုရိုက်ထည့်ပြီး Keyboard မှ Enter ကိုနှိပ်ပါ။ (မှတ်ချက်-Google အောက်က Search Box ထဲကိုရိုက်မထည့်ရ) ခဏအကြာမှာတော့ ပုံ-7 ကိုမြင်တွေ့ရပါမယ်။




ပုံ-7

UserName နေရာမှာမိမိရဲ့ UserName ကိုရိုက်ထည့်ပြီး Password နေရာမှာလည်း e- mail Account လုပ်တုန်းကအောင်မြင်ခဲ့တဲ့ Password ကိုရိုက်ထည့်ပါ။ ပြီးရင် Enter ကိုနှိပ်ပါ။

Enter ကိုနှိပ်လိုက်လို့ သင့်ရဲ့ Password ကို save မှာလားလို့မေးတဲ့ Box လေးတစ်ခုပေါ်လာရင် Yes (or) No ကြိုက်ရာကို နှိပ်လို့ရပါတယ်။

ကိုယ်ရိုက်ထည့်ထားတဲ့ Username နှင့် Password က မှားနေတယ်ဆိုရင် သင့် User name & Password ရိုက်ထည့်တဲ့ နေရာရဲ့ အပေါ်မှာ **Login Failed!!!** ဆိုတဲ့စာလုံး ပေါ်ပြနေပါလိမ့်မယ်။

အဲဒါဆိုရင် UserName နှင့် Password ကို သေချာအောင် ပြန်ရိုက်ပြီး Enter ကိုပြန်နှိပ်ပါ။ e-mail ကိုဝင်ရောက်တာ အောင်မြင်တယ်ဆိုရင်တော့ ပုံ-8 အတိုင်းမြင်တွေ့ရပါမယ်။ တစ်ခါတစ်လေ Login Failed!!! ဆိုတဲ့စာလည်းဖော်ပြမပေးဘူး၊ ပုံ-8ပုံစံအတိုင်းလည်း ကျမလာဘူးဆိုရင် Connection ပြတ်တောက်မှုကြောင့် Key Board မှ F5 ကီး(သို့) အပေါ်က အိမ်ပုံလေးဘေးက Refresh ကို တစ်ချက်နှိပ်ပါ။

e-mail ထဲကို ဝင်ရောက်တာ အောင်မြင်သွားပြီဆိုရင်တော့ ပုံ-8 ပုံစံအတိုင်းမြင်တွေ့ရမှာဖြစ်ပါတယ်။ ပုံ-8 မှာ တော့ e-mail အသုံးပြုရန် လုပ်ဆောင်ပေးနိုင်တဲ့ Function များကိုဖော်ပြထားပါတယ်။




ပုံ-8

## 1. CHECK MAIL (or) INBOX (စာအဝင်လက်ခံ/ဖွင့်ဖတ်ရန်)

Check mail ဆိုတာ ကိုယ့်ဆီကိုဘယ်သူတွေ mail ပို့ထားသလဲဆိုတာကို သိချင်လို့ (Check) စစ်ဆေးတာပဲဖြစ်ပါတယ်။ တစ်ချို့ e-mail တွေမှာဆိုရင် CHECK MAIL လို့မသုံးပဲ INBOX လို့သုံးတာများပါတယ်။ Mail Box ကြီးရဲ့ လက်ဝဲဘက်မှာရှိတဲ့ CHECK MAIL ဆိုတဲ့နေရာကို နှိပ်လိုက်မယ်ဆိုရင် လက်ယာဘက်မှာ သူနဲ့သက်ဆိုင်တဲ့စာရင်း လာပြမှာဖြစ်ပါတယ်။ နှိပ်ကြည့်ပါ။ ယခုလောလောဆယ်တော့ INBOX- 0 Messages, (0) New လို့ပဲပေါ်ပြပါလိမ့်မယ်။ အဓိပ္ပါယ်ကတော့ e-mail အသစ်ရဲ့ CHECK MAIL ထဲမှာ (သို့) INBOX ထဲမှာ စာတစ်စောင်မှမရှိသေးပါဘူးလို့ပြောတာပါ။ CHECK MAIL (သို့) INBOX ထဲကို စာဝင်လာဖို့အတွက် ကိုယ့်ရဲ့ e-mail လိပ်စာလေးကို e-mail အသုံးပြုနေတဲ့ တစ်ခြားတစ်ယောက်ကိုပေးပြီး ပို့ခိုင်းလို့ရသလို၊ မိမိကိုယ်မိမိ ပြန်ပို့လည်းရပါတယ်။

## 2. COMPOSE (စာရေး/စာပို့ရန်)

ဘယ်သူ့ဆီကိုပဲ စာပို့ချင်ပို့ချင် အပြင်မှာဆိုရင်ဘောပင်၊ စာရွက် လိုအပ်တဲ့အပြင် စာတိုက်ကိုလည်း သွားရပါသေးတယ်။ ယှဉ်ကြွန်ပျူတာနဲ့ စာရေးပြီးပို့ချင်တယ်ဆိုရင်တော့ e-mail box ရဲ့ဘယ်ဘက်မှာရှိတဲ့ COMPOSE နေရာလေးကို တစ်ချက်နှိပ်ပြီး လက်ယာဘက်ကိုကြည့်လိုက်ပါ။ စာရေးရန်နှင့်စာပို့ရန် အတွက်အဆင်သင့်အနေအထားကိုတွေ့ရပါမယ်။

စာပို့ရန်ပြင်ဆင်ပုံနှင့် စာပို့လွှတ်ပုံကို အဆင့်ဆင့် ဖော်ပြပေးသွားပါမယ် ....

## ပုံ – 9 တွင်ဖော်ပြထားသော အညွှန်းနံပါတ်များ၏ ဖြေရှင်းချက်

**To:**Main Recipients

**1** ကိုယ်ပို့ချင်တဲ့သူရဲ့ e-mail လိပ်စာကို အတိအကျရိုက်ထည့်ပါ။ eg.traung@168city.com, thuthu@gmail.com, thura07@sammail.com,..... စာကို တစ်ယောက်တည်းဆီပို့ချင်လျှင် လိပ်စာတစ်ခုသာရိုက်ထည့်ပြီး၊ တစ်ယောက်ထက်ကျော်လွန်ပါက လိပ်စာများအကြားတွင် ( , ) ခံ၍သော်လည်းကောင်း၊ Space Bar ခြား၍သော်လည်းကောင်း ရိုက်ထည့်နိုင်သည်။ ပုံ–9 ကိုကြည့်ပါ။




ပုံ-9

## ❷ CC: (Carbon Copy) Other Recipients

CC ဆိုတာ Carbon Copy လို့အဓိပ္ပါယ်ရပါတယ်။ ကိုယ်ပို့တဲ့စာကို အသိပေးရုံသက်သက်သာ အသုံးပြုကြပါတယ်။ CC နေရာမှာ e-mail လိပ်စာတစ်ခုရိုက်ထည့်ပါက ဒီစာဟာသူ့ဆီကိုလည်း Copy တစ်စောင် ရောက်ရှိသွားမည်ဖြစ်သည်။ ဒါပေမယ့် Carbon Copy အနေနဲ့ရောက်ရှိသွားတဲ့အတွက် သူ့အတွက် အရေးသိပ်မကြီးဘူးဆိုတာ ခန့်မှန်းလို့ရပါတယ်။ **အသုံးနည်းလွန်းလို့** CC မှာ လိပ်စာမဖြည့်ခဲ့တော့ပါဘူး။

## ❸ BCC: (Blind Carbon Copy) Secret Recipients

Blind Carbon Copy ဆိုတာအများထဲမှ လျှို့ဝှက်စွာစာပို့ချင်တဲ့အခါမျိုးမှာ အသုံးပြုပါတယ်။ BCC နေရာမှာ ရိုက်ထည့်လိုက်တဲ့ လိပ်စာရှင်ဆီ စာပို့တယ်ဆိုတာ To: နေရာမှာရှိတဲ့သူရော CC နေရာမှာရှိတဲ့သူရော မသိကြပါဘူး။ BCC နေရာမှာ ရှိတဲ့သူကတော့ ဒီစာဟာဘယ်သူ့ဆီကို မူရင်း၊ ဘယ်သူ့ဆီကို Copy ပို့ထားတယ်ဆိုတာကိုသိပါတယ်။ အရေးကြီးတဲ့အခါမှာ အသုံးပြုလေ့ရှိကြပါတယ်။ အခုတော့ လိပ်စာမဖြည့်ခဲ့တော့ပါဘူး။

**4 Subject:** (အကြောင်းအရာအကျဉ်းချုပ်ခေါင်းစဉ်)

ကိုယ်အကြောင်းကြားလိုတဲ့ စာသားရဲ့ အဓိကအနှစ်ချုပ်ခေါင်းစဉ်ပဲဖြစ်ပါတယ်။ စာလက်ခံသူက ဝင်လာတဲ့စာရဲ့ Subject ကိုကြည့်ခြင်းအားဖြင့် အတွင်းမှာ ဘာတွေရေးထားတယ်ဆိုတာကို ခန့်မှန်းနိုင်အောင် ရေးပေးရမှာဖြစ်ပါတယ်။ အဲဒါကြောင့် Subject နေရာမှာရေးသားတဲ့ အကြောင်းအရာဟာ စာကိုယ်ပိုဒ် (Message Body) တစ်ခုလုံးကို ခြုံငုံမိဖို့ကောင်းပါတယ်။

**5 Message Body**

မိမိရေးသားလိုတဲ့ အကြောင်းအရာအပြည့်အစုံကို ရေးသားနိုင်ပါတယ်။ ရေးသားတဲ့နေရာမှာလည်း စာလုံးအသေးတွေနဲ့သာ ရေးသားလေ့ရှိပါတယ်။ စာလုံးအကြီးနဲ့ ရေးသားတယ်ဆိုတာ အော်ပြောတဲ့သဘော မာမာတင်းတင်းပြောတဲ့သဘောကိုဆောင်လို့ အရေးကြီးမှသာ အသုံးပြုကြပါတယ်။ (ဥပမာ – HEY!!!) ရေးသားရင်း စိတ်ထဲကခံစားချက်တွေကို **emotional** သင်္ကေတလေးတွေနဲ့ ပြလို့ရပါတယ်။ Keyboard မှ key လေးတွေကိုအသုံးပြုပြီး လုပ်ကြည့်ပါ။

| | | | | | |
|---|---|---|---|---|---|
| :-) Happy | :-( Sad | <3 Heart | :'( Crying | :-O Shouting | :-D Laughing |
| :-o Surprise | :-@ Screaming | ;-) Wink | :-e Disappointed | >:-< Mad | :-I Indifferent |

**emotional Sign** အသေးစိတ်ကိုနောက်ဆုံးစာမျက်နှာမှာဖော်ပြထားပါတယ် ...

**6 Browse**

စာပို့မယ်ဆိုရင် စာနဲ့အတူကိုယ့်ကွန်ပျူတာထဲမှာရှိတဲ့ File တွေ၊ ပုံတွေ၊ သီချင်းတွေ စသဖြင့်တွဲပြီး ပို့လို့ရပါသေးတယ်။ တွဲပို့ချင်တယ်ဆိုရင် ပထမ ကိုယ်တွဲပို့ချင်တဲ့ File ရှိရာကို လမ်းကြောင်းပေးရပါမယ်။ ဒီနေရာမှာ Browse ကိုအသုံးပြုပါတယ်။ မိမိပို့လိုတဲ့ပုံကိုလည်း ကွန်ပျူတာရဲ့ My Picture ထဲမှာ သိမ်းထားပါ။ ပုံကိုတွဲဖို့အတွက် လမ်းကြောင်းပေးရပါမယ်။ Browse ကိုတစ်ချက်နှိပ်လိုက်ပါ။ ပုံ–9 အတိုင်း မြင်တွေ့ရပါမည်။ မိမိကြိုက်နှစ်သက်တဲ့ပုံကို နှစ်ချက်ဆက်တိုက်နှိပ်ပြီးရွေးလိုက်ပါ။ ပုံမှာ ဖေါ်ပြထားတဲ့ Box အလိုလို ပျောက်သွားပါလိမ့်မယ်။ အဲလို လမ်းကြောင်းပေးပြီးပြီဆိုရင် ရောက်မရောက် Browse ဘေးမှာရှိတဲ့ Box ထဲကိုကြည့်ပါ Box ထဲမှာစာကြောင်းအလိုလိုရောက်လာတယ်ဆိုရင် Browse ပေးလို့ပြီးဆုံးသွားပါပြီ။ တစ်ဆက် တည်းမှာပဲ ....




ပုံ–9

**Attach**

**7** ကိုဆက်နှိပ်ပါ။ မိမိလမ်းကြောင်းပေးထားသောပုံကို e-mail နဲ့ တွဲလိုက်ခြင်းဖြစ်ပါတယ်။ တွဲလို့အောင်မြင်ပြီဆိုရင် Attachment Box လေးထဲမှာ ပုံအမည်နှင့် File အမျိုးအစားကိုမြင်တွေ့ရပါမယ်။ ပုံကို တစ်ပုံထက်ပိုပြီး တွဲချင်သေးတယ်ဆိုရင်လည်း အထက်ပါနည်းအတိုင်း ထပ်၍ဆောင်ရွက်နိုင်ပါတယ်။

### 8 Send

အားလုံးပြင်ဆင်ပြီးသွားပြီ ဖြစ်တဲ့အတွက် send ကိုတစ်ချက်နှိပ်ပြီး ပို့လိုက်ရုံပါပဲ။ အပေါ်မှာရှိတဲ့ Send ကိုပဲနှိပ်နှိပ် အောက်မှာရှိတဲ့ Send ကိုပဲနှိပ်နှိပ် နီးရာကိုနှိပ်ပို့နိုင်ပါတယ်။ တစ်ချက်ထက်ပိုပြီးနှိပ်မိပါက စာတစ်စောင်ထက်ပိုပြီးရောက်သွားတတ်ပါတယ်။ Send ကိုနှိပ်ပြီး ခဏစောင့်နေပါ။ တစ်ချို့ e-mail တွေမှာ စာပို့ခြင်းအောင်မြင်တယ်ဆိုရင် "Your message has been send "ဆိုတဲ့ စာသားလေးပေါ်ပြပါတယ်။ တစ်ချို့ e-mail တွေမှာတော့ စာသားဖော်မပြဘဲ စာပို့တဲ့အနေအထားမှ တစ်ခြားအနေအထားသို့ ပြောင်းလဲသွားပြီဆိုရင် မိမိပို့လိုက်တဲ့စာ အောင်မြင်စွာရောက်ရှိသွားပြီလို့ အမိပ္ပါယ်ရပါတယ်။ တကယ်လို့ ကိုယ်ပို့လိုက်တဲ့စာက အကြောင်းကြောင်းကြောင့် ရောက်မသွားဘူးဆိုရင် ကိုယ့်ရဲ့စာလက်ခံတဲ့ CHECK MAIL (INBOX) ထဲမှာ Mail Delivery Subsys (သို့) MAILLER DEMON ဆိုတဲ့နာမည်နဲ့ ပြန်ရောက်ရှိလာပါလိမ့်မယ်။ အဲဒီလို နာမည်နဲ့ပေါ်လာပြီဆိုရင် ကိုယ့်ဆီကိုဘယ်သူကမှ စာပို့တာမဟုတ်ဘူး ကိုယ်ပို့တာ မရောက်လို့ ကိုယ့်ဆီပြန်လာတာ လို့ပဲသဘောပေါက်ရပါမယ်။

ဒါဆိုရင် e-mail ပို့တဲ့အပိုင်း ပြီးဆုံးသွားပါပြီ။

### 9 Save Draft

e-mail ပို့ရန်အတွက် Compose ကိုနှိပ်ပြီး၊ စာပို့မည့်ပုံစံထဲမှာ ကိုယ်ပို့မည့်အကြောင်းအရာတွေ ရိုက်နေရင်း မပြီးသေးဘဲ တစ်နေရာကို သွားစရာရှိလို့ ယာယီသိမ်းဆည်းထားချင်တယ်ဆိုရင် Save Draft ကို နှိပ်ပြီးသိမ်းခဲ့လို့ရပါတယ်။ အဲဒီစာပြန်လိုချင်တယ်ဆိုရင်တော့ FOLDERS ထဲမှတစ်ဆင့် ပြန်လည်ရယူနိုင်ပါတယ်။

## 3. FOLDERS

မိမိ e-mail ထဲက Inbox ထဲမှာ စာအဝင်ဘယ်လောက်ရှိတယ်၊ Trash လို့ခေါ်တဲ့အမှိုက်ပုံးထဲမှာ Delete လုပ်ထားတဲ့စာတွေဘယ်လောက်ရှိတယ်၊ Draft ထဲမှာ ယာယီသိမ်းထားတဲ့စာ ဘယ်လောက်ရှိတယ်၊ ပို့ပြီးသားစာတွေကို သိမ်းထားပေးတဲ့ Send ထဲမှာ စာအစောင်ရေ ဘယ်လောက်ရှိတယ်ဆိုတာကို အစီစဉ်တကျ တစ်စုတစ်စည်းတည်း ပြသပေးပါတယ်။ e-mail box ရဲ့ဘယ်ဘက်မှာရှိတဲ့ FOLDERS ကိုနှိပ်ပြီး လက်ယာဘက်ကိုကြည့်၍ သိနိုင်ပါတယ်။

## 4. ADDRESS BOOK

မိမိသူငယ်ချင်းတွေရဲ့ လိပ်စာတွေ၊ e-mail လိပ်စာတွေကို မှတ်သားထားနိုင်ပြီး e-mail ပို့တဲ့အခါ ခေါ်ယူအသုံးပြုနိုင်ပါတယ်။ e-mail အသုံးပြုတဲ့ သူငယ်ချင်းတွေရဲ့ လိပ်စာတွေများလာလို့ မမှတ်နိုင်တော့ဘူးဆိုရင်တော့ Address Book ထဲကိုထည့်ထားပါ။

## 5. OPTIONS

OPTIONS မှတစ်ဆင့် မိမိရဲ့ Account Setting ကိုကြည့်ရှုနိုင်ပြီး Password ကိုလည်း Change လို့ရပါတယ်။ Password Change မယ်ဆိုရင် OPTIONS ကိုနှိပ်ပြီး Change Password ကိုနှိပ်၍ Change နိုင်ပါတယ်။

## 6. LOGOUT

e-mail အသုံးပြုတဲ့အခါမှာ Logout ကအရေးကြီးပါတယ်။ မိမိရဲ့ e-mail ကိုပိတ်တဲ့အခါမှာ logout ကိုနှိပ်ပြီး အရင်ထွက်လိုက်ပါ။ ပြီးမှပိတ်ပါ။ မိမိ e-mail ကို logout (မထွက်ဘဲ) ပိတ်ခဲ့လျှင် e-mail window သာပိတ်သွားပြီး မိမိ e-mail ကပွင့်နေတတ်ပါတယ်။ အဲဒီလို ပွင့်နေပြီဆိုရင် နောက်လူတစ်ယောက်က ကိုယ့်ရဲ့ e-mail ထဲကိုဝင်ပြီး သူကြိုက်ရာ လုပ်သွားလို့ရပါတယ်။ အဲဒါကြောင့် e-mail သုံးပြီးရင် logout လုပ်ဖို့ အမြဲသတိရပါ။

တစ်ခြား e-mail တွေမှာဆိုရင် Logout လို့မသုံးဘဲ Sign Out လို့သုံးနှုန်းတတ်ပါတယ်။ ဘယ် E-MAIL ပဲဖြစ်ဖြစ် အသုံးပြုပြီးရင်တော့ Logout (သို့) Sign Out လုပ်ခဲ့ပါ။

**INBOX (or) CHECKMAIL ထဲသို့ဝင်ရောက်လာသောစာများနှင့်ပတ်သက်၍...**

မိမိ e-mail window ရဲ့ဘယ်ဘက်မှာရှိတဲ့ CHECK MAIL ကို **mouse** ဖြင့် တစ်ချက်နှိပ်လိုက်ပါ။ ကိုယ့် CHECK MAIL ထဲမှာ စာဝင်နေတယ်ဆိုရင် ပုံ–10 အတိုင်းမြင်တွေ့ရမှာဖြစ်ပါတယ်။ ပုံ–10 မှာတော့ Myat Noe က ပို့ထားတဲ့စာနဲ့ Thura Aung ကပို့ ထားတဲ့စာနှစ်စောင် ရောက်နေတာကို မြင်တွေ့ရပါတယ်။ အကယ်၍ Myat Noe ပို့လိုက်တဲ့စာကို အကျယ်ဖြန့်ဖတ်ချင်ရင်တော့ Subject အောက်က "Pls :give me g-mail account" နေရာကို mouse နှင့်တစ်ချက်နှိပ်ပြီး ဖတ်လို့ရပါတယ်။ ရောက်လာသမျှစာတွေကို အဲဒီနည်းနဲ့ ဘယ်စာကိုမဆို ဖွင့်ဖတ်လို့ရပါတယ်။




ပုံ–10

စာကိုဖွင့်ဖတ်ရင်းနဲ့ တစ်ဘက်ကပို့လိုက်တာ ပုံလေးရောပါတယ်ဆိုရင်တော့ သူရေးထားတဲ့စာတွေရဲ့အောက်မှာ ပုံကို တစ်ပါတည်း မြင်တွေ့နိုင်ပါတယ်။ ကိုယ့်ဆီစာပို့တဲ့သူထံသို့ သူ့စာရောက်ကြောင်း ကိုယ်လည်းအဆင်ပြေကြောင်း စာပြန်ပို့လိုလျှင် COMPOSE သို့သွား၍ စာရေးရန် ပုံစံယူစရာမလိုပဲ သူပို့တဲ့ mail ထဲမှတစ်ဆင့် စာပြန်ပို့နိုင်သည်။

REPLY ကိုစာပြန်ရန်အတွက် အသုံးပြုနိုင်သည်။ REPLY ၏ဘေးဘက်တွင်ရှိသော FORWARD သည်ကိုယ့်ဆီရောက် လာသော message ကို တစ်ခြားသူငယ်ချင်းများဆီသို့ တစ်ဆင့်လွှဲပြောင်းပို့ရာတွင် အသုံးပြုသည်။

ဒီလောက်ဆိုရင် e-mail အသုံးပြုဖို့ အတွက်တော်တော် အဆင်ပြေသွားပါပြီ။ တစ်ခြား e-mail များကိုလည်းလေ့လာကြည့်ပါ။ အသုံးပြုရတာ တစ်ခုနဲ့တစ်ခု သိပ်မကွာခြားလှပါဘူး။

## ယခုလက်ရှိအသုံးများတဲ့ e-mail တွေကတော့...

| | | |
|---|---|---|
| Singapore mail | - | www.singapore.net |
| wwlmail | - | www.wwlmail.com |
| 168 mail | - | www.168city.com |
| cooltoad mail | - | www.cooltoad.com |
| g-mail | - | www.gmail.com |
| mail | - | www.mail.com |
| sailormoon | - | www.sailormoon.com |
| yyhmail | - | www.yyhmail.com |
| walla | - | www.wallamail.com |
| hot mail | - | www.hotmail.com |
| simple mail | - | www.mail.com |

* * * * * * *

**အင်တာနက်ပေါ်ရှိ မြန်မာ website များမှ ဗေဒင်မေးခြင်း။**

အင်တာနက်ပေါ်မှာ ဗေဒင်မေးလို့ရတဲ့ website တွေအများအပြားရှိပါတယ်။ ဥပမာအနေနဲ့ website တစ်ခုကိုသွားပြီး လေ့လာကြည့်ရအောင်။

Internet Explorer မှာရဲ့ Address Bar မှာ www.alpha.com.mm ဆိုတဲ့ website လေးကို ရိုက်ထည့်ပြီး Enter ခေါက်လိုက်ပါ။




**1.** မြန်မာ့ရိုးရာနက္ခတ်ဗေဒင်ရဲ့အောက်က **Learn more** နှိပ်ပါ။




မိမိကြိုက်နှစ်သက်ရာတွက်ချက်နည်းများကိုလည်းလေ့လာနိုင်သည်။

**2.** လက်ထောက်ဗေဒင်မေးချင်တယ် ဆိုရင် **လက်ထောက်ဗေဒင်အဟောများ** မှ more နေရာကိုနှိပ်ပါ။




**3.** နှိပ်၍ပေါ်လာတဲ့အထဲက မိမိမေးလိုတဲ့အကြောင်းရာကိုရွေးပါ။ ရွေးပြီးပြီဆိုရင် Go ကိုနှိပ်ပါ။

Go ကို နှိပ်ပြီးပြီဆိုရင် ဇယားတစ်ခုပေါ်လာမည်။ ပေါ်လာတဲ့ဇယားပေါ်ကိုမှန်းပြီး mouse ဖြင့်တစ်ချက်နှိပ်လိုပ်ပါ။ မိမိအတွက် ဟောစာတန်း တစ်ခုထွက်လာပါလိမ့်မယ်။

အဲလိုပဲ မဟာဇနက္ခဟောကိန်း၊ သက်ရောက်ဟောကိန်းတွေကိုလည်း လေ့လာနိုင်ပါတယ်။ တစ်ခြားဟောကိန်းတွေကိုလည်း ဆက်ပြီးလေ့လာနိုင်ပါတယ်။

## Forum (အင်တာနက်ပေါ်မှစကားဝိုင်းများ)

အင်တာနက်အသုံးပြုသူတွေ များလာသည့်အလျောက် အယူအဆတူညီမှုတွေ၊ ကွဲလွဲမှုတွေလည်း များလာပါတယ်။ Forum တွေက လူတွေအတွက် စကားဝိုင်းဆိုပေမယ့်လည်း အပျော်သဘောသက်သက် အချိန်ကုန်ခံပြီးရေးထားတာရှိသလို၊ ပညာရပ်များနှင့်ပတ်သက်သော၊ စီးပွားရေးနှင့်ပတ်သက်သော စသဖြင့် အရေးကြီးသော Forum များလည်းအင်တာနက်ပေါ်မှာ အများအပြားရှိပါတယ်။ Forum များသာမရှိခဲ့ဘူးဆိုရင် အပြင်မှာမိမိမသိသေးတဲ့လူတွေ အများကြီးနဲ့ရင်းနှီးသွားဖို့၊ တွေ့ဆုံစကား ပြောဖို့ဆိုတာ မလွယ်ကူလှပါဘူး။

Forum တွေကို ဝင်ရောက်လေ့လာကြပါစို့.......

## Myanmar Music Forum

www.myanmar-music.com

member ဝင်ရန်

member ဝင်ပြီးသားဖြစ်သူ ဝင်ရောက်ရေးသားရန်



www.myanmar-music.com website ကိုခေါ်ယူပြီး ဘယ်ဘက်မှာရှိတဲ့ "စကားဝိုင်း" ဆိုတဲ့နေရာလေးကို နှိပ်ပြီးဝင်ရောက်လေ့လာနိုင်ပါတယ်။

Forum တွေမှာ ဝင်ရေးမယ်ဆိုရင်တော့ member ဝင်ထားပြီးမိမိရဲ့ Username နှင့် Password ကိုရယူထားနိုင်ပါတယ်။ နောက်တစ်ခါ ဝင်ရေးမယ်ဆိုရင်တော့ member ဝင်စရာမလိုတော့ပါဘူး။ ရှိပြီးသား Username နှင့် Password ကိုအသုံးပြုပြီးဝင်ရောက်ရေးသားနိုင်ပါတယ်။

## Mandalay MIT Forum

www.mandalaymit.goodforum.net




**Forum များဝင်ရောက်လေ့လာရန် website များ**

www.people.com.mm

www.popularmyanmar.com

www.yangon.com.mm

www.planet.com.mm

www.bagan.net.mm

www.ainmat.com

www.yamc.info

www.myanmar-guide.de

## Website မှပေါ်ယူအသုံးပြုရသော Web Chatting များကိုလေ့လာခြင်း။

အင်တာနက်ပေါ်မှာ website တွေကတစ်ဆင့်စာရိုက်ပြီး စကားပြောလို့ရတဲ့ Chatting တွေရှိပါတယ်။
ဥပမာ – www.shwesagar.com, www.popularmyanmar.com ,www.myanmarchat.net ...

သာမန်အားဖြင့်တော့ web Chat တွေကိုအသုံးနည်းကြပါတယ်။ Web Chat တွေရဲ့အားနည်းချက်ကတော့ အသံကိုအသုံးပြုပြီးပြောလို့မရတာတွေ၊ အပြန်အလှန်စာရိုက်ပြီး စကားပြောတဲ့အခါမှာလည်း နှေးကွေးမှုတွေ အနည်းငယ်ရှိတတ်ပါတယ်။ Web Chat တွေဟာ ဘယ်လိုနေရာမျိုးမှာ အဆင်ပြေသလဲဆိုရင် ကိုယ်တက်ရောက်နေတဲ့ သင်တန်းကျောင်း၊ လုပ်ငန်းတွေမှာ အင်တာနက်သာ ချိတ်ဆက်ထားပြီး Chatting Software အသုံးမပြုရတာတွေ ရှိတတ်ပါတယ်။ အဲဒီလို အခြေအနေမျိုးမှာတော့ webchat တွေဟာ အရမ်းအသုံးဝင်ပါတယ်။

Web Chatting လေးတစ်ခုကို ဝင်ရောက်လေ့လာ ကြည့်ရအောင်......

Internet Explorer ရဲ့ address Bar မှာ www.shwesagar.com ဆိုတဲ့ website address ကိုရိုက်ထည့်ပါ။ ပေါ်လာတဲ့ Home Page မှ ဘယ်ဘက် "*Home*" စာသားရဲ့အောက်က "*Chat*" ကိုတစ်ချက်နှိပ်ပါ။Box တစ်ခုပေါ်လာပါမယ်။




အထက်မှာဖော်ပြထားတဲ့ Box ထဲကို မိမိကြိုက်နှစ်သက်ရာ နာမည်ရိုက်ထည့်ပြီး Login ကိုနှိပ်ပါ။ Login ကိုနှိပ်ပြီးရင် ခဏစောင့်နေရပါမယ်။




Loding setting အောက်ကမျဉ်းကြောင်းလေး 100% မပြည့်မချင်းစောင့်နေရမည်။ 100% ပြည့်သွားပါက Chatt ပြော လို့ရတဲ့ Page တစ်ခုပေါ်လာပြီး ကိုယ့်ရှေ့မှာ Chat ပြောနေကြတဲ့သူတွေကိုလည်း ဖော်ပြထားမှာဖြစ်ပါတယ်။

တစ်ခါတစ်လေမှာ မိမိရဲ့နာမည်ကို ထပ်ပြီးတောင်းတဲ့ Box တစ်ခုပေါ်လာတတ်ပါတယ်။ အဲလိုပေါ်လာရင် မိမိရဲ့ပထမပေးခဲ့တဲ့




အမည်ကို User name Box ထဲကိုရိုက်ထည့်ပြီး Login ကိုနှိပ်ပါ။ Password နေရာမှာ ဘာမှရိုက်ထည့်စရာမလိုပါ။ခဏ အကြာမှာတော့ Chatting ပြောလို့ရတဲ့စာမျက်နှာဖော်ပြပါလိမ့်မယ်။

Chatting ဘယ်လိုပြော တယ်ဆိုတာကို လေ့လာကြည့်ရအောင်.......




စာရိုက်၍ စကားပြောရန်ပေါ်လာသော Box




ကိုယ်ကစပြီးမိတ်ဆက်လိုက်ပါ (Hello,Hi,.) စသဖြင့်ပေါ့။ သူကိုယ့်ကို ပြန်ပြောတယ်ဆိုရင် သူနဲ့ကိုယ်နဲ့ပြောလို့ရပါပြီ။ တဖက်က ပြောတဲ့လူရဲ့ အသက်၊ ကျား/မ၊နေရာကိုသိချင်ရင် "plz:asl" ဆိုပြီးအတိုကောက်မေးလိုက်ပါ။ ဆိုလိုတာကတော့ Plz: Please, a: age, s: sex (ကျား/မ), l: location (ဘယ်နေရာက Chat)

ကိုယ်က မိတ်ဆက်တာမဟုတ်ဘဲ တစ်ဖက်လူတစ်ယောက်ယောက်က အရင်လာမိတ်ဆက်တာဆိုရင် ကိုယ့်ဆီမှာ Box တစ်ခု အလိုလိုပေါ်လာမည်။

ထို Box လေးများကိုအသုံးပြုပြီး တစ်ယောက်နှင့်တစ်ယောက် Chatting ပြုလုပ်နိုင်ပါတယ်။

## G-mail အသုံးပြုရန် Account ပြုလုပ်ခြင်း။

G-mail ဆိုတာ Google ကပေးတဲ့ E-mail (Electronic Mail) ပဲဖြစ်ပါတယ်။ G-mail ဟာလည်း e-mail အမျိုးအစားဖြစ်တာမို့ မည်သည့် e-mail နှင့်မဆို အပြန်အလှန်ဆက်သွယ်လို့ရပါတယ်။ G-mail ရဲ့အားသာချက်တွေကတော့ e-mail ပို့ရာမှာ အဆင်ပြေချောမွေ့ခြင်း၊ တစ်ခြား mail တွေထက်ပိုပြီး စာတွေကိုသိမ်းပေးနိုင်ခြင်း၊ G-talk ကိုအသုံးပြုပြီး တစ်ယောက်နှင့်တစ်ယောက် တိုက်ရိုက် စကားပြောနိုင်ခြင်း တို့ပဲဖြစ်ပါတယ်။

G-mail အသုံးပြုမယ်ဆိုရင် G-mail UserName နှင့် G-mail Password ရှိဖို့လိုအပ်ပါတယ်။ UserName နှင့် Password ကိုရဖို့ အတွက် G-mail အဖွဲ့အစည်းထံ Form ဖြည့်၍ Register လုပ်ခြင်းဖြင့်ရယူနိုင်ပါတယ်။ အဲဒီလိုလုပ်တာကို G-mail Account ယူတယ်လို့ခေါ်ပါတယ်။

အရင်ကတော့ G-mail Account တစ်ခုလုပ်မယ်ဆိုရင် Form တစ်စောင်ကို လက်ရှိ G-mail အသုံးပြုနေသူတစ်ယောက်ယောက်ထံမှ တောင်းခံရပါတယ်။ အဲဒါကြောင့်တစ်ခြားသူပေးလိုက်တဲ့ Form ကိုလက်ခံရရှိဖို့အတွက် ပထမဦးဆုံး e-mail တစ်ခုကို ကြိုတင်ပြီး ပြုလုပ်ထားရပါတယ်။ အဲဒါမှလည်း Form ပို့ပေးသူက မိမိ e-mail ထဲကို လှမ်းပို့ပေးလို့ရမှာဖြစ်ပါတယ်။ ထို e-mail ထဲမှတစ်ဆင့်ဝင်ပြီး Register လုပ်ကြရပါတယ်။

အခုတော့ G-mail Account ကိုတိုက်ရိုက်လုပ်ယူလို့ရပါပြီ။ အချိန်ကုန်သက်သာပြီး လွယ်ကူတာမို့ ဒီနည်းကိုပဲအသုံးပြုပြီး Register လုပ်ကြည့်ကြရအောင်....

Internet Explore ကိုဖွင့်ပြီး Address Bar မှာ mail.google.com ကိုရိုက်ထည့်ပါ။ အောက်မှာဖော်ပြထားတဲ့ပုံကို တွေ့ရပါမယ်။




Sign up for Gmail ကိုနှိပ်ပါ။ Form တစ်စောင်ကျလာပါလိမ့်မယ်။ Form တစ်စောင်ကျလာသည်အထိစောင့်နေပါ။ တစ်ဘက်မှာဖော်ပြထားတာကတော့ Gmail Account လုပ်ရန် Form ပဲဖြစ်ပါတယ်။ ပြည့်စုံအောင်ဖြည့်ပါ။




1. Login Name,UserName နှင့် Account Name တွေဟာ အသုံးအနှုန်းကွဲလွဲပေမယ့် အတူတူပါပဲ။ Login Name ကိုဖြည့်တဲ့အခါမှာအနည်းဆုံး 6 လုံးပေးရမည်။ စာလုံးအသေးကိုအသုံးပြုပြီး တစ်ဆက်တည်း ရေးပေးရမည်။ စာနှင့်ဂဏန်း တွဲပေးလျှင်လည်းရသည်။
ဥပမာ – thuyaaung2006

2. Password ကိုလည်းအနည်းဆုံး 8 လုံးပေးရမည်။ စာနှင့်ဂဏန်း တွဲပေးလျှင်လည်းရသည်။ သီးသန့်ပေးလျှင်လည်းရသည်။
ဥပမာ – 0123thu
Password ရိုက်ထည့်မည်ဆိုပါက စာအနေနဲ့မြင်တွေ့ရမည်မဟုတ်ပါ။ သူများမသိနိုင်အောင် အမဲရောင်အစက်ပြောက်များဖြင့်သာ တွေ့ရမည်။

3. မိမိပေးခဲ့သော Login Name နှင့် Password ကိုG-mail အသုံးပြုရန်အတွက်သေချာစွာ မှတ်သားထားရမည်။

4. Security Question နေရာမှာ ကြိုက်ရာမေးခွန်းတစ်ခုကို ရွေးပြီး Answer နေရာမှာ လိုက်ဖတ်ရာ အဖြေတစ်ခုကို ဖြေပေးပါ။ အဖြေဟာ အမှန်ဖြစ်ဖို့မလိုပါဘူး။ လိုက်ဖတ်ဖို့တော့လိုပါတယ်။

5. Location နေရာမှာ Myanmar ကိုရွေးပါ။

6. World Verification ရဲ့ အောက်ကစာကို သေချာဖတ်ပြီး အောက်က Box ထဲကိုမှန်အောင် ရိုက်ထည့်ပါ။ Form ကိုသေသေချာချာပြန်စစ်ပါ။ ပြီးရင် I accept.Create my account ကိုနှိပ်ပြီးခဏစောင့်နေပါ။

I Accept. Create my account ကိုနှိပ်ခြင်းသည် G-mail အဖွဲ့အစည်းသို့သွားရောက် Register လုပ်ခြင်း(သို့) Account ပြုလုပ်ခြင်းဖြစ်သည်။ အောင်မြင်တယ်ဆိုရင် အောက်ပါပုံများကိုတွေ့ရမည်။




UserName တူနေရင် သော်လည်းကောင်း၊ Form ဖြည့်တာမှားနေရင် သော်လည်းကောင်း မအောင်မြင်တတ်ပါ။ မအောင်မြင်ဘူးဆိုပါက Form ပြန်ကျလာမည်။ UserName ပြောင်းပြီး Form ကိုပြန်ဖြည့်ပါ။ ပြီးရင် I Accept. Create my account ကိုထပ်နှိပ်ပြီး Register ပြန်လုပ်ပါ။




**ပြန်ကျလာတဲ့ G-mail form ထဲမှာ ...**

ဒီလိုပုံစံဖော်ပြလာရင် thuyaaung2006 နာမည်နဲ့တော့ မရဘူး။ အောက်ဖော်ပြပါနာမည်တွေထဲကတစ်ခုခုနဲ့ဆိုရင် တော့ချက်ချင်း အဆင်ပြေနိုင်တယ်လို့ဆိုလိုပါတယ်။ ကြိုက်ရာကိုနှိပ်ပြီးရွေးချယ်နိုင်ပါတယ်။

## G-mail အသုံးပြုခြင်း။

မိမိမှာ G-mail Account (UserName & Password) ရပြီဆိုရင် G-mail အသုံးပြုလို့ရပါပြီ။ G-mail အသုံးပြုရန်အတွက် အောက်ပါ website များကို အသုံးပြုနိုင်ပါတယ်။

G-mail ဝင်ရောက်နိုင်သော website များ
mail.google.com
www.hoooe.com
www.yoyahoo.com
www.helloyo.com
https://mail.google.com
glite.sayni.net
mmglite.awardspace.com
www.manybanana.com
www.meeway.com
www.htotetal.com

ယခု www.hoooe.com မှတစ်ဆင့် G-mail အသုံးပြုခြင်းကို ပြောပြပေးပါမယ်။

Internet Explorer ရဲ့ Address Bar မှာ www.hoooe.com ကိုရိုက်ထည့်လိုက်ပါ။ ပေါ်လာတဲ့ Box ထဲမှာမိမိ Username & Password ကိုရိုက်ထည့်ပြီး Sign-In ကိုနှိပ်ပါ။




ဥပမာ-အနေနဲ့ thuyaaung2006@gmail.com Account နဲ့ဖော်ပြပေးပါမယ်။ Sing-In ကိုနှိပ်ပြီး ခဏအကြာမှာတော့ သက်ဆိုင်ရာ G-mail Account ကိုဖော်ပြပေးပါတယ်။ G-mail ဖွင့်ရန်အတွက် အထက်ပါ website များကို အသုံးပြုတဲ့အခါမှာ ပေါ်လာတဲ့ Design ချင်းကွာခြားတာကို မြင်တွေ့ရပါမယ်။ ဘယ်လိုပဲကွာခြားပါစေ အသုံးပြုရတဲ့ Function တွေကတော့ ပြောင်းလဲမသွားတဲ့အတွက် ကျန်တဲ့ website တွေမှတစ်ဆင့် ခေါ်ယူအသုံးပြုမယ်ဆိုရင်လည်း အသုံးပြုတတ်ရမည်ဖြစ်သည်။

G-mail အသုံးပြုဖို့ website ကိုဖွင့်လိုက်တဲ့အခါ **Access has been denied** (သို့) **STOP! Access Denied** ဆိုတဲ့စာတန်း ပေါ်လာရင် အဲဒီ website နဲ့ ဖွင့်လို့မရဘူးလို့ ဆိုလိုပါတယ်။ အဲဒါဆိုရင်တစ်ခြား website နှင့်ပြောင်းဖွင့်ပါ။ ဖွင့်လို့အောင်မြင်တယ်ဆိုရင်တော့ တစ်ဘက်မှာဖော်ပြထားတဲ့ပုံစံကို မြင်တွေ့ရပါမယ်။

summary | inbox | unread | compose | settings | invite 50 | logout | thuyaaung2006@gmail.com

Wired Top Stories - Super Paper Mario Leads Onslaught of New Wii Games - 1 day ago

**Standard**

**Inbox (41)**

Starred

Sent

Drafts

All

**Spam (4)**

Trash

Chats

**Quick Searches**

Unread

Customize this Summary page

You are currently using 1 MB (0%) of your 2845 MB.

**Summary** : အကျဉ်းချုပ်။
မည်သည့်နေရာကိုပဲ ရောက်ရောက် ရောက်ရာနေရာမှ ပထမဆုံးမြင်တွေ့ရသော စာမျက်နှာကို ပြန်၍လာချင်ပါက Summary ကိုနှိပ်ရမည်။

**inbox** : စာအဝင်/စာဖွင့်ဖတ်ရန်။
မိမိ e-mail ထဲကို ဘယ်သူစာပို့ထားသလဲဆိုတာ ဝင်ကြည့်ပါ။ ရောက်ရှိနေတဲ့စာများကို Subject အောက်ကအကြောင်းအရာကို နှိပ်ပြီးဖတ်ရှုနိုင်သည်။

**unread** : မဖတ်ရသေးသောစာ။
မိမိမဖတ်အားသေးသောစာများကို unread အတွင်းသိမ်းဆည်းထားပြီး နောက်မှဖတ်ရှုနိုင်သည်။

**compose** : စာပို့ရန်။
စာပို့မည်ဆိုပါက Compose ကိုနှိပ်ပါ။ To နေရာမှာ ကိုယ်ပို့ချင်တဲ့ သူရဲ့e-mail လိပ်စာ အပြည့်အစုံရေးပါ။ Subject နေရာမှာ ရေးလိုတဲ့ခေါင်းစဉ်နှင့် အောက်က စာရေးရန်ကွပ်လပ်နေရာမှာအကြောင်း အရာအပြည့်အစုံကို ရေးပြီး Send ကိုနှိပ်ခြင်းဖြင့် ပေးပို့နိုင်ပါတယ်။ ပေးပို့လို့အောင်မြင်သွားပြီဆိုရင "Your massage has been send" ဆိုတဲ့စာသားပေါ်လာမည်။

**settings** : Account Setting ကိုပြုပြင်ရန်။

**invite** : သူငယ်ချင်းများကိုဖိတ်ခေါ်ရန်
သူငယ်ချင်းများအား G-mail Account ပြုလုပ်ရန် Form တစ်စောင်စီ ခွဲပေးနိုင်ပါတယ်။ invite ကိုနှိပ်ပြီးပေါ်လာတဲ့ Box ထဲမှာ မိမိပေးလိုတဲ့သူရဲ့ e-mail လိပ်စာရိုက်ထည့်ပြီး send ကိုနှိပ်ပါ။ invite ရဲ့ဘေးမှာပြထားတဲ့ 50 ဟာ မိမိခွဲပေးနိုင်တဲ့ Form အရေအတွက်ပဲဖြစ်ပါတယ်။

**logout** : e-mail မှထွက်ရန်
e-mail အသုံးပြုပြီးပါက logout ကိုနှိပ်၍ထွက်ခဲ့ပါ။ ထိုသို့မထွက်ခဲ့ပဲ ပိတ်ခဲ့လျှင် နောက်လူက e-mail စစ်တဲ့အခါ ကိုယ့် e-mail ပွင့်သွားတတ်သည်။

**starred** : မှတ်သားထားရန်
အရေးကြီးသောစာများကို Starred Box အတွင်းတွင်သီးသန့်ခွဲ၍ ထည့်ထားနိုင်သည်။

**Sent** : ပို့ပြီးသောစာများ
မိမိပို့ထားပြီးသောစာများကို ဝင်ရောက်ကြည့်ရှုနိုင်သည်။

**Drafts** : ယာယီသိမ်းထားရန်
compose ကိုယူ၍ စာပို့ရန်အတွက် စာရေးသားနေဆဲ မိမိရေးလက်စစာကို Draft အတွင်းတွင် ခေတ္တသိမ်းထားနိုင်သည်။

**All** : စာအားလုံး
မိမိ e-mail အတွင်းရှိ စာများအားလုံးကို ကြည့်ရှုနိုင်သည်။

**Sparm** : ကြော်ငြာ mail များ
website များကိုသွား ကြည့်ရင်း မိမိ e-mail လိပ်စာကိုပေးမိပါက ထို Company မှပေးပို့သောကြော်ငြာများကို sparm ထဲမှာတွေ့နိုင်သည်။

**Trash** : အမှိုက်ပုံး
မလိုအပ်သောစာများကို ဖျက်လိုက်လျှင် Trash အတွင်းသို့ ရောက်ရှိမည်။ အပြီးဖျက်ချင်ရင်တော့ Trash ကိုနှိပ်ပြီး Delete Forever ကိုဆက်နှိပ်ပါ။

**Chats** : G-Talk ကိုအသုံးပြု၍ သော်လည်းကောင်း၊ မူလ G-mail မှသော်လည်းကောင်း Chatting ပြောဆိုနိုင်သည်။

inbox ကိုဖွင့်ပြီး မိမိထံ ပို့ထားတဲ့စာကိုဖွင့်ဖတ်ရင်း စာပြန်ပို့နိုင်ပါတယ်။ ထိုသို့ပို့မည်ဆိုလျှင် compose ကိုသွား၍ စာရွက်ယူစရာမလိုတော့ပါ။ မိမိထံပို့ထားတဲ့စာရဲ့ လက်ယာဘက်မှာရှိတဲ့ Reply ကိုနှိပ်ပါ။ ပေါ်လာတဲ့ box မှာမိမိ ပို့လိုတဲ့ အကြောင်းအရာကိုရိုက်ပြီး Send ကိုနှိပ်ခြင်းဖြင့် ပေးပို့နိုင်ပါတယ်။ အချိန်ကုန်သက်သာတဲ့နည်းတစ်နည်းဖြစ်ပါတယ်။

Reply ရဲ့ဘေးမှာရှိတဲ့ Forward ကတော့ မိမိထံရောက်လာတဲ့စာကို တစ်ခြားသူငယ်ချင်းများထံသို့ လက်ဆင့်ကမ်းပေးပို့တဲ့အခါမှာ အသုံးပြုပါတယ်။ Forward ကိုနှိပ်ပါ။ ပေါ်လာတဲ့ Box ရဲ့ To နေရာမှာ မိမိပို့လိုတဲ့ သူငယ်ချင်းများရဲ့ e-mail လိပ်စာကို ရိုက်ထည့်ပြီး Send ကိုနှိပ်၍ ပေးပို့နိုင်ပါတယ်။ သူငယ်ချင်းတစ်ယောက်မက ပေးပို့ချင်တယ်ဆိုရင်တော့ To နေရာမှာ သူငယ်ချင်းတစ်ယောက်ချင်းစီရဲ့ e-mail လိပ်စာကို ( , ) ခံ၍ရိုက်ပြီး ပေးပို့နိုင်ပါတယ်။ ပြောဆိုနိုင်သည်။



အင်တာနက် နှင့် အီးမေးလ်
လွယ်ကူစွာအသုံးပြုခြင်း
Using Internet& e-mail

**Google Talk(G-talk)** အသုံးပြုခြင်း။

Google Talk ကိုအသုံးပြုရန်အတွက် G-mail Account ရှိဖို့လိုအပ်ပါတယ်။ G-mail Account မရှိဘူးဆိုရင်တော့ gtalk အသုံးပြုလို့မရပါဘူး။ G-mail ရဲ့ Username & Password ကိုအသုံး ပြုပြီး G-Talk မှာ Chatting ပြောဖို့အတွက် ကွန်ပျူတာ မြင်ကွင်းပေါ်က G-talk icon talk ကိုနှစ်ချက်ဆက်တိုက်နှိပ်ပြီးဖွင့်လိုက်ပါ။ ပုံ-1 ကိုတွေ့ရမည်။




1

Sign in ကိုနှိပ်ပြီး G-Talk ဝင်လို့အောင်မြင်တယ်ဆိုရင်တော့ အောက်မှာဖော်ပြထားတဲ့ ပုံ -2ကို မြင်တွေ့ရမှာဖြစ်ပါတယ်။




2

Talk ဆိုတဲ့စာအောက်က မိမိအသုံးပြုထားသော နာမည်ရဲ့ရှေ့ Sign လေးက အစိမ်းရောင်ဖြစ်နေရင် ပြောရန်အဆင်သင့် ဆိုတဲ့သဘောပါပဲ။ ဒါပေမယ့် ကိုယ့်ရဲ့ G-Talk Box ထဲမှာ မိမိရဲ့သူငယ်ချင်းများကို ပေါင်းထည့်ထားဖို့ လိုအပ်ပါတယ်။ ပေါင်းထည့်တဲ့အခါမှာလည်း G-mail လိပ်စာရှိတဲ့သူကိုမှ ပေါင်းထည့်လို့ရမှာဖြစ်ပါတယ်။

ပေါင်းထည့်မယ်ဆိုရင် Add ကိုနှိပ်ပါ။ အောက်ပါပုံ -3 ကိုမြင်တွေ့ရမည်။




3

ဒီနေရာမှာသူငယ်ချင်းရဲ့ G-mail လိပ်စာအပြည့်အစုံကိုရိုက်ထည့်ပြီး Next ကိုနှိပ်ပါ။

ပေါ်လာတဲ့ Box မှ Finish ကိုဆက်နှိပ်ပါ။ အဲဒီလိုပေါင်းထားလိုက်ရုံနဲ့ စကားပြောလို့မရသေးပါဘူး အပေါင်းခံရတဲ့သူက သူ့ရဲ့ G-talk ကိုဖွင့်လိုက်တဲ့အခါ G-Talk Box ရဲ့အပေါ်မှာ သူငယ်ချင်းအဖြစ် လက်ခံမှာလား/ မခံဘူးလား "Yes" or "No"လို့မေးတဲ့ Box လေးကိုမြင်တွေ့ရပါလိမ့်မယ်။ အဲဒီ Box မှာရှိတဲ့ "Yes" ကိုနှိပ်ပေးရမည်။ ကိုယ်ကပေါင်းထည့်တာဆိုရင် သူ့ဆီမှာပေါ်ပြီး သူက ပေါင်းထည့်တာဆိုရင် ကိုယ့်ဆီမှာလာပေါ်မှာဖြစ်ပါတယ်။ Yes ဆိုပြီးလက်ခံလိုက်ရင် လက်ခံသူရဲ့ Box ထဲမှာနာမည်လေးတစ်ခု ပေါ်လာမှာဖြစ်ပါတယ်။ နာမည်ရဲ့ရှေ့မှာလည်း Sign (အလုံး)လေးပါရှိမှာဖြစ်ပါတယ်။ အဲဒီအလုံးလေး အစိမ်းရောင်နှင့် အနီရောင်ဖြစ်နေလျှင် သူသည် အင်တာနက်မှာ G-Talk ဖွင့်ထားတယ်ဆိုတာသိနိုင်ပါတယ်။ အလုံးလေးဟာ အရောင်အဆင်းမရှိ ဖြစ်နေရင်တော့ သူဟာ Online ပေါ်မှာမရှိဘူးလို့ နားလည်ရပါမယ်။

စကားပြောမယ်ဆိုရင်တော့ မိမိ G-Talk Box ထဲမှာ အလုံးလေးစိမ်းနေတဲ့ နာမည်တည့်တည့်မှာ 2–ချက်နှိပ်လိုက်ပါ။ စကားပြောတဲ့ Box လေးပေါ်လာပြီဆိုရင်တော့ စာရိုက်ပြီးပြောလို့ရပါပြီ။




သူငယ်ချင်းတစ်ယောက်မှ ဖိတ်ခေါ်ထားသောပုံစံ




သူငယ်ချင်းတစ်ယောက်နှင့် စကားပြောနေသောပုံစံ။ အသံနှင့်ပြောလိုလျှင် Head Phone တပ်ဆင်ပြီး တယ်လီဖုန်းပုံလေးကိုနှိပ်ပါ။ တစ်ဘက်မှ လက်ခံပါက ပြောဆိုနိုင်ပါသည်။




ဓာတ်ပုံပြောင်းရန်။ (နှိပ်ပါ)ပေါ်လာသောပုံများကို 2 – ချက်နှိပ်၍ကြိုက်ရာကိုရွေးချယ်နိုင်ပါတယ်။ မိမိကွန်ပျူတာထဲကပုံကိုထည့်သွင်းလိုပါက More Picture ကိုနှိပ်ပြီး ရွေးချယ်ပါ။

G-Talk အသုံးပြုဖို့ ဖွင့်လိုက်တဲ့အခါ တစ်ခါတစ်လေမှာ မိမိရဲ့သူငယ်ချင်းတွေ ပျောက်နေတတ်ပါတယ်။ အဲဒီလိုပျောက်နေတဲ့ အကြောင်းရင်းကတော့ မိမိရဲ့သူငယ်ချင်းတွေဟာ ဘယ်သူမှ Online ပေါ်မှာမရှိလို့ဖြစ်ပါတယ်။ ဒါပေမယ့် Online ပေါ်မှာမရှိတဲ့ သူငယ်ချင်းတွေကို ကြည့်ချင်သေးတယ်ဆိုရင်တော့ View ▾ ကိုနှိပ်ပြီး Show offline friends ကိုနှိပ်ပါ။ Offline ဖြစ်နေတဲ့ သူငယ်ချင်းတွေ ဖော်ပြပါလိမ့်မယ်။

G-Talk ကိုအသုံးပြုပြီး ချက်ခြင်းမပိတ်ရ Signout လုပ်ပြီးမှ ပိတ်ရမည်။ Signout မလုပ်ခဲ့လျှင် နောက်လူက မိမိကိုင်တဲ့စက်မှာ G-Talk Box ကိုဖွင့်လိုက်လျှင် မိမိ၏ G-Talk Box ကျလာတတ်သည်။ Signout လုပ်မည်ဆိုပါကမိမိ G-mail Box မှာရှိတဲ့ မိမိနာမည်အောက်က(▼)ကိုနှိပ်ပြီး ပေါ်လာတဲ့စာကြောင်းများမှ Signout ကိုရွေးပါ။



## သီချင်းများကို ရှာဖွေနားထောင်ခြင်း။

အင်တာနက်ပေါ်မှာသီချင်းနားထောင်လို့ရတဲ့ Website တွေအများကြီးရှိပါတယ်။ www.myanmarmp3.net စသဖြင့်ပေါ်ရှေ့မှာဖော်ပြခဲ့တဲ့ မြန်မာဖျော်ဖြေရေးအစီအစဉ်များထဲမှာ သီချင်းနဲ့ပတ်သတ်တဲ့ website တွေကိုဖော်ပြထားပါတယ်။ အဲဒီအထဲမှာဝင်ပြီး လေ့လာလည်းရပါတယ်။

website တွေထဲမှာ သီချင်းတွေကိုဘယ်လိုနားထောင်လဲဆိုတာ ဥပမာအနေနဲ့ ပြောပြပေးပါမယ်။ သီချင်းနားထောင်ဖို့အတွက် Internet Browser ရဲ့ Address Bar မှာ www.myanmarmp3.net ကိုရိုက်ထည့်ပြီး Enter ခေါက်ပါ။ ပေါ်လာတဲ့ Website ရဲ့ ဘယ်ဘက်ကိုကြည့်ပါ။




1. တစ်ကိုယ်တော်တေးစီးရီးများကိုနားထောင်ချင်ရင် "Single Albums" ကိုရွေးပါ။
2. စုံတွဲသီချင်းများကိုနားထောင်ချင်ရင် Couple Albums ကိုရွေးပါ။
3. ယောကျ်ားလေးအဆိုတော်များကိုနားထောင်ချင်ရင် Male Artists ကိုရွေးပါ။
4. မိန်းခလေးအဆိုတော်များကိုနားထောင်ချင်ရင် Female Artist ကိုရွေးပါ။
5. အုပ်စုလိုက်ဆိုထားတဲ့သီချင်းတွေကိုနားထောင်ချင်ရင် Group ကိုရွေးပါ။
6. ရောရာသီချင်းများကိုစိတ်ဝင်စားတယ်ဆိုရင်တော့ Various Artists ကိုရွေးပါ။

ကျွန်တော်ကတော့ တစ်ကိုယ်တော်သီချင်းတွေကိုနှစ်သက်လို့ Single Albums ကိုရွေးလိုက်ပါတယ်။ အဲဒါဆိုရင် တစ်ကိုယ်တော်တေးစီးရီးတွေအားလုံးကို လာပြပေးပါတယ်။ စာမျက်နှာမှာ မြင်နေရတဲ့ တေးစီးရီးတွေအပြင် အောက်ခြေညာဘက်ထောင့်မှာပြထားတဲ့ Page No: 1 2 3 4 5 6 7 8 ..... စာမျက်နှာနံပါတ်အလိုက်လည်း သီချင်းတွေကိုကြည့်လို့ရပါတယ်။ မိမိကြိုက်နှစ်သက်တဲ့ တေးစီးရီးနာမည်ကိုတစ်ချက်နှိပ်ရွေးလိုက်ပါ။




ပုံ-၁




ပုံ-၂

မိမိကြိုက်နှစ်သက်ရာသီချင်းရဲ့ အစွန်းမှာရှိတဲ့ Speaker ပုံလေးကိုနှိပ်ပြီးနားထောင်နိုင်ပါတယ်။ Download ပြုလုပ်ပြီး ကွန်ပျူတာထဲကိုကူးယူချင်တယ်ဆိုရင်တော့ Floppy disk နေရာမှာ နှိပ်ပြီးကူးယူပါ။ ဒါပေမယ့်ပထမဆုံး Register နှိပ် Form ဖြည့်ပြီး အသင်းဝင်ထားဖို့တော့လိုအပ်ပါတယ်။

**Download** ပြုလုပ်ခြင်း။

အင်တာနက်ပေါ်မှာရှိတဲ့သီချင်း၊ပုံ၊စာရွက်စာတမ်း၊ကွန်ပျူတာ Software /Driver တွေ၊ Virus Defination ၊ Game စသည်တို့ကို မိမိကွန်ပျူတာထဲသို့ အပြီးအပိုင်ကူးယူလိုက်ခြင်းသည် အင်တာနက်မှ Download လုပ်ခြင်းဖြစ်သည်။Download နှင့် Upload သည်ပြောင်းပြန်ဖြစ်သည်။

တစ်ချို့ website တွေဟာ Download လုပ်ဖို့အတွက် Register လုပ်ပေးရပြီး တစ်ချို့မှာလည်းလုပ်ပေးစရာမလိုပါ။ Member ဝင်တယ်၊ Register လုပ်တယ်ဆိုတာ သူတို့သတ်မှတ်ထားတဲ့ Form လေးကိုဖြည့်ပေး ရတာမို့သိပ်တော့မခက်ခဲလှပါဘူး။ဒါပေမယ့်တစ်ခါတစ်လေ website တွေက Form ဖြည့်ပြီး Register လုပ်လို့အောင်မြင်သွားပြန်တော့လည်း မိမိရဲ့ e-mail ကိုတောင်းထားလိုက်ပြီး၊Register လုပ်လို့အောင်မြင်ကြောင်းကို e-mail ထဲမှာပို့ပေးပါတယ်။ကိုယ်က Register လုပ်လို့ရတဲ့ UserName &Password ဟာအသုံးပြုလို့မရသေးဘူးဆိုရင် မိမိရဲ့ e-mail ထဲကိုသွားပြီးသူပို့ထားတဲ့ စာတန်းလေးမှတစ်ဆင့် ပထမဆုံးအကြိမ်ဝင်ပေးမှသာ ကိုယ်ရထားတဲ့ UserName & Password ကအသုံးပြုလို့ရတာ ဖြစ်တတ်ပါတယ်။အဲဒါကို Activate လုပ်ပေးရတယ်လို့ခေါ်ပါတယ်။

**သီချင်းများကို Download လုပ်/နားထောင်ခြင်း။**

website တွေအများစုမှာ Music (or) Entertainment ဆိုတာပါမြဲမို့ သီချင်းတွေကို Downloadလုပ်ဖို့ website ရှာရတာမခက်လှပါဘူး။အဲဒီလိုမရှာချင်ဘူးဆိုရင် ရှေ့မှာဖော်ပြခဲ့တဲ့ website တွေကိုအသုံးပြုပြီး Download လုပ်လို့ရပါတယ်။အခု www.ayinepan.com ထဲကသီချင်းတွေကို Download လုပ်ကြည့်ရအောင်....

Internet Browser ကိုဖွင့်ပြီး Address Bar မှာ www.ayinepan.com ကိုရိုက်ထည့်ပါ။ပေါ်လာတဲ့ Website ရဲ့ အပေါ်ဆုံးခေါင်းစီးမှ Music ကိုရွေးပါ။




Music ကိုရွေးပြီးပေါ်လာမည့်အောက်ပါပုံမှ မိမိနှစ်သက်ရာသီချင်းကို တစ်ချက်နှိပ်ပါ။ကျွန်တော်ကတော့စိုင်းစိုင်းရဲ့ "လရိပ်ချို" ကိုရွေးလိုက်ပါတယ်။



အောက်ပါပုံစံအတိုင်း ပေါ်လာပြီဆိုရင် Download Mp3 ပေါ်မှာ mouse pointer ကိုတင်ထားပြီး right click ကိုနှိပ်ပါ။ ပေါ်လာတဲ့ စာကြောင်းများအနက်မှ Save Target as ကိုရွေးပါ။




ကွန်ပျူတာရဲ့ဘယ်အပိုင်းမှာသိမ်းမှာလဲလို့မေးတဲ့ Box ပေါ် လာလျှင် ဘယ်ဘက်မှာရှိတဲ့ Desktop ကိုတစ်ချက်နှိပ်ရွေးပါ။ File Name နေရာမှာလည်း ကြိုက်ရာပေးလို့ရသည်။ ပြီးရင် Save ကိုနှိပ်ပါ။




Save ကိုနှိပ်လိုက်ပြီဆိုရင် ကွန်ပျူတာကအလိုလို Download လုပ်နေမည်။ 100 % မပြည့်မချင်းစောင့်နေရမည်။ 100 % ပြည့်လျှင် Download လုပ်တာပြည့်စုံသွားပါပြီ။ မိမိရဲ့ကွန်ပျူတာမြင်ကွင်းပေါ်မှာကြည့်ပါ Song File လေးတစ်ခုကိုတွေ့ရမည်။ နားထောင်ချင်တယ်ဆိုရင် ထို Song File ကိုနှစ်ချက်နှိပ်ဖွင့်ပြီး နားထောင်နိုင်ပါတယ်။

သီချင်းများကို တစ်ခြား Website များမှလည်း ရှာဖွေ Download လုပ်ယူနိုင်ပါသည်။

ဥပမာ - www.thanyawzin.com

www.myitzuri.com

www.shwesagar.com

www.planet.com.mm

www.flashband.net

www.nyakabyar.com

* * * * * * * *

## AVG Antivirous Software Download ကူးယူခြင်း။

မိမိရဲ့ကွန်ပျူတာကို Virus ဝင်ရောက်နှောက်ယှက်ဖျက်စီးမှုမှ ကာကွယ်နိုင်ရန်အတွက် Virus ကာကွယ်နှိမ်နင်းတဲ့ Software တစ်ခု Install လုပ်ထားဖို့လိုအပ်ပါတယ်။ လက်ရှိအသုံးပြုနေတဲ့ အသင့်တော်ဆုံးနဲ့ အသုံးအများဆုံး ဖြစ်တဲ့ AVG Software ကို အင်တာနက်မှ Download ရယူနိုင်ပါတယ်။

Internet Browser ရဲ့ Address Bar မှာ www.freegrisoft.com ကို ရိုက်ထည့်ပြီး website ကိုခေါ်ယူလိုက်ပါ။ တကယ်လို့တစ်ခြား virus software တွေကို ရှာချင်တယ်ဆိုရင်တော့ Google ရဲ့ Search Box ထဲမှာ antivirus software download စသဖြင့် ရိုက်ထည့်ပြီး မိမိကြိုက်နှစ်သက်ရာ virus software များကိုလည်း Download လုပ်ယူနိုင်ပါတယ်။




1. AVG Anti-Virus Free ကိုနှိပ်ပါ။



| AVG | Internet Security | Anti-Virus Pro | Anti-Virus Free |
|---|---|---|---|
| Free 24/7 technical support | ✔ | ✔ | ✘ |
| High-speed downloads | ✔ | ✔ | ✘ |
| Consent for commercial use | ✔ | ✔ | ✘ |
| Anti-Virus | ✔ | ✔ | ✔ |
| Anti-Spyware | ✔ | ✘ | ✘ |
| Anti-Spam | ✔ | ✘ | ✘ |
| Firewall | ✔ | ✘ | ✘ |
| Multiple languages | ✔ | ✔ | ✘ |
| | Download | Download | Download |



2. Download ကိုနှိပ်ပါ။




3. avg 7.5 free 463a1000.exe ကိုနှိပ်ပါ။




Software တစ်ခုကို Download လုပ်တိုင်း ဒီပုံစံအတိုင်း အဆင့်ဆင့် သွားမှာဖြစ်ပါတယ်။

4 save ကိုနှိပ်ပါ။




Desktop ကိုမရွေးပဲ ကွန်ပျူတာရဲ့တစ်ခြားတစ်နေရာကို ရွေးပြီး သိမ်းလည်းရပါတယ်။

5 Desktop ကိုရွေး file name ပေးပြီး Save ကိုနှိပ်ပါ။




6 Download လုပ်နေသဖြင့် မပြီးမချင်းမပိတ်ရ။ 100% ပြည့်မှ ပိတ်ရမည်။ Download ပြီးဆုံးသွားပါက မိမိကွန်ပျူတာမြင်ကွင်းပေါ်မှာ  ပုံလေးသည် AVG Software ဖြစ်သည်။ပုံကို နှိပ်၍ မိမိကွန်ပျူတာတွင် Install လုပ်ရန်လိုအပ်သည်။

Virus Software တွေကို အသုံးပြုမယ်ဆိုရင် မိမိကွန်ပျူတာမှာ တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါလောက် Virus Defination Update လုပ်ပေးဖို့ လိုအပ်ပါတယ်။ AVG ကို Update လုပ်မယ်ဆိုရင်တော့ www.grisoft.com/doc/update/lng/us/tpl/tpl01 မှ နောက်ဆုံး Date ပါတဲ့ Defination ကို Download လုပ်ယူနိုင်ပါတယ်။

## Website Free Upload လုပ်ခြင်း။

အကြောင်းအရာ၊ အချက်အလက်တွေကို အင်တာနက်ပေါ်သို့ရောက်အောင် ပို့ဆောင်ထားရှိခြင်းသည် Upload လုပ်ခြင်းဖြစ်သည်။ အင်တာနက်အသုံးပြုတယ်ဆိုတာ လူအများ Upload လုပ်ထားတာတွေကို မျှဝေသုံးစွဲကြခြင်းပဲဖြစ်ပါတယ်။ သူများတွေ ရေးပြီးတင်ထားကြတဲ့ Blog တွေကိုဖက်ရှုခြင်း၊ ပုံတွေကိုကြည့်ရှုလေ့လာခြင်း၊ အရေးကြီးတဲ့ သတင်းအချက်အလက်တွေကိုရယူရင်း တစ်ဖက်တစ်လှမ်းမှလည်း မိမိတို့တွေ့ကြုံခဲ့ရတဲ့ ထူးဆန်းထွေလာလေးတွေ၊ သီချင်းကောင်းလေးတွေ၊ လူအများမသိနိုင်လောက်တဲ့ အကြောင်းအရာတွေ၊ မိမိသိအပ်တတ်အပ်တဲ့ ပညာရပ်လေးတွေကို မျှဝေပေးနိုင်အောင် မိမိနဲ့ပတ်သက်တဲ့ website လေးတစ်ခုလောက် (Upload) လုပ်ကြည့်ရအောင်။

Website တင်မယ်ဆိုရင် website တင်ဖို့အတွက် ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းတစ်ခုခုဆီမှာ လျှောက်ထားရမှာဖြစ်ပါတယ်။ ယခုကျွန်တော်တို့က အခမဲ့အသုံးပြုမှာဖြစ်တဲ့အတွက် websiteအခမဲ့တင်ရန် ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းရဲ့ website address ကို သိထားရမှာဖြစ်ပါတယ်။

ကိုယ်ပိုင် website တစ်ခုကို အသုံးပြုတော့မယ်ဆိုရင် ကိုယ်အသုံးပြုမယ့် website နေရာလေးရဖို့အတွက် သက်ဆိုင်ရာမှာ အဖွဲ့စည်းမှာ Register လုပ်ပေးဖို့လိုအပ်ပါတယ်။ ယခု multiply မှတစ်ဆင့် အခမဲ့အသုံးပြုမှာဖြစ်လို့ Internet Explorer ကိုဖွင့်ပြီး Address Bar မှာ **www.multiply.com** ဆိုတဲ့ address ကိုရိုက်ထည့်ပြီး Enter ခေါက်လိုက်ပါ။

ပေါ်လာတဲ့ပုံမှ "Join for Free" နေရာတည့်တည့်ကို နှိပ်ပါ။




ပုံ-1

Join for free ကိုနှိပ်လိုက်လျှင် Register လုပ်ရန်အတွက် Form တစ်စောင်ပေါ်လာပါလိမ့်မယ်။




ပုံ-2

- Pick Username နေရာမှာ မိမိကြိုက်ရာ Name ကိုဖြည့်ပါ။ မိမိဖြည့်တဲ့အပေါ်မူတည်ပြီး website လိပ်စာရရှိမှာဖြစ်ပါတယ်။ ဥပမာ-thura လို့ဖြည့်ထားရင် ရရှိမယ့် website လိပ်စာကတော့ www.thura.multiply.com ပဲဖြစ်ပါတယ်။ ရေးပြီးမှတ်ထားပါ။
- Password ကိုအနည်းဆုံး 6 လုံးလောက် ရိုက်ထည့်ပေးပြီး သေချာစွာ မှတ်သားထားပါ။
- First Name နေရာမှာဖြည့်တဲ့ဟာက website ပေါ်ပြရင် ခေါင်းစီး အမည်အနေနဲ့ ဖော်ပြပါလိမ့်မယ်။
- (e-mail Address) ကိုမိမိကြိုက်သလိုပေးပါ။
- (Date of Birth) မွေးသက္ကရာဇ်ကို ကြိုက်သလိုရွေးပါ။
- (Gender) နေရာမှာ ကျား(Male)/မ(Female) ကိုရွေးပါ။
- Myanmar ကို ရွေးခဲ့တဲ့အတွက် မြန်မာရဲ့ Postal Code(or)Country Code(or)Zip code = (095) ကိုရိုက်ထည့်ပေးပါ။
- City ကိုယ်ကြိုက်နှစ်သက်ရာ မြို့နှင့်/ Province ကိုယ်နှစ်သက်ရာ ပြည်နယ်/တိုင်းကို ရိုက်ထည့်နိုင်ပါတယ်။
- e-mail Alerts နေရာမှာ ကြိုက်ရာတစ်ခု ရွေးထည့်ပေးလိုက်ပါ။

အားလုံးဖြည့်ပြီးပြီဆိုရင် Register ကိုနှိပ်ပါ။ Register လုပ်တာအောင်မြင်တယ်ဆိုရင် ပုံ-3 အတိုင်းမြင်တွေ့ရပါမယ်။



ပုံ-3

ပုံ-3 မှာဖော်ပြထားတာကတော့ကိုယ့်သူငယ်ချင်းတွေဆီကို multiply အကြောင်းသတင်းပေးချင်ရင်တော့ Add Your Cont acts Box ထဲကို သူငယ်ချင်းတွေရဲ့ e-mail လိပ်စာရိုက်ထည့်ခြင်းဖြင့် Next ကိုနှိပ်ပြီး အကြောင်းကြားနိုင်ပါတယ်။ ဒီအဆင့်အထိရောက်သွားပြီဆိုရင် Register လုပ်တာ အောင်မြင်သွားပါပြီ။ အောင်မြင်သွားပြီဆိုရင် website ရဲ့ညာဘက်အပေါ်ဆုံးမှာ ရှိတဲ့မိမိနာမည်အောက်က logout ကိုနှိပ်ပြီးထွက်လိုက်ပါ။ ဒါဆိုရင် Register လုပ်တဲ့အပိုင်းပြီးဆုံးသွားပါပြီ။ Register လုပ်လို့ မိမိရလိုက်တဲ့ရလဒ်တွေကတော့ ....

1.username - (eg. thura)
2.Password- *****
3.website address- (eg- www.thura.multiply.com) (www. ရဲ့နောက်မှာရှိတဲ့ user name ကိုအစားသွင်းပေးပါ)

မှတ်ချက်။ ။username,password & website လိပ်စာတို့ကိုမိမိစာအုပ်ထဲမှာသေချာစွာမှတ်သားထားပါ။

ကဲ .... အထက်ပါအချက်အလက်တွေကို မှတ်သားထားပြီး multiply website ကိုအသုံးပြုကြည့်ရအောင် .....

**အသုံးပြုတဲ့အပိုင်းမှာ 2 ပိုင်းပါဝင်ပါတယ်။**

***1.User ဝင်ကြည့်တဲ့အပိုင်း***

***2.ပိုင်ရှင်အနေနဲ့ Upload လုပ်တဲ့အပိုင်း။***

1. User အနေနဲ့ဝင်ကြည့်တဲ့အပိုင်းကတော့လွယ်ပါတယ်။ Internet Browser ရဲ့ Address Bar မှာ မိမိရဲ့ website လိပ်စာကိုရိုက်ထည့် enter ခေါက်ပြီးဝင်ကြည့်လိုက်ရုံပါပဲ။ ဒါပေမယ့် ဒီအခြေအနေအတိုင်း ဝင်ကြည့်မယ်ဆိုရင်တော့ website ခေါင်းစဉ်ကလွဲလို့ဘာကိုမှ တွေ့ရဦးမှာမဟုတ်သေးပါဘူး။ အဲဒီတော့ ဒုတိယပိုင်းကိုအသုံးပြုပြီး ဓာတ်ပုံ/စာတွေကိုအရင် Upload အရင်လုပ်ကြည့်ရမှာဖြစ်ပါတယ်။

2. ပိုင်ရှင်အနေနဲ့ ဝင်တင်တဲ့အပိုင်းကို အသုံးပြုဖို့အတွက် Username & Password လိုအပ်ပါမယ်။ ပထမဆုံး Internet Explorer ရဲ့ Address Bar မှာ ***www.multiply.com*** ကိုရိုက်ထည့်ပါ။ website ပေါ်လာပြီဆိုရင် User ID နေရာမှာ username နှင့် Password နေရာမှာ Password ကိုရိုက်ထည့်ပြီး Sign in ကိုနှိပ်ပါ။ Username & Password မှန်ကန်ပါက မိမိ၏ website ပေါ်လာမည်။




ပထမဆုံးအနေနဲ့ My Site ရဲ့ ညာဘက်အပေါ်ဘက်ထောင့်မှာရှိတဲ့ **No Photo** click to Upload ဆိုတဲ့နေရာလေးမှာမိမိဓာတ်ပုံ(သို့) မိမိကြိုက်နှစ်သက်တဲ့ ဓာတ်ပုံကိုအစားသွင်း Upload လုပ်ထားနိုင်ပါတယ်။ အဲဒီနေရာကိုတစ်ချက်နှိပ်လိုက်ပါ။ ဓာတ်ပုံတောင်းတဲ့လမ်းကြောင်းပေါ်လာပါလိမ့်မယ်။ [ ] (Browse) Browse ကိုနှိပ်လိုက်လျှင် ဓာတ်ပုံရွေးဖို့အတွက် My Picture Box အတွင်းသို့ရောက်ရှိသွားမည်။ မိမိဓာတ်ပုံကို တင်ချင်တယ်ဆိုပါက ကွန်ပျူတာရဲ့ My Picture Box ထဲကို Scanner ကိုအသုံးပြုပြီး ထည့်သွင်းထားရမည်။ ဓာတ်ပုံဆိုင်မှ Scan ဖတ်၍ CD (သို့) Memory Stick, MP3 Player ဖြင့်လည်း ကူးယူထည့်သွင်းထားနိုင်သည်။ တကယ်လို့ My Picture ထဲက အသင့်ရှိနေတဲ့ပုံကိုပဲ တင်မယ်ဆိုပါက မိမိနှစ်သက်ရာပုံကိုတစ်ချက်နှိပ်ပြီး Open ကိုနှိပ်ရမည်။ ပြီးရင် Browse ဘေးမှ OK ကိုနှိပ်ရမည်။ နှိပ်ပြီးခဏစောင့်နေပါ။ ဓာတ်ပုံအလိုလိုပေါ်လာမည်။

ပေါ်လာသော My Picture Box အတွင်းမှ မိမိကြိုက်နှစ်သက်ရာဓာတ်ပုံကို တစ်ချက်နှစ်ပြီး Open ကိုနှိပ်ပါ။ Box တစ်ခုထပ်ပေါ်လာလျှင် OK ကိုနှိပ်ပါ။ မိမိ Website ရဲ့ Title Box အတွင်းမှာ မိမိရွေးချယ်ခဲ့တဲ့ ဓာတ်ပုံကိုမြင်တွေ့ရမည်။

ကဲ....အခုကစပြီး ဓာတ်ပုံတွေ၊ Blog တွေဖန်တီးကြည့်ကြရအောင်.....

ကျွန်တော်တို့ Website ထဲမှာ ဘာတွေ Upload လုပ်လို့ရသလဲဆိုရင် Photo, Blog, Music, Video, Link စသည်တို့ကို ဖန်တီးပြီး Upload လုပ်လို့ရပါတယ်။




မိမိ Website ထဲကို မိမိအကြောင်း(Biography) ရေးပြီးတင်မည်ဆိုပါက About Me မှ Edit Welcome Message ကိုနှိပ်ပါ။ ပေါ်လာတဲ့ Box ထဲမှာမိမိအကြောင်းရေးပြီး Save ကိုနှိပ်ပြီးတင်ပါ။



Photo Upload လုပ်လိုလျှင် Photos အကွက်ထဲမှ Upload Photos ကိုနှိပ်ပါ။ အောက်ပါပုံပေါ်လာမည်။ Browseကိုနှိပ်ပြီး




ဓာတ်ပုံရွေးချယ်ပါ။ Browse ကိုနှိပ်လိုက်လျှင် My Picture Box ပေါ်လာမည်။ မိမိရွေးချယ်လိုတဲ့ပုံ ကိုတစ်ချက်နှိပ်ပြီး Open ကိုနှိပ်ပါ။ မိမိဓာတ်ပုံ Upload လုပ်လိုပါက My Picture Box ထဲကို မိမိဓာတ်ပုံ ထည့်သွင်းထားရမည် Browse တစ်ခုဆိုလျှင် ဓာတ် ပုံတစ်ပုံ ရွေးချယ်နိုင်သည်။ မိမိတင်လိုသည့်ဓာတ်ပုံများကို ရွေးချယ်ပြီးသည်နှင့် Upload ကိုနှိပ်ပါ။ Upload ကိုနှိပ်ပြီးအောက်ပါပုံ ပေါ်လာသည်အထိစောင့်ပါ။ အောက်ပါပုံမှာ လိုအပ်သည်များကိုရေးပေးပြီး Save & Public ကိုနှိပ်ပြီးတင်လိုက်ရုံပါပဲ။



Blog, Music,video စသည်တို့ကို Upload လုပ်မယ်ဆိုရင်လည်း အထက်ကဓာတ်ပုံ Upload လုပ်တဲ့အတိုင်း လုပ်ရမှာဖြစ်ပါတယ်။ ဓာတ်ပုံ Upload လုပ်တတ်တယ်ဆိုရင် ကျန်တာတွေအားလုံး လွယ်သွားပါပြီ။

မိမိနှစ်သက်ရာများကို ကြိုးစားပြီး Upload လုပ်ကြည့်ပါ။ Upload လုပ်နေကျဖြစ်သွားရင် အလိုလိုလွယ်ကူသွားပါမယ်။

မိမိတင်လိုက်တာ မှန်ကန်တယ်ဆိုရင် My Site ရဲ့အောက်မှာ Photo/Blog /... တင်ထားသမျှကို ဖော်ပြပါလိမ့်မယ်။ အဲဒါတွေက ပြန်ပြီးပြင်ချင်တယ်/ ဖျက်ချင်တယ် ဆိုရင်လည်း My site ထဲမှာဘဲ ပြင်ဆင်ရမှာဖြစ်ပါတယ်။

မိမိကြိုက်နှစ်သက်ရာများကို Upload လုပ်ပြီးသွားပြီဆိုရင် မိမိ Website ကို logout လုပ်ပြီးထွက်ခဲ့ပါ။




Logout ကိုနှိပ်၍ မိမိ၏ Account မှထွက်နိုင်သည်။

Internet Browser ရဲ့ Address Bar မှာ မိမိ website လိပ်စာကို ရိုက်ထည့်ပြီး မိမိတင်ထားသမျှကို User တစ်ယောက်အနေနဲ့ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ ကြည့်ရှုရုံသက်သက်ကလွဲလို့တော့ ဘာမှပြင်ဆင်/ ဖျက် (Edit/Delete) လုပ်လို့မရပါဘူး။ မိမိသူငယ်ချင်းတွေကိုလဲ မိမိ website လိပ်စာကို ပေးထားနိုင်ပါပြီ။ မိမိအကြောင်းအရာအသစ်တွေတွေ့တိုင်း သတင်းထူးတွေကြားရတိုင်း ပညာရပ်အသစ်တွေသိတိုင်း Blog ထဲမှာ ဝင်ရောက်ရေးသားခြင်းဖြင့် မိမိသူငယ်ချင်းများကို ခွဲဝေပေးနိုင်ပါပြီ။



* * * * * * * *

## Blog Upload လုပ်ခြင်း။

ယခုလက်ရှိအနေထားမှာ Blog သီးသန့် ရေးသားတဲ့သူတွေ တော်တော်များလာပါတယ်။ တစ်ချို့ကလည်း အဝေးကိုရောက်နေတဲ့ သူငယ်ချင်းတွေဖတ်ဖို့ စာတွေ၊ ဝတ္ထုတိုလေးတွေ၊ မှတ်တမ်းဓာတ်ပုံလေးတွေကို Design လှလှလေးတွေဖန်တီးပြီးမိမိ Blog ထဲမှာ တင်ပြထားပါတယ်။ တစ်ချို့ကျပြန်တော့လည်း မိမိကုန်ပစ္စည်းတွေရဲ့ကြော်ငြာတွေ၊ သတင်းအချက်အလက်တွေ စတဲ့ အများကိုသိစေချင်တဲ့ အကြောင်းအရာတွေကို ရေးသားဖော်ပြထားလေ့ရှိပါတယ်။

ကိုယ်လည်း Blog တွေကို ရေးသားဖန်တီးလို့ရပါတယ်။ အင်တာနက်ပေါ်မှာ ကိုယ်ပိုင် Blog တွေတည်ဆောက်နိုင်ရန် ဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းတွေ website တွေ အများကြီးရှိပါတယ်။ ဥပမာ–Person,Friendster,Blogger မိမိကြိုက်နှစ်သက်ရာ အဖွဲ့အစည်းမှာဝင်ရောက် Account ယူပြီးရေးသားနိုင်ပါတယ်။

ယခုလူသုံးအများဆုံး site ဖြစ်တဲ့ www.blogspot.com ကို အသုံးပြုပြီး Blog တစ်ခုလောက် တည်ဆောက်ကြည့်ရအောင်။ Address Bar မှာ www.blogspot.com ကိုရိုက်ထည့်ပါ။ Blogger Homepage ကိုနှိပ်ပါ။




Blog တစ်ခုတည်ဆောက်မယ်ဆိုရင် CREATE YOUE BLOG NOW ကိုနှိပ်ပါ။




Form ကိုပြည့်စုံအောင် ဖြည့်ပြီး CONTINUE ကိုနှိပ်ပါ။



Form ဖြည့်တဲ့အခါမှာ e-mail လိပ်စာ အသုံးပြုပြီးသားဖြစ်နေရင်သော်လည်းကောင်း၊ ကိုယ်ပေးတဲ့ Display Name က သူများယူပြီးသားဖြစ်နေရင်သော်လည်းကောင်း အဆင်ပြေမည်မဟုတ်ပါ။




CONTINUE ကိုနှိပ်၍ အောက်ပါပုံ ပေါ်လာတဲ့အခါ မိမိကြိုက်နှစ်သက်ရာ Background ပုံကို မိမိ Blog အတွက်ရွေးပေးပါ။






Blog တည်ဆောက်တဲ့အပိုင်း ပြီးဆုံးသွားပါပြီ။ မိမိ Blog ၏ Display Name(or)UserName ကို သေချာစွာမှတ်သားထားပြီး မိမိ Blog ထဲကိုဝင်ပြီး အကြောင်းအရာအသစ်တင်တိုင်း အသုံးပြုရမည်။

START POSTING ကို နှိပ်ပြီး စတင် POST လုပ်နိုင်ပါပြီ။ အောက်ပါပုံကိုလေ့လာကြည့်ပါ။ Posting မှ Post အသစ်များကို တင်နိုင်ပြီး မိမိ၏ Account Setting များ၊ နောက်ခံ Template များကိုလည်း ဝင်ရောက်ပြင်ဆင်နိုင်ပါတယ်။




မိမိတင်ထားတဲ့ Blog Site ကိုသွားကြည့်မယ်ဆိုရင် Blog Create လုပ်တုန်းက မိမိပေးခဲ့တဲ့ Blog Address (ဥပမာ - http://thuthu.blogspot.com) အတိုင်း Internet Explorer ရဲ့ Address Bar မှာရိုက်ထည့်ပြီး ခေါ်ကြည့်ရမှာဖြစ်ပါတယ်။

တကယ်လို့မိမိရဲ့ Blog ကိုပိတ်မယ်ဆိုရင် ပထမ Sign Out လုပ်ပြီးမှပိတ်ပါ။ နောက်တစ်ခါ ပြန်ဝင်ပြီးတင်ချင်တယ် ဆိုရင်တော့ www.blogspot.com website ထဲဝင်၍ Blogger Home Page ကိုနှိပ်ပြီး မိမိ၏ Display Name (or)User Name & Password ရိုက်ထည့်ခြင်းဖြင့် ဝင်ရောက်နိုင်ပါတယ်။

Blog တွေဟာ အခုနောက်ပိုင်းမှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့အတွက် များစွာအထောက်အကူပြုလာတဲ့အလျောက် Blogger ကောင်းများလည်း ပေါ်ထွက်လာကြပါတယ်။

## Myanmar e-library

စာပေဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရဟန်းသံဃာတော်များနှင့် ဗဟုသုတ ရှာဖွေချင်သူများအတွက် မသိမဖြစ် အထူးသိသင့်တဲ့ နေရာလေးတစ်ခုကတော့ အင်တာနက်ပေါ်က e-library ပဲဖြစ်ပါတယ်။ မိမိတို့လိုအပ်တဲ့ စာအုပ်တွေအားလုံးကို ဘယ်ကိုမှ သွားစရာမလိုတော့ဘဲ ဒီတစ်နေရာတည်းမှာဘဲ ရှာဖွေဖတ်ရှုနိုင်ပါပြီ။

Internet Browser ရဲ့ Address Bar မှာ www.myanmarelibrary.com ကိုရိုက်ထည့်လိုက်ပါ။ ပေါ်လာတဲ့ website ရဲ့ အပေါ်မှာရှိတဲ့ မိမိကြိုက်ရာခေါင်းစဉ်ကိုရွေးပါ။




မိမိကြိုက်နှစ်သက်သည့်စာအုပ်များကို အမျိုးစားအလိုက်၊ ခေါင်းစဉ်အလိုက် ပထမဆုံးရှာဖွေလိုက်ပါ။ ဖော်ပြပါစာအုပ်များထဲမှ မိမိဖတ်လိုတဲ့ စာအုပ်ပေါ်ကိုတစ်ချက်နှိပ်ပါ။

နောက်ထပ်ပေါ်လာတဲ့စာမျက်နှာရဲ့အောက်နားမှာ **Download** နှင့် **Read** ကိုတွေ့အောင်ရှာပါ။ Read ကိုနှိပ်၍ စာအုပ်အတွင်းရှိစာများကိုဖတ်ရှုနိုင်ပြီး မိမိကြိုက်နှစ်သက်ပါက Download ကိုနှိပ်၍ စာအုပ်တစ်အုပ်လုံး ကူးယူနိုင်ပါတယ်။

* * * * * * * *

## QQ Chat အသုံးပြုခြင်း။

QQ chat အသုံးပြုမယ်ဆိုရင် Internet ချိတ်ဆက်ထားတဲ့ Computer မှာ QQ Software တင်ထားရပါမယ်။ Chat Room ထဲကိုဝင်ဖို့အတွက် QQ နံပါတ်နဲ့ Password နံပါတ်လိုအပ်ပါတယ်။

အဲဒီနံပါတ် 2 ခုကိုရဖို့အတွက် Register လုပ်ရပါမယ်။ Register လုပ်မယ်ဆိုရင်...

1. Computer မြင်ကွင်းပေါ်မှာ ရှိတဲ့ QQ icon ကို 2-ချက်နှိပ်ဖွင့်လိုက်ပါ။ ပုံ-1 ကိုမြင်တွေ့ရမှာဖြစ်ပါတယ်။




ပုံ-1

2. ပုံ-1 မှာဖော်ပြထားတဲ့အတိုင်း Register ကိုနှိပ်ပါ။ ဆက်လက်၍ ပုံ-2 ကိုမြင်တွေ့ရမည်။




ပုံ-2

3. ပုံ-2 မှာ ဖော်ပြထားတဲ့အတိုင်း Register a New QQ No. ရဲ့ထိပ်က Option Box ကိုနှိပ်ပြီး၊ **Next ကိုနှိပ်ပါ။** ဆက်လက်ပြီး ပုံ-3 ကိုမြင်တွေ့ရမည်။

ပုံ-3 မှာတော့ လိုအပ်တဲ့အချက်အလက်တွေကို သက်ဆိုင်ရာ Box မှာဖြည့်ပေးရမှာဖြစ်ပါတယ်။ ဖြည့်ပြီးတဲ့အခါမှာလည်း Password ကိုသေသေချာချာ မှတ်ထားရမှာဖြစ်ပါတယ်။ အဲဒါမှ QQ Chat ထဲကိုနောက်အကြိမ်တွေမှာလည်းဝင်လို့ရမှာ ဖြစ်ပါတယ်။

ကဲ...အသေးစိတ်လေ့လာရအောင်....




ပုံ -3

Nickname - အသုံးပြုသူရဲ့ နာမည်
Age - အသက်
Gender - **Male/Female**
Password -
Re-enter - > သော့ နံပါတ်(**QQ ဝင်ရန် Password**)
Country - နိုင်ငံအမည်
Province - ပြည်နယ်/တိုင်း
City - မြို့အမည်




ပုံ -4

အနည်းဆုံး Character 4 လုံးရိုက်ထည့်ပါ။ အက္ခရာ၊ ဂဏန်းနှင့် သင်္ကေတများ ရောရိုက်နိုင်သည်။ စာပေါ်မည်မဟုတ်ပါ (*) သင်္ကေတဖြင့်သာ တွေ့ရမည်။

ဖြေရှင်းချက်

4. -Nickname ရဲ့အောက်မှာ Name တစ်ခုခုသက်မှတ်ပေးပြီး **သေချာစွာ** မှတ်သားထားပါ။
-Gender နေရာမှာ Male(ကျား)/ Female (မ) သက်ဆိုင်ရာထည့်ပါ။ (M or F)
-password ပေးတဲ့အခါမှာ အရေးကြီးပါတယ်။ Password ရိုက်ထည့်တဲ့အခါ ဂဏန်း၊ အက္ခရာ၊ သင်္ကေတ **သီးသန့်သော်လည်း** ကောင်း၊ ရောရှသော်လည်းကောင်း အနည်းဆုံး 6 လုံးနှင့် 16 လုံးကြား ရိုက်ထည့်နိုင်သည်။ ကိုယ်ကြိုက်ရာကို ပေးလို့ရသလို ကိုယ်ပေးခဲ့တဲ့ နံပါတ်ကိုလည်း **သေသေချာချာ** မှတ်ထားရမှာဖြစ်ပါတယ်။
သက်ဆိုင်ရာနေရာလေးတွေမှာ အလိုက်သင့်ဖြည့်လိုက်ပါ။ ပြီးလျှင် Next ကိုနှိပ်ပါ။ တခါတလေမှာ သင့် **Password ကရိုးအလွန်း** တယ်လို့ပြောတဲ့အောက်က Box လေးကိုမြင်တွေ့ရမယ်။




Password ပြန်ပြင်ချင် Cancel ကိုနှိပ်ပြီးပြင်နိုင်ပါတယ်။ ဒီအတိုင်းပဲသွားမယ်ဆိုရင်လည်းရပါတယ်။ **OK ကိုရွေးပါ။**
ပုံ -5,6 သို့....




ပုံ-5




ပုံ-6

5. မည်သည့်ကွပ်လပ်မှုဖြည့်ပေးစရာမလိုပါ။ Next ကိုနှိပ်၍ဆက်သွားပါ။




ပုံ-7




ပုံ-8




ရွေး/နှိပ်ပါ

ပုံ-9

နှိပ်ပါ

6. Use Current Computer Network Setting ထိပ်က Option Box ကိုနှိပ်ပါ။ ပြီးလျှင် Next ကိုနှိပ်ရမည်။
ပုံ-10 တွင်မြင်ရသည့်အတိုင်း ပြောင်းနေသော အရုပ်လေးများ မရပ်မချင်းစောင့်ရမည်။




ပုံ – 10




ပုံ – 11

**7.** ပြောင်းနေသောအရုပ်လေးများ ရပ်သွားသော်လည်း ပုံ–11 ကဲ့သို့ QQ Number မပါသေးလျှင် Back ကိုထပ်မံ၍နှိပ်ပါ။ ပြီးလျှင် Next ကို ထပ်မံ၍နှိပ်ရမည်။ အထပ်ထပ်အခါခါ လုပ်တာတောင်မှ နံပါတ်ကျမလာသေးလျှင် Returnကိုနှိပ်၍အစမှ Form ပြန်ဖြည့်ပါ။




ပုံ – 12

**8.** အကယ်၍ပုံ–12 အတိုင်းကျလာမယ်ဆိုရင် ကျွန်တော်တို့ရဲ့ Register လုပ်ခြင်းဟာ ပြီးဆုံးသွားပြီဖြစ်ပါတယ်။ ရရှိတဲ့ QQ နံပါတ် ကတော့ **2041283** ပဲဖြစ်ပါတယ်။ Finish ကိုနှိပ်ပါ။ Finish ကိုနှိပ်လိုက်တာနဲ့တစ်ပြိုင်နက် Chatting ထဲကို စတင်ရောက်ရှိသွားပါပြီ။

Register လုပ်ရင်းနဲ့ Chatting ထဲကို တိုက်ရိုက်ဝင်ရောက်ခြင်းဖြစ်ပါတယ်။

နောက်တစ်ကြိမ်ဝင်မယ်ဆိုရင် Register လုပ်ရန် မလိုတော့ပါ။ သင်ဖြည့်ခဲ့သော အမည်၊ နံပါတ်တို့ကို သေချာစွာမှတ်သားထားရန်သာလိုအပ်သည်။

QQ Chat ကိုဝင်ရောက်ဖို့အတွက်လိုအပ်တာအားလုံး ပြည့်စုံသွားပါပြီ။

ဥပမာ–

* Chatting မှာဖော်ပြမည့်အမည် (Nickname)- **Thura**
* Chatting ဝင်ရောက်ရန် QQ နံပါတ် - **2041283**
* Chatting ဝင်ရောက်ရန် Password နံပါတ်- **tthhuu****

ကဲ...Chatting ဝင်ရောက်ပြီးပြီဖြစ်လို့ ဆက်လက်ပြီး ဘယ်လိုအသုံးပြုတယ်ဆိုတာရယ်၊ နောက်ထပ်ဘယ်လိုပြန်ဝင်ရမယ်ဆိုတာရယ်ကို ကိုပြောပြပါမယ်။




ပုံ−13

**9.** အထက်မှာဖေါ်ပြခဲ့တဲ့အတိုင်း ပုံ−12 မှ Finish ကိုနှိပ်လိုက်လျှင် ပုံ−13 အတိုင်း မြင်တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့က ပထမဆုံး QQ Chat မှာဝင်ပြီး စကားပြောနေတဲ့လူတွေကို အရင်သွားကြည့်ပါမယ်။ ကြည့်ရင်းနဲ့မှ ကိုယ်လည်းတစ်ခါတည်း ဝင်ပြောပါမယ်။

**My Buddies** −ကျွန်ုပ်၏သူငယ်ချင်းများ

My Buddies ရဲ့အောက် ဧရိယာထဲမှာ ကိုယ်ပြောချင်တဲ့ သူငယ်ချင်းတွေကို ပေါင်းထည့်ထားရမှာဖြစ်ပါတယ်။ အင်တာနက် Chatting မှာလောလောဆယ် စကားပြောနေကြတဲ့ သူငယ်ချင်းတွေကိုသာ ပေါင်းထည့်လို့ရမှာဖြစ်ပြီး ဘယ်လောက်များများမိတ်ဆွေဖွဲ့လို့ရနိုင်လဲ ဆိုတာကို သွားကြည့်ရအောင်...

Find ကိုနှိပ်ပါ။ ပုံ−14 ကိုမြင်တွေ့ရမည်။




ပုံ−14




ပုံ−15

**10.** ပုံ-14 မှာဖော်ပြထားတဲ့အတိုင်း QQ Chat အသုံးပြုနေသူအားလုံးကို ရှာချင်လျှင် Chat with uesrs online စာကြောင်းရဲ့ထိပ်က Option Box ကိုနှိပ်ပါ။ ပြီးလျှင် Next ကိုနှိပ်ပါ။ Web camera တပ်ဆင်အသုံးပြုသူများကို သီးသန့်ရှာလိုလျှင် Search By a VQQ user (with web camera) စာကြောင်းရဲ့ထိပ်က Option Box ကိုမှတ်ပြီးမှ ပြီးလျှင် Next ကိုနှိပ်ပါ။

မှတ်ချက် - သူတို့ 2 ခုရဲ့ကွာခြားချက်ကတော့ ရိုးရိုး (ကင်မရာမပါဘဲ) အသုံးပြုသူတွေကတော့ စာရိုက်နည်း။ အသံပို့လွှတ်နည်းနဲ့ Chat လို့ရပါတယ်။ ကင်မရာ တပ်ဆင်ထားသူတွေကတော့ စာရိုက်နည်း။ အသံပို့လွှတ်နည်းအပြင် မိမိမြင်စေလိုတဲ့ အရာကို ကင်မရာဖြင့် ရိုက်ပြလို့ရပါတယ်။ ကင်မရာကို မိမိမျက်နှာပြင်တည့်တည့်သို့ လှည့်ထားလျှင်တစ်ခြားသူဆီသို့ မိမိမျက်နှာ သာပေါ်နေမည်။

**11.** ပုံ-14 မှ Next ကိုနှိပ်လိုက်တာနဲ့တစ်ပြိုင်နက် ပုံ-15 မှ QQ Chat ကိုဝင်ရောက်အသုံးပြုနေသော User အရေအတွက်ကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က ကိုယ် (Chat/ပြော) ချင်တဲ့သူတည့်တည့်မှာ ၂-ချက်နှိပ်ရလိုက်ပါ။ ပုံ-16 မှာဖော် ပြထားတဲ့အတိုင်း အသုံးပြုသူရဲ့ နေရပ်လိပ်စာ၊ အသက်တို့ကို အသေးစိတ်ကြည့်နိုင်ပါသည်။




ပုံ-16

နှိပ်ပိတ်ပါ

အသေးစိတ်ကြည့်ပြီးပြီဆိုရင်ပြန်ပိတ်လိုက်ပါ။

အပြာရောင် ဘားတန်းလေးပေါ်အောင် နာမည်ပေါ်ကို mouse ဖြင့် 1 - ချက်နှိပ်၍ မှတ်သားလိုက်ပါ။ ပြီးလျှင် Next ကိုနှိပ်ပါ။




နှိပ်ပါ

ပုံ-17

**12.** ပုံ-17 မှဖော်ပြထားတဲ့အတိုင်း Next ကိုနှိပ်ပါ။ တစ်ဘက်က လက်ခံတယ်ဆိုရင် ကိုယ့် QQ Box အရှည်လေးရဲ့ My Buddies အောက်မှာ တစ်ဖက်လူရဲ့ပုံ နဲ့နာမည် ပေါ်နေမှာဖြစ်ပါတယ်။အဲဒါဆိုရင် သူငယ်ချင်းတစ်ယောက်ကို ပေါင်းထည့်လို့ ပြီးပါပြီ။ နောက်ထပ် ပေါင်းထည့်ချင်သေးတယ်ဆိုရင် အထက်ကအတိုင်း ထပ်မံပေါင်းထည့်ရမှာဖြစ်ပါတယ် QQ Box အရှည် လေးရဲ့ My buddies အောက်မှာ ပေါင်းထည့်ထားတဲ့သူငယ်ချင်းတွေ များနေလို့ မမြင်ရတော့ဘူးဆိုရင် ရုပ်ပုံလေးဘေးက Up-arrow (▲) နှင့် Down-arrow (▼) ကိုနှိပ်၍အပေါ်အောက်သွားနိုင်ပါတယ်။




My Buddies ဧရိယာကိုအထက်အောက်သွားရန်(နှိပ်ပါ)

Stranger ကိုနှိပ်လိုက်လျှင် My Buddies မှ Stranger ဧရိယာအဖြစ်သို့ပြောင်းသွားမည်။ Stranger ဆိုသည်မှာ ကိုယ်ပေါင်းထည့်ထားသော သူငယ်ချင်းမဟုတ်သော တစ်ခြားသူများကိုဆိုလိုသည်။ Stranger ဧရိယာရဲ့အောက်မှာ လူစိမ်းတစ်ခြားတစ်ယောက်ရောက်နေလျှင် ကိုယ့်ကိုလာ၍ မိတ်ဆွေဖွဲ့ခြင်းဖြစ်သည်။

**13.** အခုကိုယ်ပြောချင်တဲ့ သူငယ်ချင်းတွေလည်း ရှာပြီးပြီဆိုတော့ ဘယ်လိုပြောတယ်ဆိုတာကိုလေ့လာရအောင်။ လွယ်ပါတယ် ကိုယ်ပြောချင်တဲ့သူနဲ့ သက်ဆိုင်တဲ့ ပုံ-18 ကပုံလေးနေရာကို 2-ချက်ဆက်တိုက် နှိပ်လိုက်ပါ...ပုံ-19 ကိုမြင်တွေ့ရမှာဖြစ်ပါတယ်။

ပုံ-18




ပုံ-19

ပုံ-19 သည် သူနှင့်ကိုယ်(Chat/ပြော) ရန်အတွက် ဆက်သွယ်ပေးသော Box ဖြစ်သည်။ ကိုယ်ကစပြီးပြောမယ်ဆိုရင် Message Mode နေရာကို နှိပ်လိုက်ပါ။ Box 1-ခုထပ်ပြီး ကျလာပါမယ်။ ပုံ-18 ကိုကြည့်ပါ။ ထိုကျလာသော Box သည်စာရိုက် ထည့်ရန်ဖြစ်သည်။ စာရိုက်ထည့်၍ Enter ကိုနှိပ်ပါ (သို့မဟုတ်) Send ကိုနှိပ်ပါ။

ထိုသို့စာရိုက်ထည့်ပြီး Enter/Send ကို နှိပ်လိုက်လျှင် ကိုယ်ရိုက်ထားသောစာများသည် အပေါ် Box ထဲသို့ကူး ပြောင်းသွားသည်။ ကူးပြောင်းသွားပြီဆိုသည်နှင့် တစ်ဖက်ကသူငယ်ချင်းဆီသို့ ကိုယ့်စာရောက်ရှိသွားမည်။ သူငယ်ချင်းမှ ကိုယ့်ကိုပြန်ပြောသောစာကိုလည်း သူ့နာမည်နှင့်အတူ အပေါ် Box ထဲတွင်လာပေါ်မည်။

ပုံ-20 ကိုကြည့်၍ ပြုလုပ်ကြည့်ပါ....




Thura မှ Nyochaw သို့)
ပို့သည့်စာ = **Hello**
(Nyochaw မှ Thura သို့)
ပြန်ပို့သည့်စာ= **မင်္ဂလာပါ...ရှင်**

ပုံ – 20

စာရိုက်ရန် အသင့်အနေအထား
စာရိုက်၍ Keyboard မှ
Enter ကိုနှိပ်ပါ။
(သို့မဟုတ်)

Send ကိုနှိပ်ပါ။

A ကိုနှိပ်၍ကျလာသော Box မှစာလုံးပုံစံပြောင်းရန် (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အရွယ်အစား၊ အရောင်) ပြောင်းနိုင်သည်။ မြန်မာစာဆိုလျှင် Font: နေရာမှာ win-Innwa ကိုရွေးပြီးလျှင် OK ကိုနှိပ်ပါ။

ကိုနှိပ်၍ ကျလာသော Box မှ ကြိုက်ရာ ပုံကို 2–ချက်ဆက်တိုက်နှိပ်၍ သီးသန့် စာနှင့်အတူပေးပို့နိုင်သည်။

**15.** စာရိုက်ပြီး စကားပြောတဲ့အခါမှာ တစ်ချို့ကအင်္ဂလိပ်လို ပြောကြပါတယ်။ တစ်ချို့ကလည်း မြန်မာလိုရိုက်ပြီး ပြောကြပါတယ်။ တစ်ချို့ကတော့ မြန်မာအသံကို အင်္ဂလိပ်လိုစာလုံးပေါင်းပြီး အသုံးပြုကြပါတယ်။ ဘယ်လိုပဲသုံးသုံး နှစ်ဦးနှစ်ဘက်နားလည်ဖို့တော့ အရေးကြီးပါတယ်။

အထက်မှာဖော်ပြခဲ့တာကတော့ ကိုယ်ကပဲ ပထမဦးဆုံးမိတ်ဆက်၊ မိတ်ဆွေဖွဲ့ပြီးပြောခဲ့တာပဲဖြစ်ပါတယ်။ တကယ်လို့များ သူများက ကိုယ့်ကိုလာပြီး မိတ်ဆွေဖွဲ့ခဲ့လျှင် ဘယ်လိုသိနိုင်လဲဆိုတာကို ပြောပြပါအုံးမယ်။

သူများကကိုယ့်ကိုလာပြီး မိတ်ဆွေဖွဲ့တယ်ဆိုရင် ကိုယ့်ကွန်ပျူတာမြင်ကွင်းရဲ့ညာဘက်အောက်ခြေဘားတန်းမှ Speaker ပုံလေး ပျောက်လိုက်ပေါ်လိုက်ဖြစ်နေမည်။ (ထိုအခြေအနေမျိုးမှာ တစ်ဖက်လူကစာမရိုက်သေးပါ။) ထိုအခါထိုပုံလေးကို ပေါ်လာတုန်း မိမိရရ 2–ချက်နှိပ်လိုက်ပါ။ Box 1–ခုပေါ်လာပါလိမ့်မယ်။ ပုံ–21ကို ဆိုလိုခြင်းဖြစ်သည်။ ပေါ်လာတဲ့ Box မှ **Add** ကိုနှိပ်ပါ။ Add ကိုနှိပ်လိုက်တဲ့သဘောကတော့ တစ်ဖက်က မိတ်ဆွေလာဖွဲ့တာကို လက်ခံပြီး သူ့ကို My Buddies ရဲ့အောက်မှာ နေရာပေးလိုက်ခြင်းဖြစ်သည်။ ကိုယ့်ရဲ့ QQ Chat Box အရှည်လေးရဲ့ My Buddies အောက်မှာ သူ့ရဲ့သက်ဆိုင်ရာနာမည်နဲ့အတူ ပုံလေးတစ်ခု ပေါ်လာပါလိမ့်မယ်။ အဲဒီအခါ သက်ဆိုင်ရာပုံလေးကို 2–ချက်နှိပ်ဖွင့်ပြီး သူပေးပို့လိုက်တဲ့ စာကိုဖတ်ကြည့်နိုင်ပါတယ်။

တစ်ခါတစ်လေမှာတော့ ကွန်ပျူတာမြင်ကွင်းရဲ့ညာဖက်အောက်ခြေဘားတန်းမှာ ပုံမပေါ်ဘဲ သူ့ရဲ့သက်ဆိုင်ရာလူရဲ့ပုံ တိုက်ရိုက်လည်း ပေါ်လာတတ်ပါတယ်။ အဲဒီပုံလေးကို 2–ချက်နှိပ်ပြီး သူပို့လိုက်တာကို ဖွင့်ကြည့်လို့ရပါတယ်။ ဒါပေမယ့် Add မလုပ်ရသေးတဲ့အတွက် ပေါ်လာတဲ့အရုပ်လေးဟာ Stranger ရဲ့အောက်မှာပဲ ရှိမှာဖြစ်ပါတယ်။ သူပို့လိုက်တဲ့စာကို မိမိအနေနဲ့ ဖွင့်ဖတ်ကြည့်ချင်ဆိုရင်တော့ Stranger ရဲ့အောက်ကိုသွားပြီး သူနဲ့သက်ဆိုင်တဲ့ ပုံလေးကို 2–ချက်နှိပ်ပြီး ဖွင့်ဖတ်နိုင်ပါတယ်။

စာပြန်ချင်တယ်ဆိုရင်တော့ ပေါ်လာတဲ့ Box ရဲ့အောက်နားက Reply ကိုနှိပ်ပြီး Message Mode ကိုထပ်နှိပ်ပါ။စာရိုက်ထည့်ရန်အတွက် Box လေး 1–ခု ထပ်ကျလာပါမယ်။စာရိုက်ပြီးပို့လို့ရပါပြီ။




ပုံ- 18

ပုံ –21

**16.** အကယ်၍MyBuddiesရဲ့အောက် လက်ခံပြီးသား သူတစ်ယောက်ကို အလိုမရှိတော့လို့ဖျက်ပစ်ချင်တယ်ဆိုရင်တော့ သက်ဆိုင်ရာပုံရဲ့ အလယ်တည့်တည့်ကို (Right Click) mouse ရဲ့ဆန့်ကျင်ဘက်ခလုပ်ကိုနှိပ်ပါ [Delete from this group] ကိုဆက်ရွေးပါ။ ပေါ်လာသော Box မှ Yes ကိုနှိပ်ပါ။ ကိုယ့်ဆီကို မိတ်ဆွေအဖြစ် လာရောက်တဲ့သူရဲ့ အသက်၊ မြို့၊ ကျား/ မ စသည်ကို အသေးစိတ်သိလိုလျှင် သူနဲ့သက်ဆိုင်တဲ့ ပုံကို 2–ချက်နှိပ်လိုက်ပါ။ ပေါ်လာတဲ့ Box မှ [View buddy Info] ကိုနှိပ်၍ကြည့်ရှုနိုင်ပါတယ်။

ကိုယ်နှင့်ဆက်သွယ်ထားသော တစ်ဖက်လူရဲ့Computer မှာ web camera တပ်ဆင်ထားပါက ကိုယ့်ရဲ့ QQ box အထဲကသူ့ပုံဘေးမှာ Camera [Camera] ပုံလေးကိုမြင်တွေ့ရမှာဖြစ်ပါတယ်။ (web camera) မပါလည်း voice (အသံ)ဖြင့် စကားပြောလို့ရပါတယ်။ (web camera) ပါမယ်ဆိုရင်တော့ တစ်ဖက်လူကခွင့်ပြုရင် သူ့Camera မှာရိုက်ပြထားတာမှန်သမျှ အားလုံးကို မြင်တွေ့ရမှာပါ။ တိုက်ရိုက်ထုတ်လွှင့်တဲ့ သဘောမျိုးပါပဲ။




ပုံ –22

voice (အသံ) ဖြင့်ပြောရန် ကိုယ်ပြောချင်တဲ့သူကို 1 ချက်နှိပ်ပါ အောက်ပါစာတန်းများပါတဲ့ Box ကျလာမည်။

[Audio Chat] ကိုရွေးနှိပ်ပါ

အကယ်၍ web camera & voice ဆိုလျှင်




[Webcam] ဆက်နှိပ်ပါ။

တစ်ဖက်မှာ ဒီ [handsome invited you to join a Video Chat, would you like to Accept Or Decline this invitation?] စာတန်းလေးသွားပြီးပေါ်ပါလိမ့်မယ်၊ သူကလက်ခံမယ်ဆိုရင်တော့ Accept ကို သူနှိပ်ပါလိမ့်မယ်...အဲဒါဆိုရင် ပြောလို့ရပါပြီ။ web camera ကိုနှိပ်မယ်ဆိုရင်လည်းဒီအတိုင်းပါပဲ။

QQ Chatting ကို စဝင်တဲ့အခါမှာတော့ ကိုယ့် QQ ပုံလေးဟာ ဒီပုံလေးအတိုင်းပဲ မြင်တွေ့ရမှာဖြစ်ပါတယ်။ တကယ်လို့ ပုံလေးကို ပြောင်းချင်တယ်ဆိုရင်တော့ QQ Box အရှည်လေးအောက်က "Menu" ကိုနှိပ်ပါ။ Personal Setting ကို ရွေးပါ။ ပေါ်လာတဲ့ Box ထဲက ပုံလေးရဲ့ဘေးမှာ မြှားလေးကိုနှိပ်ပြီး ကြိုက်ရာပုံကို 2-ချက် နှိပ်ချလိုက်ပါ။ ပြီးလျှင် Modify ကို နှိပ်ပါ။ Box တစ်ခုကျလာရင် OK ကိုနှိပ်ပါ။

ကိုယ့်ရဲ့ QQ Box အရှည်လေးကိုလည်း ပုံစံပြောင်းလို့ရပါသေးတယ်။ 4-မျိုးပြောင်းလို့ရပါတယ်။ Menu ကိုနှိပ်ပါ။ Change Skin ကိုနှိပ်ပါ။ ပေါ်လာတဲ့စာကြောင်း 4 ကြောင်း ကြိုက်တဲ့ပုံစံကိုရွေးပါ။

**QQ Chat** ကို နောက်တစ်ခါ ဝင်မယ်ဆိုရင်တော့ အရင်ကမှတ်ခိုင်းထားတဲ့ QQ နံပါတ်နဲ့ Password နံပါတ်အသုံးပြုပြီး ပြန်ဝင်ရမှာဖြစ်ပါတယ်။

ကွန်ပျူတာမြင်ကွင်းပေါ်မှာရှိတဲ့ QQ icon လေးကို 2 ချက်နှိပ်ပြီး ဖွင့်လိုက်ပါ။

1. ပေါ်လာတဲ့ Box ရဲ့ QQ နံပါတ်နေရာမှာ QQ နံပါတ်ကို ရိုက်ထည့်ပါ။ Password နေရာမှာ Password နံပါတ်ကို ရိုက်ထည့်ပြီး Login ကိုနှိပ်ရပါမယ်။
2. Next ကိုနှိပ်ပါ။
3. Next ကိုထပ်နှိပ်ပါ။
4. ပေါ်နေတဲ့ Box ရဲ့ အပေါ်ဆုံးမှာရှိတဲ့ Use Current Computer Network Setting ရဲ့အရှေ့က Option Box ကို (on) နှိပ်ပြီး မှတ်ခဲ့ပါ။
5. Next ကိုဆက်နှိပ်ပါ။ ခဏစောင့်နေပါ။ အရုပ်ကလေးပြောင်းလဲနေတာကိုတွေ့ရမည်။
6. Finish ကိုနှိပ်ပါ။

**မှတ်ချက်။** ။ ဆက်သွယ်မှုမကောင်း၍ Finish မပေါ်ခဲ့လျှင် Back ကိုနှိပ်၍ Next ကိုပြန်နှိပ်ပါ။

ကဲ....ဒီလောက်ဆိုရင် အသုံးပြုလို့ အရမ်းလွယ်သွားပါပြီ.....။



* * * * * * * *

## International Chatting (www.person.com)

Web Chatting တွေ တော်တော်များများထဲမှ www.person.com ဆိုတဲ့ chatting လေးကိုသိစေချင်ပါတယ်။ ဒီ Chatting ကတော့ နိုင်ငံပေါင်းစုံမှာနေထိုင်တဲ့ နိုင်ငံခြားသားတွေအားလုံးနဲ့ဆက်သွယ် ပြောဆိုလို့ရပါတယ်။

www.person.com မှာ ဝင်ရောက်ပြောဆိုမယ်ဆိုရင် ပထမဆုံး Register လုပ်(အသင်းဝင်)ပေးရပါမယ်။ အဲလို အသင်း ဝင်မှလည်း အသုံးပြုပိုင်ခွင့် နာမည် (login name) နဲ့ Password (လျှို့ဝှက်နံပါတ်) ကိုရရှိမှာဖြစ်ပါတယ်။

Register လုပ်ရန်အတွက် Internet Explorer ကိုဖွင့်ပြီး Address Bar မှာ www.person.com ကိုရိုက်ထည့်ပြီး Enter ခေါက်ပါ။ ပေါ်လာတဲ့ Person Website ရဲ့ဘယ်ဘက် အပေါ်ဘက်ထောင့်မှာရှိတဲ့ Sign Up ကိုနှိပ်ပါ။ Form တစ်စောင်ကျလာပါလိမ့်မယ်။ အဲဒီ Form ကိုဖြည့်ပြီး Register ရမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ Form တစ်စောင်ဖြည့်ပြထားပါတယ်။




## Form ဖြည့်ရန်ပုံတွင်ပြသထားသောအညွှန်းနံပါတ်များ၏ ဖြေရှင်းချက်။

**1** Person Chatting ကိုဝင်ရောက်အသုံးပြုတိုင်း ဒီနာမည်ကိုပြပြီး ဝင်သုံးရမှာဖြစ်ပါတယ်။ ကိုကြိုက်နှစ်သက်ရာ **နာမည်ကို** သတ်မှတ်ပေးနိုင်ပါတယ်။ နာမည်ပေးတဲ့အခါ အင်္ဂလိပ်စာလုံးအသေးတွေကိုအသုံးပြုပြီး နာမည်ကိုတစ်ဆက်တည်း**ရေးပေးပါ**။ ဂဏန်းနဲ့လည်းတွဲပေးလို့ရပါတယ်။ ဥပမာ- thuraaung2008 ။ နာမည်ရေးပေးပြီး ခဏစောင့်နေပါ၊ သင်ပေးထားတဲ့ **နာမည်ပေးလို့** ရမရဆိုတာ ကွန်ပျူတာကစစ်ပြီး Box ရဲ့ဘေးနားမှာဖော်ပြပါလိမ့်မယ်။ အနီရောင်စာတန်းပေါ်လာတယ်ဆိုရင် နာမည်ပြောင်းပေးပါ။ ဖြည့်ပြီးလို့အဆင်ပြေပြီဆိုရင် အဲဒီနာမည်ကို စာအုပ်ထဲမှာသေချာစွာ မှတ်သားထားပါ။

**2** နံပါတ် 2 က Box ကိုတော့ မိမိ၏နာမည်အမှန်ကို ဖြည့်ပေးပါလို့ ဆိုလိုပါတယ်။ နာမည်ဖြည့်တဲ့အခါမှာ လွတ်လွတ်လပ်လပ် ကြိုက်ရာအမည်ကိုကြိုက်သလို ဖြည့်ပေးနိုင်ပါတယ်။ သတ်မှတ်ချက်မရှိပါ။

**3** Nick name ဖြည့်ပေးရမှာဖြစ်ပါတယ်။ Nick name ဆိုတာကလည်း ကိုယ်သတ်မှတ်ထားတဲ့ နာမည်လေးတစ်ခုကို ကြိုက်သလို သတ်မှတ်ပေးနိုင်ပါတယ်၊ ကလောင်နာမည်(သို့)အိမ်နာမည်ပုံစံမျိုးပါပဲ။

**4** Gender နေရာမှာတော့ မိန်းခလေးဆိုရင် Female ကိုရွေးပြီး၊ ယောကျ်ားလေးဆိုရင် Male ကိုရွေးထည့်ပေးပါ။

**5** မိမိမွေးသက္ကရာဇ် ရွေးထည့်ပေးပါ။ ရွေးပေးလိုက်တဲ့ မွေးသက္ကရာဇ်ဟာ အသက် 18နှစ် (သို့) 18 နှစ်ထက်ကြီးရပါမယ်။ အဲလိုမှ မဟုတ်ရင်တော့ Person ကအဝင်ခံမှာမဟုတ်ပါဘူး။

**6** Country ကိုရွေးတဲ့အခါမှာ Burma ကိုရှာပြီးရွေးထည့်ပေးပါ။ Burma ကိုရွေးလိုက်ပြီး ခဏစောင့်နေပါ။ ပြည်နယ်/တိုင်း၊ မြို့ စသည်တို့ကိုပါထပ်ရွေးပေးပါ။

**7** Email ဆိုတဲ့နေရာမှာတော့ မိမိကြိုက်နှစ်သက်ရာ email လိပ်စာတစ်ခု လောက်ဖြည့်ပေးလိုက်ပါ။ မိမိမှာ email လိပ်စာမရှိဘူး ဆိုရင်လည်း လိပ်စာအတုဖန်တီးပြီး ရေးထည့်နိုင်ပါတယ်။

Email address = username+email sign+ email company

ဥပမာ – thuthuthu@gmail.com, aabbcc@aa.com

**8** Password (လျှို့ဝှက်နံပါတ်) ကိုတော့ မိမိအဆင်ပြေသလို သတ်မှတ်ပေးနိုင်ပါတယ်။ စာဖြင့်သော်လည်းကောင်း၊ ဂဏန်းဖြင့်သော်လည်းကောင်း၊ စာ–ဂဏန်းတွဲ ၍သော်လည်းကောင်း သတ်မှတ်ပေးနိုင်ပါတယ်။ အနည်းဆုံး 6 လုံးနှင့်အထက်သတ်မှတ်ပေးပါ။ Password ပေးပြီးစာအုပ်ထဲမှာ သေချာစွာမှတ်သားထားပါ။

**9** နံပါတ် 9 နေရာမှာရှိနေတဲ့ Key Number လေးကိုသူ့ဘေးက လေးထောင့် Box ထဲကိုမှန်အောင်ရိုက်ထည့်ပေးပါ။

**10** I am at least 18 y.o ရဲ့ အရှေ့က လေးထောင့် Box ထဲကို mouse နဲ့ တစ်ချက်နှိပ်ပြီး အမှန်ခြစ်ပေး(on) ခဲ့ပါ။ မိမိဟာ 18 နှစ်ပြည့်ပြီးကြောင်း အာမခံတဲ့သဘောပါပဲ။

အားလုံးဖြည့်ပြီးသွားပြီဆိုရင် Login Name နဲ့ Password သေချာမှတ်ပြီးသွားပြီလား ပြန်စစ်ပါ။ ပြီးရင် Finish Free Registration! (သို့) Submit! ကိုနှိပ်ပြီး *Register* လုပ်ပါ။




Register လုပ်လို့အောင်မြင်သွားပြီဆိုရင် အထက်ပါပုံစံအတိုင်း မြင်တွေ့ရမှာဖြစ်ပါတယ်။ တကယ်လို့ဒီနားမှာပဲရပ်ပြီး Person Chat ကိုဝင်ပြောလို့ရသလို စကားမပြောသေးပဲ ဓာတ်ပုံတွေဆက်ပြီးတင်ချင်သေးတယ် ဆိုရင်လည်းရပါတယ်။ ဓာတ်ပုံတွေတင်တာကိုတော့ နောက်ပိုင်းမှ ကဏ္ဍတစ်ခုအနေနဲ့ပြောပြသွားပါမယ်။

ဒီနေရာကနေပြီး Chatting ပြောမယ်ဆိုရင် စာအိပ်ပုံလေးဘေးက Start Messager နေရာကိုနှိပ်ပါ။ စကားပြောရန်အတွက် Message Box တစ်ခုကျလာပါလိမ့်မယ်။




## Messgae Box ကိုအသုံးပြု၍စကားပြောခြင်း




အဆင့်- **1** မိမိစကားပြောချင်တဲ့သူကို နှိပ်၍ ရွေးချယ်ပါ။ ရွေးချယ်ထားပြီးသူသည် နံပါတ် 2 နေရာတွင် ရှိနေရမည်။

အဆင့်- **2** View Profile ကိုနှိပ်ပြီး ထိုသူ၏ဓာတ်ပုံ၊ အကြောင်းအရာအသေးစိတ်များကို ကြည့်လိုပါကကြည့်နိုင်သည်။

အဆင့်- **3** မိမိပြောလိုသည့်စာ(စကား)ကို နံပါတ်3 Box ထဲကိုရိုက်ထည့်ပါ။ Keyboard မှ Ctrl ကိုနှိပ်ထားရင်း Enter ခေါက်ပြီး ပေးပို့နိုင်ပါတယ်။ တစ်ခါတစ်လေ စာမရောက်ဘဲဖြစ်တတ်ပါတယ်။ အဲဒီလို အဆင်မပြေဖြစ်ခဲ့ရင် နောက်တစ်ယောက်ကို ခေါ်ပြီးဆက်ကြိုးစားကြည့်ပါ။

အဆင့်- **4** မိမိအား တစ်ခြားလူတစ်ယောက်မှ စကားပြောလျှင် စာအိတ်ပုံလေးလှုပ်နေတာကို မြင်တွေ့ရမည်။ နှစ်ချက်နှိပ်ပြီးစာကို လက်ခံပေးပါ။ သူရေးလိုက်တဲ့စာကို နံပါတ် 2 နေရာတွင်ကြည့်ပါ။

အဆင့်- **5** နံပါတ် 2 နေရာတွင် အဆင်သင့်ရှိနေသောသူများနှင့်မပြောလိုဘဲ စကားပြောနေသူများကိုထပ်ပြီးရှာလိုလျှင် Chat ကို

တစ်ချက်နှိပ်ပြီး ရှာဖွေနိုင်ပါတယ်။ မိမိရှာဖွေထားသူများ၏ နာမည်ရှေ့မှာရှိတဲ့ Sign (သင်္ကေတ)စိမ်းနေမှ ထိုလူနှင့်စကားပြောၡရမည်။ ထိုသူကိုပေါင်းထည့်(စကားပြော)မည်ဆိုပါက နာမည်တည့်တည့်ကို တစ်ချက်နှိပ်ပါ။ ပေါ်လာသောသူ၏ Profile မှ ***Send a message*** ကိုနှိပ်ပါ။ အလိုလိုပေါင်းပြီးသားဖြစ်သွားပါလိမ့်မယ်။

မိမိစကားပြောပြီး Person website ကိုပိတ်မယ်ဆိုရင် website ရဲ့ ညာဖက် အပေါ်ဘက်ထောင့်မှာရှိတဲ့ logout နေရာကို နှိပ်ပြီး website မှထွက်ပါ။ ပြီးမှပိတ်ပါ။

နောက်တစ်ခါ Person ကိုဝင်မယ်ဆိုရင် Register လုပ်စရာမလိုတော့ပါ။ မိမိမှတ်သားထားတဲ့ login name နဲ့ Password ကို အသုံးပြုပြီး ဝင်ရောက်စကားပြောဆိုနိုင်ပါတယ်။

ကဲ.....person ကိုနောက်တစ်ခေါက်ဝင်ပြီး ဓာတ်ပုံတွေတင်ကြည့်ရအောင်.......

www.person.com ကို Browser ရဲ့ Address Bar မှာ ရိုက်ထည့်ပြီး Enter ခေါက်ပါ။ Person website ပေါ်လာရင် login နေရာမှာ အရင်ကမှတ်သားထားတဲ့ login name နဲ့ Password နေရာမှာ Password ကိုရိုက်ထည့်ပြီး Login ကိုနှိပ်ပါ။ မိမိပိုင်တဲ့ Person ရဲ့ အခန်းကဏ္ဍ (Profile) ထဲကိုဝင်ရောက်သွားပါလိမ့်မယ်။ လူတွေနဲ့ စကားပြောမယ်ဆိုရင်တော့ အထက်မှာဖော်ပြခဲ့တဲ့အတိုင်း ***Start Messager*** နေရာကိုနှိပ်၊ Chat Box ကိုခေါ်ပြီးစကားပြောရုံပါပဲ။ ဓာတ်ပုံတွေတင်ချင်တယ်ဆိုရင်တော့ my info နေရာကို mouse နဲ့ထောက်ထားပြီး ပေါ်လာတဲ့စာကြောင်းတွေထဲက my photo ကိုရွေးပါ။ နောက်ထပ်ပေါ်လာတဲ့ website စာမျက်နှာမှ ကိုထပ်ရွေးပါ။ ***Upload a new photo*** ကိုရွေးနှိပ်ပါ။ အောက်ပါပုံစံကိုမြင်တွေ့ရပါမယ်။




Browse ကိုနှိပ်၍ ကွန်ပျူတာထဲက ဓာတ်ပုံကိုရွေးချယ်ပါ။ အောက်ဆုံးရှိ Upload Photo နေရာကိုနှိပ်ပြီး ဓာတ်ပုံတွေကို တင်နိုင်ပါတယ်။ မိမိရဲ့ Person Profile ထဲမှာ Blog တွေလည်းရေးလို့ရသလို တစ်ခြား function တွေကိုလည်းအသုံးပြုနိုင်ပါတယ်။ ဆက်ပြီးလေ့လာကြည့်ကြပါအုံး......။



* * * * * * * *

# ooVoo Chatting

## Download ပြုလုပ်အသုံးပြုခြင်း။

ooVoo Chatting ဟာ လူသုံးအလွန်နည်းပါးသေးတဲ့ Chatting တစ်ခုဖြစ်ပါတယ်။ ဒီ Chatting ဟာကိုယ်နဲ့ ရင်းနှီးပြီးသား သူငယ်ချင်းတွေအချင်းချင်းသာ ပေါင်းထည့်ထားပြီး စကားပြောရတာဖြစ်လို့ မသိသေးတဲ့ကိုယ့်သူငယ်ချင်းတွေရှိရင် အသိပေးထားသင့်ပါတယ်။ ooVoo Chatting ဟာ g-talk Chatting လိုပဲ ကိုယ်စကားပြောချင်တဲ့ သူငယ်ချင်းတွေကို ပေါင်းထည့်ထားရမှ ဖြစ်ပါတယ်။ g-talk Chatting ကိုအသုံးပြုတဲ့သူတွေဟာ google e-mail Account ရှိထားမှ အသုံးပြုခွင့်ရှိပြီး ဒီ Chatting ကတော့ email မရှိလည်းအသုံးပြုလို့ရပါတယ်။ ooVoo ရဲ့အားသာတဲ့ function ကတော့ webcamera ဖြင့်အသုံးပြုနိုင်ရုံသာမက ကြည်လင်ပြတ်သားသော ရုပ်၊ အသံတို့ကိုပါ လုပ်ဆောင်ပေးနိုင်ပါတယ်။

ဒီ Chatting ကို အသုံးပြုမယ်ဆိုရင် Internet မှ Download လုပ်ပြီး ကွန်ပျူတာမြင်ကွင်းပေါ်မှာ ပေါ်လာအောင် Install လုပ်ရပါမယ်။

Download လုပ်ဖို့အတွက် Internet Browser ရဲ့ Address Bar မှာ www.oovoo.com ကိုရိုက်ထည့်ပြီး ပေါ်လာတဲ့ website ရဲ့အပေါ်ဆုံးမှာရှိတဲ့ Download ကိုနှိပ်ပါ။ အောက်ပါပုံကိုတွေ့ရမည်။




ပုံ-1

Get ooVoo ကိုဆက်နှိပ်ပါ။ အောက်ပါပုံပေါ်လာမည်။ Save ကိုထပ်နှိပ်ပါ။




ပုံ-2

Save ကိုနှိပ်လိုက်လျှင် ကွန်ပျူတာရဲ့ ဘယ်နားမှာ Save မှာလဲလို့ လမ်းကြောင်းတောင်းတဲ့ Box ပေါ်လာမည်။ ပုံ-3 ကိုကြည့်ပါ။




ပုံ-3

Down load လုပ်လို့ရတဲ့ File ကို ကွန်ပျူတာမြင်ကွင်းပေါ်မှာ ထားမှာဖြစ်လို့ ပုံ-3 ရဲ့ ဘယ်ဘက်မှာရှိတဲ့ Desktop နေရာကို mouse နှင့် တစ်ချက်နှိပ်ခဲ့ပါ။ ပြီးရင် Save ကိုနှိပ်ပြီး စတင် Download လုပ်နိုင်ပါပြီ။




ပုံ-4

ပုံ-4 သည် Download လုပ်နေသော ပုံစံဖြစ်သည်။ 100 % မပြည့်မချင်း စောင့်နေရမည်။ တကယ်လို့ တခြားလုပ်ငန်းများကို လုပ်စရာရှိသေးတယ်ဆိုရင်တော့ (—) ကိုနှိပ်ပြီး ကွန်ပျူတာရဲ့ အောက်ခြေဘားတန်းမှာ Save ထားလို့ရပါတယ်။ Download လုပ်တာ 100% ပြည့်ပြီဆိုပါက ကွန်ပျူတာမြင်ကွင်းပေါ်မှာ ပုံ-5 မှာ ဖော်ပြထားတဲ့အတိုင်း File လေးတစ်ခုကိုမြင်တွေ့ရမည်။



oo Voo Setup file

ပုံ-5

oo Voo Chatting ကိုလတ်တွေ့အသုံးပြုရန်အတွက် ဆက်လက်ပြီး Install လုပ်ပေးရမည်။ Install လုပ်ဖို့အတွက် Setup File ကိုနှစ်ချက်ဆက်တိုက်နှိပ်ပြီး ခဏစောင့်နေပါ။ ပေါ်လာသောပုံမှ Next ကိုနှိပ်ပါ။ Install ကိုထပ်နှိပ်ပါ။ Install ကိုနှိပ်ပြီးတဲ့အခါမှာတော့ ကြာကြာလေးစောင့်နေပါ။ ကွန်ပျူတာကအလိုလို Install လုပ်သွားမည်။ Install လုပ်ပြီးသွားပြီဆိုရင်တော့ ကွန်ပျူတာမြင်ကွင်းပေါ်မှာ ပုံလေးကိုတွေ့ရမည်။

oo Voo

ooVoo ဒီပုံလေးနှင့်အတူ တစ်ခါတည်း Register လုပ်ပြီး အသုံးပြုရန်အတွက် oo Voo Form နှင့် Chatting ဝင်ရန် Box ကျလာမည်။ ဖိတ်ပစ်လိုက်ပါ။ Register လုပ်နည်းကိုသီးသန့်ပြောပြပါမည်။

ooVoo ကို Register လုပ် (Account ယူရန်) အတွက် ကွန်ပျူတာမြင်ကွင်းပေါ်မှာရှိတဲ့ ooVoo ကိုနှစ်ချက်ဆက်တိုက်နှိပ်ပါ။ ပေါ်လာသောပုံ၏ အလယ်တည့်တည့်ရှိ ***Get a new ooVoo Account*** ကိုရွေးနှိပ်ပါ။ Formတစ်စောင်ကျလာမည်။




မိမိ ဝင်ရောက်အသုံးပြုရန်**အတွက် နာမည်** သတ်မှတ်ပါ။ စာလုံးအသေး**နှင့်တစ်ဆက်** တည်းဖြစ်ရမည်။ ဂဏန်းများ**ကိုပါတွဲဖတ်ပြီး** ပေးနိုင်သည်။ eg- thura2007

Password (လျှို့ဝှက်နံပါတ်)သတ်မှတ်ပါ။ စာလုံးအသေးနှင့်တစ်ဆက်တည်းဖြစ်ရမည်။ ဂဏန်းများကိုပါတွဲ ဖတ်ပြီးပေးနိုင်သည်။ အပေါ်ကပေးခဲ့သောအမည်နှင့်မတူရ။ eg- 12345thu

အပေါ်မှာပေးခဲ့တဲ့ Password ကိုမှန်အောင် ပြန်ရိုက်ထည့်ပေးပါ။

မိမိemail လိပ်စာကိုအပြည့်အစုံပေးပါ။ email လိပ်စာမရှိသူများ email လိပ်စာအတုတစ်ခု ဖန်တီးပြီးပေးနိုင်သည်။ eg- abcdefg@abc.com

mouse ဖြင့်တစ်ချက်နှိပ်ချပြီး (on) ခဲ့ပါ။

mouse ဖြင့်တစ်ချက်နှိပ်ချပြီး (on) ခဲ့ပါ။

နှိပ်ပါ

Form ထဲမှာပါဝင်တဲ့ အကြောင်းအရာအားလုံး ဖြည့်ပြီးပြီဆိုရင် ooVoo ID နှင့် Password ကိုစာအုပ်ထဲမှာ သေချာစွာမှတ်သားထားပါ။ ပြီးရင် Create ကိုနှိပ်ပြီး Register လုပ်ပါ။ Regiser လုပ်နေတုန်းမှာ ခေတ္တစောင့်နေပါ။ အောင်မြင်တယ်ဆိုရင် အောက်ပါပုံကို ဆက်လက်တွေ့ရမည်။




မိမိဖော်ပြလိုတဲ့နာမည်ရေးပေးပါ။

ဒီနေရာကိုနှိပ်ပြီး From file မှမိမိကြိုက်ရာဓာတ်ပုံ ဖြည့်ပေးပါ။

နှိပ်ပြီး စာကြောင်းတစ်ကြောင်းကိုရွေးပေးပါ။ ပြီးရင် Next ကိုနှိပ်ပါ။နောက်ထပ် Form တစ်စောင်ပေါ်လာတာကိုမြင်တွေ့ရမည်။Form မှာမိမိဖြည့်ချင်တာကိုဖြည့်ပါ။မဖြည့်ချင်လည်းရပါတယ် Finish ကိုနှိပ်ပါ။ဒါဆိုရင် Register လုပ်တာပြီးဆုံးပါပြီ။

ooVoo ID နှင့် Password ကိုအသုံးပြုပြီး ဝင်ရောက်အသုံးပြုရန် ကွန်ပျူတာမြင်ကွင်းပေါ်မှာရှိတဲ့ **ooVoo Chat ကို နှစ်ချက်** ဆက်တိုက်နှိပ်ပြီး ဖွင့်ထားပါ။ ပေါ်လာသောပုံမှ ooVoo ID နှင့် **Password ကိုသက်ဆိုင်ရာ Box အတွင်းရိုက်ထည့်ပါ။**




လက်ရှိစာများကိုဖျက်ပစ်ပြီး **ooVoo ID ကိုရိုက်ထည့်ပါ။**

လက်ရှိစာများကိုဖျက်ပစ်ပြီး ooVoo Password ကိုရိုက်ထည့်ပါ။ အားလုံးရိုက်ထည့်ပြီးပြီဆိုရင် Keyboard မှ Enter ကိုနှိပ်ပါ။ ဝင်လို့ရလျှင် Box 2-ခုပေါ်လာမည်။ လေးထောင့် Box အကြီးကြီးကို မလိုအပ်သဖြင့် ပိတ်ပစ်လိုက်ပါ။ Chatting ပြောရန်အတွက် Box အရှည်လေးကို **ချန်ထားပါ။** အောက်ပါပုံကိုကြည့်ပါ။




ဒီ Box ကိုအသုံးပြုပြီး စကားပြောရမှာဖြစ်ပါတယ်။ စကားပြောဖို့အတွက် ooVoo Account ရှိထားတဲ့ သူငယ်ချင်းတွေကိုပေါင်းထည့်ရပါမယ်။

ooVoo Account ရှိထားတဲ့သူတစ်ယောက်ကို ပေါင်းထည့်ပြပါမယ်။ ပေါင်းထည့်ဖို့အတွက် ဒီနေရာကိုနှိပ်ပါ။

Box တစ်ခုကျလာပြီဆိုရင် Box ထဲမှာ သူ့ရဲ့ ooVoo ID ကို ရိုက်ထည့်ပြီး Search ကိုနှိပ်ပါ။ Search ကိုနှိပ်ပြီး ပေါ်လာတဲ့နာမည်ကို mouse နှင့် တစ်ချက်နှိပ်မှတ်ပါ။ Add ကိုနှိပ်ပြီးပေါ်လာတဲ့ Box မှ Add ကိုထပ်နှိပ်ပါ။ Add လုပ်လို့ အောင်မြင်တယ်ဆိုရင်တော့ မိမိ ooVoo Box ထဲမှာ သူ့ရဲ့ နာမည်လေးနဲ့ ဓာတ်ပုံလေးပေါ်လာမည်။ သူဟာအခု ooVoo Chat သုံးနေတယ်ဆိုရင်သူ့ဓာတ်ပုံရဲ့ ထောင့်က သင်္ကေတလေးဟာ စိမ်းနေပြီး မသုံးဘူးဆိုရင်တော့ (?) ပုံစံလေး ဖော်ပြနေပါမယ်။ သူ့ပုံလေးစိမ်းနေလို့သူနဲ့စကားပြောမယ် ဆိုရင်တော့ သူ့နာမည်လေးဘေးက မြှားကိုတစ်ချက်နှိပ်ပြီး ပေါ်လာတဲ့စာကြောင်းတွေအထဲက Start Chat session ကိုရွေးပြီးပေါ်လာတဲ့ Box မှာ စာရိုက်၊ **Enter နှိပ်ပြီး စာရိုက်**ပြောလို့ရပါတယ်။ အသံနဲ့ပြောချင်တယ်**ဆိုရင်တော့ အရင်ပြောခဲ့တဲ့** သူ့နာမည်ဘေးက မြှားလေးကို ထပ်နှိပ်ပါ။ **ပေါ်လာတဲ့စာကြောင်း**တွေအထဲက Start Video Conversation **ကိုနှိပ်ပါ။ ကွန်ပျူ**တာက အလိုလို ဆက်သွယ်မှု ပြုလုပ်နေပါလိမ့်မယ်။ **ဆက်သွယ်မှု**လိုင်း(Connection) ကောင်းတယ်ဆိုရင်စကား ပြောဖို့ **အဆင်**ပြေမှာဖြစ်ပြီး၊ မကောင်းရင်တော့အသံနဲ့စကားပြောလို့ရမှာမဟုတ်ပါဘူး။ ကင်မရာ တပ်ဆင်ထားကြတယ်ဆိုရင် စကားပြောရင်း သူ့ပုံနှင့် ကိုယ့်ပုံ တွဲ၍ပေါ်နေမည်။ ooVoo Chat Box ထဲမှာ Function တွေအများကြီးရှိပါသေးတယ် သုံးရင်းနဲ့ဆက်လက်ပြီး လေ့လာကြည့်ပါ။ ooVoo Chat ကိုအသုံးပြုပြီးတိုင်း Sign Out ကိုနှိပ်ပြီးမှ ပိတ်ရမှာဖြစ်ပါတယ်။ အဲလို Sing Out လုပ်ဖို့အတွက် File (menu) ကိုတစ်ချက်နှိပ်ပါ။ ပေါ်လာတဲ့စာကြောင်းများမှ Sign up ကို ရွေးပြီးမှ ထောင့် Close Button ကိုနှိပ်ပြီး ပိတ်နိုင်ပါတယ်။

## VZO chat အသုံးပြုခြင်း။

VZO Chat ကိုစာရိုက်၍ (Chat/ပြော) ရာတွင်လည်းကောင်း၊ အသံဖြင့် (Chat/ပြော) ရာတွင်လည်းကောင်း၊ (Web Camera) တပ်ဆင်အသုံးပြု၍ (chat/ပြော) ရာတွင်လည်းကောင်း အသုံးပြုနိုင်သည်။

VZO Chat ရဲ့အားသာချက်ကတော့ နိုင်ငံခြားနှင့် အလွယ်တကူ ဆက်သွယ်ပြောဆိုနိုင်ခြင်း၊ အသံဖြင့် (Chat/ပြော) တဲ့အခါ တစ်ဖက်မှအသံကို ကြည်လင်ပြတ်သားစွာကြားရခြင်း၊ ကိုယ်အသုံးပြုတဲ့ကွန်ပျူတာမှာ (Web Camera) တပ်ဆင်ထားလျှင် ကြည်လင်ပြတ်သားစွာ ရိုက်ပြနိုင်ခြင်း၊ တစ်ဖက်က (Web Camera) တပ်ဆင်ထားလျှင်လည်း ကြည်လင်ပြတ်သားစွာ မြင်ရခြင်းတို့ဖြစ်သည်။

VZO Chat ကိုအသုံးပြုမယ်ဆိုရင် VZO Chat မှ အသိမှတ်ပြုထားသော အသုံးပြုသူနာမည် (User name) နဲ့အသုံးပြုသူရဲ့ (Password) ဒီ 2-ခုကို ရရှိထားဖို့လိုအပ်ပါတယ်။ ရရှိပြီးသားသူကတော့ VZO Chat ထဲကို တန်းပြီးဝင်ရုံပါပဲ။ တကယ်လို့မရရှိသေးရင်တော့ (Register) ဝင်လုပ်ပြီးမှ VZO Chat ပြောလို့ရမှာဖြစ်ပါတယ်။

VZO Chat မှာ Register ဝင်လုပ်မယ်ဆိုရင် ကွန်ပျူတာမြင်ကွင်းပေါ်မှာရှိနေတဲ့ VZO Icon လေးကို 2-ချက်ဆက်တိုက်နှိပ်ပြီးဖွင့်လိုက်ပါ။

1. Login ကိုနှိပ်ပါ။ ပုံ-1
2. Get your login ID ကိုထပ်နှိပ်ပါ။ ပုံ-2

(မှတ်ချက်။ ။ **www.vzochat.com** မှတစ်ဆင့် "Sign Up" ကိုနှိပ်၍လည်း VZO Account ပြုလုပ်ရယူနိုင်သည်။)

**ပုံ-1**




**ပုံ-2**




Get your login ID ကိုနှိပ်လိုက်ပါက ခဏစောင့်ပြီး အကြာမှာ ပုံ-3 မှ Form ပုံစံကို တွေ့ရမည်။

**Form ဖြည့်ပါ။**




**ပုံတွင်ဖော်ပြထားသော အညွှန်းနံပါတ်များ၏ ဖြေရှင်းချက်**

(1) Login ID ဆိုတာ VZO Chat ကိုဝင်၍အသုံးပြုရန်အတွက် ဖော်ပြရသောနာမည်ဖြစ်၍ တစ်နည်းအားဖြင့် (Account Name) ဟုလည်း ခေါ်နိုင်သည်။ ကြိုက်တဲ့ နာမည်ကိုပေးလို့ရပါတယ်။ ဒါပေမယ့် သူများနဲ့ တူတဲ့နာမည်ဆိုရင် လက်မခံပါဘူး။ မိမိပေးတဲ့နာမည်ဟာ သင့်တော်တယ်ဆိုရင် ဘေးမှာ "This VZO Chat ID is Abailable!" ဆိုတဲ့စာကြောင်း ဖော်ပြပါလိမ့်မယ်။

(i) နာမည်ပေးတဲ့အခါမှာ စာလုံးအသေးတွေကိုပဲ ရိုက်ထည့်ပြီးပေးရမယ်။ ဂဏန်းဖြင့်လည်း တွဲပေးနိုင်ပါတယ်။

(ii) အနည်းဆုံး 4 လုံး၊ အများဆုံး 16 လုံးပေးနိုင်ပြီး ပေးပြီးသားကို သေချာစွာမှတ်သားထားပါ။ နောက်တစ်ကြိမ်ဝင်အသုံးပြုတဲ့အခါ Register လုပ်စရာမလိုတော့ဘဲ ယခုမှတ်သားခဲ့တဲ့ နာမည်နဲ့ပဲ ပြန်ဝင်မှာဖြစ်ပါတယ်။

(2) Password နေရာကိုဖြည့်တဲ့အခါမှာ အက္ခရာ၊ ဂဏန်း၊ သင်္ကေတ သီးသန့်သော်လည်းကောင်း၊ တွဲ၍သော်လည်းကောင်း ပေးနိုင်ပါတယ်။ အနည်းဆုံး 3 လုံးနဲ့အများဆုံး 16 လုံးကြားပေးပါ။ ပေးပြီးသား Password ကိုမှတ်ထားရမည်။ နောက်တစ်ကြိမ်ဝင်၍ အသုံးပြုလျှင် Password ဖေါ်ပြနိုင်မှသာ ဝင်ခွင့်ပြုမည်။

(3) Repeat Password ဆိုတာကတော့ ကိုပေးထားပြီးသား Password ကိုပဲနောက်တစ်ကြိမ်ပြန်ပြီး မှန်အောင်ရိုက်ခိုင်းတာပါ။ တကယ်လို့များ မှန်အောင်မရိုက်နိုင်ခဲ့ဘူးဆိုရင်တော့ သင်နဲ့ကွန်ပျူတာအကြားမှာ Password နားလည်မှုလွဲသွားနိုင်လို့ ကွန်ပျူတာက လက်ခံမှာမဟုတ်ပါဘူး။

(4) E-mail နေရာကို ဖြည့်တဲ့အခါမှာ e-mail လိပ်စာရှိပြီးသားသူတွေကတော့ ကိုယ့် e-mail လိပ်စာကိုရိုက်ထည့်နိုင်ပါတယ်။ မရှိသေးတဲ့သူတွေကတော့ e-mail လိပ်စာအတုအရောင်ကို ဖန်တီးပြီးထည့်ပေးနိုင်ပါတယ်။

ဥပမာ - username@gmail.com, username@168city.com, username@mail.com (username နေရာမှာ ကိုယ်ကြိုက်ရာနာမည်ထည့်နိုင်သည်။)

အားလုံးဖြည့်ပြီးပြီဆိုရင် Register ကိုနှိပ်ပါ။ ....

Register ကိုနှိပ်ပြီး ခဏစောင့်နေပါ Register လုပ်တာအောင်မြင်သွားပြီဆိုရင် အောက်ပါပုံကိုမြင်တွေ့ရမည်။ မအောင်မြင်ဘူးဆိုပါက Form ပြန်ကျလာမည်။ Login ID နှင့် e-mail လိပ်စာပြောင်းပေး၍ Register ပြန်လုပ်ရမည်။ နာမည်တူနေ၍သော်လည်းကောင်း၊ e-mail လိပ်စာတူနေ၍သော်လည်းကောင်း အဆင်မပြေဖြစ်တတ်ပါတယ်။




ပေါ်နေတဲ့ window ကို ပိတ်ပစ်လိုက်လို့ရပါပြီ။ ...ဒါဆိုရင် VZO Chat ID နှင့် Password ကိုအသုံးပြုပြီး Chatting ပြောလို့ရပါပြီ။

**အသုံးပြုပုံ**

ကွန်ပျူတာမြင်ကွင်း(Screen) ပေါ်ရှိ VZO Chat  icon ကို mouse ဖြင့် 2-ချက်ဆက်တိုက်နှိပ်ပြီး ဖွင့်လိုက်ပါ။ ပုံ-1 ကိုတွေ့ရမည်။ Login ကိုဆက်၍နှိပ်ပါ။ ပုံ-2 ကိုတွေ့ရမည်။




ပုံ-1




ပုံ-2

VZO Chat ကိုမဝင်ရောက်မီအခြေအနေတွင်မီးသည်နီနေမည်။

ပေါ်လာသောပုံ-2 မှ Login ID နှင့် Password ကိုရိုက်ထည့်ပါ။ ကျွန်တော်ကတော့ Login ID ကို **thu2007** နှင့် Password ကို **tt**012** ဆိုပြီး Register လုပ်ထားလို့ အဲဒါပဲရိုက်ထည့်လိုက်ပါတယ်။ password နေရာကိုရိုက်လျှင် ကွန်ပျူတာက မည်သူမှ သင့် password ကို ခိုးကြည့်၍မရအောင် သင်္ကေတတွေအနေဖြင့်သာ ဖော်ပြပေးမည်။ Password ကိုစာနှင့် ဖော်ပြပေးလေ့မရှိပါ။ ပြီးလျှင် OK ကိုနှိပ်ပါ။ ပုံ-2 ကိုတွေ့ရမည်။

ပုံ-3 သည် Chatting အသုံးပြုရန် အသင့်အနေထားသို့ရောက်ရှိနေပြီဖြစ်သည်။ ပုံ-3 သည် Address Book ကိုပါတွဲ၍ဖော်ပြထားသည်။ အကယ်၍ ကိုယ့်သူငယ်ချင်းများရဲ့ VZO Chat လိပ်စာသာရှိခဲ့မယ်ဆိုရင် တစ်ခါတည်း Address Book မှာ ပေါင်းထည့်ထားလို့ရပါတယ်။ ပေါင်းထည့်ပုံလေးကတော့ Chatting Box ရဲ့အပေါ်မှာရှိတဲ့ [Add new] နေရာလေးကို mouse နဲ့နှိပ်လိုက်ပါ။ Box လေးတစ်ခုပေါ်လာပါ့မယ်။ ပေါ်လာတဲ့ Box ထဲကို ကိုယ်ပေါင်းထည့်ချင်တဲ့ သူငယ် ချင်းရဲ့ လိပ်စာကို အပြည့်အစုံရိုက်ထည့်ပါ။ ရိုက်ထည့်ပြီးရင် [Add] ကို နှိပ်ပါ။ ဒါဆိုရင်သူငယ်ချင်းတစ်ယောက် AddressBox ထဲကို ပေါင်းထည့်ပြီးသားဖြစ်သွားပါမယ်။ နောက်ထပ် သူငယ်ချင်းတွေရဲ့လိပ်စာတွေ ရှိသေးရင်လည်း ထပ်ပေါင်းလို့ရပါတယ်။ အဲလိုပေါင်းထည့်ထားရင် ပေါင်းထည့်ထားတဲ့ သူငယ်ချင်းတွေနဲ့ကိုယ်နဲ့ VZO Chat အသုံးပြုတာတူ နေတဲ့အချိန်မှာလှမ်း(Chat/ပြော)လို့ရပါတယ်။

ယွှလက်ရှိ အင်တာနက်ပေါ်မှာ VZO Chat အသုံးပြုနေတဲ့ သူငယ်ချင်းတွေကို ရှာချင်တယ်ဆိုရင်တော့ [icon] ကို (VZO Chat Box ပေါ်မှ) နှိပ်လိုက်ပါ။ ပြီးလျှင်ခဏစောင့်နေပါ။ ကွန်ပျူတာက နောက်ခံ Window တစ်ခုပေါ်လာပြီး အသုံးပြုသူတွေကို လာပြပေးပါလိမ့်မယ်။ ပုံ-4 ကိုကြည့်ပါ။ ပုံ-4 မှာ ပြသထားတာကတော့ မိမိနှစ်သက်ရာလူကို ဆက်သွယ်နိုင်တဲ့ အသင့်အနေအထားကိုပြသထားတာပါ။ တစ်ခါတစ်လေမှာ အခက်အခဲတွေရှိတတ်ပါတယ်။ အဲဒီအခက်အခဲတွေကတော့ ...



ပုံ-3

1 [icon] "သူငယ်ချင်းများကိုရှာရန်"ဆိုတဲ့ Box ကိုနှိပ်လိုက်တဲ့အခါ Window မပေါ်ခြင်း။ အဲလို window မပေါ်ဘူးဆိုရင် Internet Explorer ရဲ့ Address Bar မှာ www.vzochat.com ကိုရိုက်ထည့်ပြီး မိမိ VZO Chat ID နှင့် password ကိုအသုံးပြုပြီး ဝင်ရောက်နိုင်ပါတယ်။

2. မိမိဆက်သွယ်လိုတဲ့ လူ/နာမည်အောက်မှာ ပုံ-4 မှာ ပြသထားသလို Call ဆိုတဲ့ စာသား(Button) မပေါ်ခြင်း။ အဲလိုမပေါ်ခဲ့ဘူးဆိုရင်စာမျက်နှာရဲ့ပေါ်နားမှာရှိတဲ့ "Search for friends" ကိုနှိပ်ပြီးပေါ်လာတဲ့ စာမျက်နှာမှာ မိမိအသုံးပြုနေတဲ့ VZO Chat ID နှင့် Password ကိုရိုက်ထည့်ပြီးဝင်လိုက်ပါ Call ဆိုတဲ့ စာသား(Button) လေးများပေါ်လာမည်။

## မိတ်ဆက်စကားပြောပုံ




ပုံ-၄

ပုံတွင် နိုင်ငံအလိုက် သက်ဆိုင်ရာအလံများဖြင့် ဖော်ပြထားသည်။ ကိုယ်မသိသေးသော အလံကိုတွေ့လျှင် mouse ဖြင့်ထောက်၍ (မနှိပ်ပါ)ခဏစောင့်နေလျှင် မျှားလေးရဲ့အောက်မှာ နိုင်ငံအမည်ကို ဖော်ပြပေးသည်။ တကယ်လို့ ကိုယ် ပြောချင်တဲ့သူရဲ့သူနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို သိချင်ရင်တော့ Name နေရာကို တစ်ချက်နှိပ်လိုက်ပါ။ လှမ်းခေါ်မယ်ဆိုရင်တော့ Call ကိုနှိပ်လိုက်ပါ။ သူငယ်ချင်းတွေကိုဆက်ပြီး ရှာချင်းသေးတယ်ဆိုရင်တော့ Search for the friends ကို mouse နှင့် တစ်ချက်နှိပ်လိုက်ပါ။ ကိုယ့်ရဲ့login IDနဲ့Password ကို ကွန်ပျူတာက တောင်းခဲ့ရင်လည်း ရိုက်ထည့်ပေးလိုက်ပါ။

ကိုယ်က Call ကိုနှိပ်ပြီးခေါ်တဲ့အခါမှာ ကိုယ့်ဘက်မှာရော သူ့ဘက်မှာရော အသံမြည်ပါလိမ့်မယ်။ တစ်ဘက်က လက်ခံတယ်ဆိုရင်တော့ (microphone/ မိုက်)နေရာလေးဘေးမှာ အသံလှိုင်းလေးများ အတက်အကျမြင်နေရပါမည်။ စကားဆက်ပြောရုံပါဘဲ၊ လက်မခံဘူးဆိုရင်တော့ မြည်နေသောအသံ အလိုလိုရပ်သွားမည်။ ဖုန်းဆက်တာနှင့်ဆင်တူသည်။ ကိုယ်ကိုလက်ခံလို့ သူနှင့်ကိုယ်နှင့် စကားပြောနေတဲ့ အနေထားမျိုးမှာ Address book မှ Add New ကိုနှိပ်လိုက်လျှင် ပေါ်လာသော Box ထဲမှာသူ့ရဲ့ VZO Chat လိပ်စာအလိုအလျောက် ဖြည့်ပြီးသားဖြစ်နေမည်။ Add ကိုနှိပ်ပြီး ချက်ချင်းပေါင်းထည့်ထားရင်ရသည်။ Address Book မှာ ပေါင်းထည့်ထားခြင်းအားဖြင့် သူတို့ကို အလွယ်တကူတွေ့နိုင်ပါသည်။ အင်တာနက် VZO Chattingကိုအသုံးပြုနေမယ်ဆိုရင် Address Book ထဲက သူ့ရဲ့နာမည်ရှေ့မှာ စိမ်းနေမှာဖြစ်ပြီး၊ သူများနှင့်ပြောနေလျှင် ဝါနေမှာဖြစ်သည်။ တကယ်လို့သူနဲ့(Chat/ပြော) မယ်ဆိုရင်တော့ စိမ်းနေမှပြောလို့ရမည်။ (Chat/ပြော)ဖို့အတွက် စိမ်းနေသောအလုံးလေးရှိတဲ့ နာမည်တည့်တည့်မှာ ဆန့်ကျင်ဘက်ခလုတ် (Right Click) ကိုနှိပ်လိုက်ပါ။ ပေါ်လာတဲ့စာတန်းတွေထဲက Call ကိုနှိပ်ပါ။ စာရိုက်ပြီး (Chat/ပြော) မယ်ဆိုရင်တော့"Chat"ကိုရွေးပါ။ ပေါင်းထည့်ထားတဲ့သူတွေကို ပြန်ဖျက်ချင်တယ်ဆိုရင်တော့ Remove ကိုရွေးပါ။

VZO Chat ကိုအသုံးပြုပြီးပြီဖြစ်လို့ ပြန်ထွက်တော့မယ်ဆိုရင် VZO Chat Box ရဲ့အပေါ်ဆုံးဘယ်ဘက်ထောင့် မှာရှိတဲ့ Logout ဆိုတဲ့နေရာလေးကို နှိပ်ပါ။ ပိတ်မှာလားလို့မေးတဲ့ Message Box ပေါ်လာရင်Yes ကိုနှိပ်ပါ။ အဲဒီလို ပြန်ထွက်ပြီးမှပိတ်ပါ။ Chatting အသုံးပြုပြီး မထွက်ခဲ့ပဲ ပိတ်ခဲ့လျှင် နောက်လူကVZO Chat ကိုဖွင့်ဖွင့်ချင်းကိုယ့် ရဲ့နာမည်နဲ့ တိုက်ရိုက်ဝင်ပြီးသားဖြစ်နေမည်။ သူလုပ်ချင်ရာ လုပ်သွားလို့ရသည်။ အဲဒါကြောင့် သုံးပြီးပြီဆိုရင် Logout (Chatting မှ ပြန်ထွက်ခြင်း)လုပ်ခဲ့ပါ။

ကဲ....ကြိုးစားပြီးအသုံးပြုကြည့်ပါအုံး...သုံးရင်းနဲ့ကျွမ်းကျင်သွားမှာပါ။

* * * * * * * *

**လူသုံးအများဆုံး Chatting Software များ**

| | |
|---|---|
| 1. QQ Chat | (Typing, Voice & Video) |
| 2. VZO Chat | (Typing, Voice & Video) |
| 3. Yahoo Messenger | (Typing, Voice & Video) |
| 4. Skype | (Typing, Voice & Video) |
| 5. ooVoo | (Typing, Voice & Video) |
| 5. G-talk | (Typing, Voice) |
| 6. File topia | (Typing, Voice) |
| 7. mIRC | (Typing) |

Software Chatting အသုံးပြုရန်အတွက် မိမိအသုံးပြုသော ကွန်ပျူတာမှာ မိမိကြိုက်နှစ်သက်ရာ Chatting Software များကို အင်တာနက်မှ Download ကူးယူပြီးမိမိကွန်ပျူတာမှာ Install လုပ်ထားနိုင်သည်။

**Download ကူးယူနိုင်သော Site များ**

| | |
|---|---|
| VZO Chat - | www.vzochat.com |
| QQ Chat - | www.qq.co.za |
| mirc Chat - | www.mirc.com |
| Skype - | www.skype.com |
| G-talk - | www.google.com/talk |
| oo Voo - | www.oovoo.com |




mIRC

## mIRC Chatting အသုံးပြုခြင်း။

မိမိကွန်ပျူတာမြင်ကွင်းပေါ်မှာရှိတဲ့ ကို 2-ချက်ဆက်တိုက်နှိပ်လိုက်ပါ။ ပေါ်လာတဲ့ Box မှ **Continue**ကိုဆက်နှိပ်ပါ။







1. Connect မှာ လိုအပ်တာကို ဖြည့်ပေးပါ။
2. Server မှာ mmu.globalogc.org (သို့) kgb.ev6.net တစ်ခုခုကို ဖြည့်ပေးပါ။ Connect to server ကိုနှိပ်ပါ။







3. ထောင့်မှ ကိုနှိပ်ပြီးပိတ်ပစ်ပါ။
4. Register လုပ်ရန်အတွက် နာမည်ကြေညာပါ။ (**/nick** ............. ) မိမိကြိုက်နှစ်သက်ရာအမည် အစားသွင်းပါ။ Enter ခေါက်ပါ။ ယခုလောလောဆယ် baby18 ဆိုတဲ့နာမည်ကို အသုံးပြုပြပါမယ်။




5. Password ကြေညာပါ။ (**/msg nickserv register** password e-mail address)

Box ထဲမှာ ဒီစာကြောင်း ***nickserv* register 345bbb traung@gmail.com** ပေါ်လာလျှင် Register လုပ်လို့ပြီးဆုံးသွားပါပြီ။

Password e-mail address

မိမိ Nick name & Password ကို မှတ်သားထားရမည်။




6. Chatting ပြုလုပ်ရန်အတွက် Group (or) Channel တွေကိုရှာရမည်။ **/list** ကိုရိုက်ထည့်ပြီး Enter ခေါက်ပါ။ mIRC မှာပါဝင်တဲ့ Channel အားလုံးကိုဖော်ပြပေးမည်။




7. Bagan Channel မှာစကားပြောသူ 88 ယောက်၊ Temp Channel မှာလူ 35 ယောက် စသဖြင့်ဖော်ပြထားပါတယ်။ မိမိခင်ချင်တဲ့ Channel တစ်ခုကို 2 ချက် ဆက်တိုက်နှိပ်ပြီး ဝင်ကြည့်ပါ။




8. လက်ယာဘက်မှာတွေ့ရတဲ့ နာမည်တွေဟာ Chatting အသုံးပြုနေသူတွေပဲဖြစ်ပါတယ်။ မိမိကြိုက်နှစ်သက်ရာလူကို ရွေးချယ်နှိပ်လိုက်ပါက နောက်ထပ် Box တစ်ခုကို ထပ်တွေ့ရပြီး မိမိပြောလိုတဲ့ စာကိုရိုက်ထည့်ပါ။ Enter ခေါက်ပါ။ တစ်ဘက်လူထံ မိမိပေးပို့လိုက်သော စကားနှင့်အတူ Box တစ်ခု အလိုလိုပွင့်သွားမည်။ ထိုအခါ အပြန်အလှန်စကားပြောဆိုနိုင်မည် ဖြစ်သည်။

mIRC Chat ကို နောက်ထပ်တစ်ကြိမ်ဝင်မယ်ဆိုရင် Register လုပ်စရာမလိုတော့ဘဲ အရင်က Register လုပ်ခဲ့တဲ့ Nick name နှင့် Password ကို ကြေညာပေးရမည်။

1. **/nick** Name.........
2. **/msg nickserv identify** Password............
3. **/list**

## ချိတ်ဆက်၍အသုံးပြုနိုင်သော mIRC Server များ

| | |
|---|---|
| irc.myanmarchatonline.org | 443/6667 |
| myanmarmedical.net | 443/6667 |
| nadi.myanmarmedical.net | 443/6667 |
| dr.myanmarmedical.net | 443/6667 |
| goblin.myanmarmedical.net | 443/6667 |
| cyberfriends.myanmarmedical.net | 443/6667 |

## Encyclopedias စွယ်စုံကျမ်းများ။

အင်တာနက်အသုံးမပြုမီ အချိန်ကာလမှာ မိမိသိချင်တဲ့ အကြောင်းအရာတွေကိုသိဖို့ စွယ်စုံကျမ်းတွေကို အပြင်မှာရှာဖွေဖတ်ရှုရပါတယ်။ ယခုအင်တာနက်အသုံးပြုမှု ကျယ်ပြန့်လာသည်နှင့်အမျှ စွယ်စုံကျမ်းများကို အင်တာနက်မှ တစ်ဆင့်ရှာဖွေဖတ်ရှုနိုင်ပါတယ်။ အင်တာနက်ပေါ်က Wikipedia လို့ ခေါ်တဲ့စွယ်စုံကျမ်းကတော့ ပါဝင်တဲ့စာသားတွေကို မိမိကိုယ်တိုင်တည်းဖြတ်ခြင်းများ၊ ပြင်ဆင်ခြင်းများ၊ ဖြည့်စွက်ရေးသားခြင်းများကို ပြုလုပ်နိုင်ပါတယ်။ (www.wikipedia.org) မှာလေ့လာပါ။

Wikipedia ရဲ့ရည်ရွယ်ချက်ကတော့ ကမ္ဘာတစ်ဝှမ်းလုံးမှာရှိတဲ့ လူသားတိုင်းရဲ့ အယူအဆတွေ ကိုမှန်ကန်သည်ထက်မှန်ကန်အောင် အမြဲ Update လုပ်ပေးနေပါတယ်။ ပညာရှင်တွေရဲ့ Idea တွေစုစုံတဲ့နေရာဖြစ်လို့ ကိုယ်တိုင်သွားရောက်လေ့လာရင်း မိမိလည်း မိမိရဲ့ အယူအဆတွေကို အကောင်အထည်ဖော်နိုင်ပါတယ်။




မိမိလေ့လာ လိုသောဘာသာရပ်ဖြင့် သက်ဆိုင်ရာကိုနှိပ်၍လေ့လာနိုင်သည်။




မိမိသိလိုသည့်အကြောင်းရာကို ရိုက်ထည့်၍ Go ကိုနှိပ်ခြင်းဖြင့်ရှာဖွေနိုင်ပါတယ်။

စွမ်စုံကျမ်းများကို လေ့လာရန်

www.encyclopedias.com
www.britannica.com
www.bartleby.com

## Emotional Signs (စိတ်ခံစားမှုသင်္ကေတများ)

E-mail ပို့ရာတွင်လည်းကောင်း၊ Chatting လုပ်ရာတွင်လည်းကောင်း Emotion သင်္ကေတများနှင့် အတိုကောက်စာလုံးများကို ထည့်သွင်းအသုံးပြုနိုင်သည်။

<table>
<tr><td>:-)</td><td>-happy(ပျော်ရွှင်သော)</td><td>plz asl</td><td>-Please tell me your age/sex/location</td></tr>
<tr><td>:-(</td><td>-sad(ဝမ်းနည်းသော)</td><td>gimme</td><td>-give me</td></tr>
<tr><td>:-x</td><td>-tongue-tied(နှုတ်ပိတ်နေတယ်)</td><td>10Q</td><td>-thank you</td></tr>
<tr><td>:-#</td><td>-my lip are sealed(ပါးစပ်ကော်ကပ်ထားတယ်)</td><td>brb</td><td>-be right back (အခုပြန်လာခဲ့မယ်)</td></tr>
<tr><td>:-e</td><td>-dissapointed(အားငယ်တယ်)</td><td>asap</td><td>-as soon as posible(ဖြစ်နိုင်ရင်ခုချက်ချင်း)</td></tr>
<tr><td>:-(*)</td><td>-sick comment(ဖျားနေလား)</td><td>cul8R</td><td>-see you later</td></tr>
<tr><td>:-@</td><td>-screaming(အလွန်)</td><td>l8R</td><td>-later</td></tr>
<tr><td>(:-)</td><td>-blad(ထိပ်ပြောင်ကြီးပဲ)</td><td>esp</td><td>-especially(အထူးသဖြင့်)</td></tr>
<tr><td><3</td><td>-I love you (ချစ်တယ်)</td><td>ppls</td><td>-people</td></tr>
<tr><td>(:-...</td><td>-heart broken(အသဲကွဲနေတယ်)</td><td>wtrdo'n</td><td>-what are you doing?</td></tr>
<tr><td>:-v</td><td>-talking(ပြောလေ)</td><td>wuteva</td><td>-what ever(ဘာပဲဖြစ်ဖြစ်)</td></tr>
<tr><td>@}..\.,..</td><td>-rose(နှင်းဆီလက်ဆောင်)</td><td>xcus</td><td>-excuse</td></tr>
<tr><td>:-O</td><td>-shouting(အော်နေတယ်)</td><td>xlnt</td><td>-excellent</td></tr>
<tr><td>>:-(</td><td>-very angry(အရမ်းစိတ်ဆိုးတယ်)</td><td>yw</td><td>-you are welcome</td></tr>
<tr><td>>:-<</td><td>-mad(မင်းဟာ အရူးပဲ)</td><td>yt</td><td>-you there</td></tr>
<tr><td>:-{}</td><td>-lip strick(နှုတ်ခမ်းနီ)</td><td>yrs</td><td>-years</td></tr>
<tr><td>}:-(=</td><td>-dracula(သွေးစုပ်ဖုတ်ကောင်)</td><td>ya</td><td>-yes</td></tr>
<tr><td>:-></td><td>-Hey..(အော်ခေါ်နေတယ်)</td><td>hw</td><td>-home work</td></tr>
<tr><td>(')}{(')</td><td>-kiss lover(ချစ်သူတွေရဲ့အနမ်း)</td><td>h/o</td><td>-hold/on (ဆက်လုပ်)</td></tr>
<tr><td>:*</td><td>-kiss(အနမ်း)</td><td>h8</td><td>-hate(မုန်းတယ်)</td></tr>
<tr><td>:o*</td><td>-kiss(အနမ်း)</td><td>gn</td><td>-good night</td></tr>
<tr><td>:x</td><td>-secret's safe(လျှို့ဝှက်စွာနဲ့)</td><td>ez</td><td>-easy</td></tr>
<tr><td>o:-</td><td>-angel(နတ်သမီး)</td><td>gi</td><td>-good job</td></tr>
<tr><td>:-ozzZZ</td><td>-bored or tired(ပျင်းနေပြီလား)</td><td>8</td><td>-eat</td></tr>
<tr><td>e=:-)</td><td>-chef(လူကြီးမင်း)</td><td>BB</td><td>-bye bye</td></tr>
<tr><td>:-%</td><td>-get loss(ရှုံးနိမ့်ပြီ)</td><td>obtw</td><td>-oh..by the way(ဒါနဲ့...စကားမစပ်)</td></tr>
<tr><td>:-]</td><td>-goofy(ကြောင်တောင်တောင်နဲ့)</td><td>lol</td><td>-laugh out loud(ရယ်လိုက်ရတာ)</td></tr>
<tr><td>:-s</td><td>-not making sense(အာရုံမရှိ)</td><td>BRB</td><td>-be right back(ပြန်လာခဲ့ပါ)</td></tr>
<tr><td>(-.-)</td><td>-asleep(အိပ်ငိုက်နေတယ်)</td><td>coz</td><td>-cause(အကြောင်းက)</td></tr>
<tr><td>:'-(</td><td>-crying(ငိုနေတယ်)</td><td>gg</td><td>-good game(ပွဲကြီးပွဲကောင်း)</td></tr>
<tr><td><:3~</td><td>-mouse(ကြွက်)</td><td>uno?</td><td>-you know?</td></tr>
<tr><td>:@)</td><td>-pig(ဝက်)</td><td>ur</td><td>-you are</td></tr>
<tr><td>#:-o</td><td>-oh!no(အိုး...ဟင့်အင်း)</td><td>w8</td><td>-wait</td></tr>
<tr><td>;-)</td><td>-wink(သိတယ်မဟုတ်လား)</td><td>w/e</td><td>-whatever</td></tr>
<tr><td>:-{</td><td>-sad face(မျက်နှာမသာမယာပုံစံ)</td><td>wanna</td><td>-want to</td></tr>
<tr><td>:-p</td><td>-naughty(လူဆိုး...)</td><td>ltnc</td><td>-long time no see</td></tr>
<tr><td>(::[]:::)</td><td>-plaster(ပလာစတာ)</td><td>wru?</td><td>-who are you?</td></tr>
<tr><td>|-)</td><td>-hee..he(ဟီး..ဟီး)</td><td>Ruok?</td><td>-are you ok?</td></tr>
<tr><td>|-|</td><td>-sleeping(အိပ်ပျော်နေတယ်)</td><td>Lv</td><td>-love</td></tr>
<tr><td>:-||</td><td>-angry(ဒေါသဖြစ်တယ်)</td><td>CYA</td><td>-see ya(တွေ့မယ်လေ)</td></tr>
<tr><td>:-|</td><td>-hmm(ဟင်း..)</td><td>OIC</td><td>-Oh! I see</td></tr>
<tr><td>:-D</td><td>-laughing(ဟက်ဟက်ပက်ပက်ရယ်နေတယ်)</td><td>NP</td><td>-no problem</td></tr>
</table>

updatebook@gmail.com




## Alt+Key

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 0161 | ပ | 0171 | [ | 0181 | ! | 0196 | ထ | 0209 | ၫ | 0228 | ဆ | 0246 | ဓ | 0180 | ဒ |
| 0162 | ယ | 0172 | ထ | 0185 | ၎ | 0197 | ဘ | 0211 | ဤ | 0229 | တ | 0248 | ၆ | 0251 | ဋ |
| 0163 | ဿ | 0220 | ပ | 0187 | ] | 0198 | ဓ | 0214 | ဏ | 0230 | ဖ | 0250 | ဘ | 0233 | ၏ |
| 0164 | ၎ | 0174 | မ | 0189 | ရ | 0247 | ÷ | 0216 | ဆ | 0237 | ၍ | 0252 | ဋ္ဌ | 0234 | ဌ |
| 0167 | ု | 0176 | ဆ | 0190 | ဂ | 0199 | ဘ | 0218 | ဥ | 0240 | ၆ | 0254 | ဣ | | |
| 0168 | ခ | 0178 | ၎ | 0191 | ? | 0205 | ၉ | 0220 | ပ | 0241 | ည | 0289 | ၃ | | |
| 0169 | ဒ | 0179 | ၎ | 0193 | ဗ | 0208 | ၉ | 0226 | ✗ | 0243 | သ | 0146 | လ | | |




# Using internet &E-mail UPDATE

Thu Ra Aung (B.C.Sc)

[illegible]
[illegible]

Graphic Design : Aung Hlaing Bwa © 2008.